တံခွန်တိုင်

www.burmeseclassic.com

# ပိုးထားထား

( ဆေးတက္ကသိုလ် )

# ချစ်ခြင်း၏ ဧရိယာအတွင်း ရောက်ရှိနေပါသဖြင့် ခေါ်ဆို၍ ရနိုင်ပါသည်

ပြင်းပြင်းရှရှခံစားမှု အချစ်လုံးချင်းဝတ္ထုသစ်

BURMESE CLASSIC .com



www.burmeseclassic.com

LUZAWTHIT DIGITAL MEDIA 09 50 60 260

www.burmeseclassic.com

အမှတ်တရမှတ်တမ်း
ကမ္ဘာပေါ်မှာ
သားသမီးအပေါ်
နားလည်နိုင်စွမ်း အရှိဆုံးသော
အဖေနဲ့အမေ …။
ဘဝရဲ့အစိပ္ပာယ်တွေကို
ပိုပြီးလေးနက်လှပ
ပြည့်စုံလာစေခဲ့တဲ့
ဘဝအဖော်မွန် မောင်နဲ့ သမီးလေးကို
အမှတ်တရ မှတ်တမ်းတင်လျက် …။

လွှန်းထားထား(ဆေးတက္ကသိုလ်)

## တန်ဖိုး …

သူ …
ကိုယ် တွေးကြည့်မိဖူးတယ် …
အရုပ်ကလေးနစ်ရုပ်ဟာ …
လှတာချင်းအတူတူ
မြတ်နိုးတန်ဖိုးထားတတ်တဲ့လူရဲ့
လက်ထဲကိုရောက်ဖို့နဲ့
ပစ္စလက်ခတ် ဥပေက္ခာပြုတတ်တဲ့
တန်ဖိုးမထားသူရဲ့လက်ထဲကို
ရောက်ဖို့ဆိုတာ …
ကံတရားပေါ်
အများကြီး မူတည်ပါသေးတယ်နော် …။

လွှန်းထားထား (ဆေးတက္ကသိုလ်)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

# ချစ်ခြင်း၏ဧရိယာအတွင်း
# ရောက်ရှိနေပါသဖြင့်
# ခေါ်ဆို၍ရနိုင်ပါသည်။

လွှမ်းထားထား
(ဆေးတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



"ကံကြမ္မာ" ဆိုတာကို ကစားပွဲတစ်ခုလို့ ယူဆလိုက်မယ် ဆိုပါစို့ ... လူငယ်လေး နှစ်ယောက်ရဲ့ ကံကြမ္မာကို ကျွန်မတို့ ကစားကြည့်ရအောင်။ ကျွန်မတို့ရဲ့ လက်ထဲမှာ ...

"အခြေအနေကို ဖန်တီးခွင့်" ဆိုတဲ့ အခွင့်အရေးတစ်ခုတော့ ရှိရမှာပေါ့။

သဝဏ်မေပျို

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အမငှး

၁

www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၁

အခန်းကလေးတစ်ခုလုံး မှန်ပြုတင်းချပ်တွေနှင့်သာ ဖွဲ့စည်းထား သောကြောင့် မှန်ပြုတင်းချပ်တွေကနေ တဆင့် ကန်တော်ကြီး ရေပြင်စိမ်းစိမ်း . . . သစ်တောအုပ် စိမ်းစိမ်းတွေနှင့် နေရောင် အောက်မှာ ရွှေရောင်ဝင်းလက်နေသော ကရဝိက်ကြီးကိုပါ မြင်နေ ရသော ဤရုံးခန်းကလေးကို သဝဏ် အလွန်သဘောကျပါသည်။ ဒီရုံးခန်းကလေးထဲမှာ အလုပ်တွေဘယ်လောက်ပဲ ရှုပ်ရှုပ် စိန်ခေါ်မှု တွေ ကစားပွဲတွေကို အလွန်သဘောကျ မက်မောတတ်သော သဝဏ်က ဟောဒီ ပြင်ပရှုခင်းတွေကို စိန်ပြေနပြေ ငေးမောရင်း စိတ်ကို ခဏလောက် ဗလာကျင်းပေးလိုက်လျှင် စိတ်တွေ ကြည်လင်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လတ်ဆတ်လာတတ်မြဲ။ သဝဏ်အတွက်တော့ ဘဝမှာ ကိုယ်လုပ်ချင်သော အလုပ်တွေကို လုပ်နေရတာ ကိုယ်လိုချင်တောင့်တခဲ့သော ဘဝတစ်ခုကို ပိုင်ဆိုင်ခွင့်ရထားခဲ့တာ . . . နံဘေးမှာ စိတ်တူစရိုက်တူ ဝါသနာတူသော ချစ်သူတစ်ယောက်ကို စိတ်တိုင်းကျ ရထားခဲ့တာ . . . အဲဒါတွေနှင့်တင် သဝဏ်ဘဝက ပြီးပြည့်စုံခမ်းနားခဲ့ပြီ။ ဒီနေရာ ဒီဘဝ ဒီအခြေအနေကို ရောက်ဖို့အတွက်တော့ သဝဏ် နှစ်ပေါင်းများစွာ ကြိုးစားရုန်းကန်ခဲ့ရသည်ပေါ့။ ဒါပေမယ့်လည်း သဝဏ် ကြိုးစားရကျိုးနပ်ခဲ့ပါ၏။ သဝဏ်က လိုချင်တာကို အတိအကျ သေချာသိထားခဲ့သောကြောင့် ကြိုးစားခဲ့ရခြင်းသည် အဓိပ္ပာယ် အနှစ်သာရ အပြည့်ရှိသည်ဟု ထင်ပါသည်။

အခုတော့ သဝဏ်အသက် သုံးဆယ်ရှိခဲ့ပြီ။ မြန်မာပြည်၏ လူသိများထင်ရှားသော နာမည်ကြီးဒီဇိုင်နာတစ်ယောက်အဖြစ်သာမက အထည်ချုပ်စက်ရုံကြီးတစ်ခုကို ကိုယ်ပိုင် ပိုင်ဆိုင်အုပ်ချုပ်နေရသော စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးကလေးတစ်ယောက်လည်း ဖြစ်ခဲ့ပြီ။ ဒီဇိုင်းတွေကို သဝဏ်ကိုယ်တိုင် တီထွင်ဖန်တီးကာ သဝဏ်စက်ရုံကနေ ထွက်လာသော နိုင်ငံတကာအဆင့်မီ ဒီဇိုင်းလှပသေသပ်သော အဝတ်အထည်များကို မြန်မာပြည်မှာ





ဖွင့်ထားသော Fabulous Fashion Store တွေမှာ ဖြန့်ချိသည့်အပြင် အိမ်နီးချင်းနိုင်ငံတွေဖြစ်သော ထိုင်းနိုင်ငံနှင့် မလေးရှား စင်္ကာပူရှိ ဖက်ရှင်ဆိုင်ကြီးများဆီသို့လည်း တင်ပို့ခွင့်ရထားခဲ့သည်။ အဲဒါအပြင် Online ကနေပါ ဝယ်ယူခွင့်ရအောင် Fabulous Online Fashion Shop ကိုပါ ဖန်တီးထားခဲ့သေးသည်။ သဝဏ်လုပ်ငန်းများ စည်းချက်ညီညီ လည်ပတ်လှုပ်ရှားနေခဲ့သလို သဝဏ်မှာလည်း တစ်နေ့တာ Schedule တွေနှင့်အပြည့် ဖြစ်နေခဲ့သည်။ နှစ်ယောက်သား တကူးတကမှ မချိန်းကြဘူးဆိုလျှင် ချစ်သူချင်းတောင် ဆုံဖို့မလွယ်။ သူကလည်း သူ့လုပ်ငန်းတွေနှင့် သူ အလုပ် အလွန်များသူတစ်ယောက်။ ဒီနေ့တော့ ဘာစိတ်ကူးပေါက်သည်မသိဘဲ သဝဏ်ရုံးခန်းဆီသို့ ဖုန်းကလေးတောင် ကြိုမဆက်ဘဲ ဖြန်းကနဲ ပေါက်ချလာခဲ့သည်။ သဝဏ်ရုံးခန်းကလေးဆီသို့ တံခါးမရှိ ဓားမရှိစွာ ဝင်ထွက်ခွင့်ရှိသူဆိုလို့ "နွေဥသြ" ဟု သူ့မေမေက လှပစွာအမည်ပေးထားခဲ့သော သဝဏ်က 'သြ' ဟု ချစ်မြတ်နိုးစွာ ခေါ်မိသော gentleman ကလေးတစ်ယောက်သာဖြစ်ပါသည်။

သြ၏မျက်နှာက နည်းနည်းတော့ ထူးဆန်းသည် ဟု သဝဏ်ခံစားမိသည်။ သူ့မျက်နှာပေါ်မှာ ကြည်လင်တောက်ပသော အလင်းဓာတ်ကလေး ဖြာလျက်ရှိပါ၏။

www.burmeseclassic.com



"အလုပ်တွေရှုပ်နေလား သဝဏ်"

"ထုံးစံအတိုင်းပေါ့ ဩ၊ dress အော်ဒါတွေ ထပ်ရောက်လာလို့ ဒီဇိုင်းတွေ ထုတ်နေရတယ်၊ ဒူးဖုံးရုံအတိ classic style ကလေးတွေ သူတို့ လိုချင်တယ်လေ၊ ကိုယ်နဲ့ ဖစ်တင်အတိ . . . ကတ်တင် သပ်သပ်ရပ်ရပ်ကလေးပေါ့၊ Sample တွေ အရင်ချုပ်ပေးရမယ်၊ size တွေလည်းမျိုးစုံ . . . ကာလာရော . . . ဒီဇိုင်းရော . . . မျိုးစုံ ဩရယ်၊ အဲဒါတွေကို ထိုင်ပြီး အုံးစားနေတာ"

ထုံးစံအတိုင်း သဝဏ်က သူ့ကို လုပ်ငန်းကိစ္စအဝဝဆို အသေးစိတ်ပြောပြနေကျ . . . သူနှင့် တိုင်ပင် ညှိနှိုင်းနေကျ. . . အကြံဉာဏ်တောင်းခံနေကျအတိုင်း ရှည်ရှည်ဝေးဝေး ပြောပြနေတာကို ဩက သဝဏ့်မျက်နှာကို စေ့စေ့ပြုး၍ကြည့်ကာ ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေပါ၏။ ခါတိုင်းဆိုရင်တော့ Idea တွေ မျိုးစုံ ဝိုင်းစဉ်းစားပေးတတ်သော ဩက ဒီတစ်ခါတော့ သဝဏ်ပြောပြတာကို . . . စိတ်ဝင်တစားကြီး မဟုတ်လှဘဲ . . .

"အလုပ်ကိစ္စ အုံးစားနေတာကလေးတွေကို ခဏလေးဘေးဖယ်ပေးကွာ၊ ပြီးရင် ဒီခုံကလေးမှာ ခဏလေးထိုင်ပါဦး၊ ကိုယ်ပြောတာကို သေသေချာချာနားထောင်ပေး နော်"





ဟု သူက ဆိုပြီး အရင်ဆုံး အခန်းတံခါးကို သေချာအောင် လော့ခ်သွားချလိုက်သေးသည်။ ပြီးမှ ပြန်လျှောက်လာကာ သူ့ရဲ့ ဘောင်းဘီအိတ်ထဲကနေ တစ်ခုခုကို ထုတ်ယူလိုက်ရင်း သဝဏ့်ရှေ့ရောက်မှ မတော်တဆလား တမင်သက်သက်ပဲလား မသိစွာ ထိုအရာကလေးက သဝဏ့်ရှေ့တည့်တည့်မှာ ပြုတ်ကျသွားခဲ့ပါ၏။ ဘာလေးပါလိမ့်ဟု သဝဏ်က စိတ်ဝင်တစား လိုက်ကြည့်မိသည်။ သူက သဝဏ့်ရှေ့မှာ ဒူတ်တုတ်ကလေးထိုင်ချလိုက်ပြီး ဒူးတစ်ဖက်ထောက်လိုက်ကာ သူ့ရှေ့က အရာကလေးကို ကောက်ယူလိုက်သည်။ ထိုအနေအထား ပုံစံကို မပြောင်းဆင်ဘဲ သူက သဝဏ့်မျက်နှာဆီ ချိုမြစွာမော့ကြည့်ကာ . . .

"Will you marry me?"

ဟု ဗိုလ်ဆန်ဆန်ကလေး လှမ်းပြောပါသည်။ အဲဒီတော့မှ သူ့လက်ထဲက အရာကလေးသည် မြကို စိန်ပွင့်ကလေးတွေ ကွပ်ထားသော လက်စွပ်ကလေးတစ်ကွင်းမှန်း သဝဏ် သိခွင့်ရလိုက်သည်။ သဝဏ့်ရင်ခွင်တစ်ခုလုံး ရှိန်းမြလိုက်ဖို့သွားသော ခံစားမှုတစ်ခုနှင့်အတူ နှလုံးသားက ရုတ်တရက် ယိမ်းထိုးခုန်ပေါက်လို့ လာခဲ့ပါသည်။ ချစ်သူသက်တမ်း သုံးနှစ်ကျော်ကျော် တိုင်ခဲ့ပြီ၊ လက်ထပ်ကြဖို့ဆိုတာကို သဝဏ့်ခေါင်းထဲ ဘာကြောင့်များ အဆင်





www.burmeseclassic.com

www.burmeseclassic.com



သင့် ပြင်ဆင်မထားခဲ့မိပါလိမ့်။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ သူ့ဘက်က ကမ်းလှမ်းလာမည်ဆိုတာကိုတော့ မျှော်လင့်ထားခဲ့သား။ အခုလောက် မြန်မြန်ဆန်ဆန် . . . ပြီးတော့ Romantic ဆန်ဆန် သူဖန်တီးလာလိမ့်မည်ဟု ကြိုကို တွေးမထားခဲ့တာပါ။ သဝဏ် မျက်နှာကလေးတစ်ခုလုံး ပူနွေးရှိန်းမြလာခဲ့သလို နှုတ်ခမ်းကလေးလည်း ထိန်းချုပ်မထားနိုင်စွာ ပြုံးနေခဲ့မိသည်။ သူ့လက်ထဲက လက်စွပ်ကလေးက မက်မောစွဲမက်ဖွယ်ကောင်းလောက်အောင်ကို လှပလွန်းပါ၏။

"ထ,ပါဦး ဩရာ၊ အဲဒီလိုကြီးဆိုတော့ . . . သဝဏ် ဘာပြန်ပြောရမှန်းတောင် မသိတော့ဘူး၊ သဝဏ့်ဘက်က အဆင်သင့် မဖြစ်သေးဘူး ဩရဲ့၊ ဩဘက်က တကယ် serious ဖြစ်နေပြီဆိုရင်တော့ ဒီကိစ္စကို ဆွေးနွေးကြမယ်လေ၊ ချက်ချင်းကြီး Yes လို့ဖြေဖို့ နှုတ်က မထွက်နိုင်ဘူး ဩရဲ့"

သဝဏ်က သူ့ကို လက်ကလေးတစ်ဘက် ကမ်းထူကာ ထ,စေလိုက်သည်။

"ဟာကွာ၊ ကိုယ်က သဝဏ့်ကို Surprise လုပ်တာပါဆိုမှ၊ ဘာတွေဆွေးနွေးဦးမှာလဲ၊ marriage is accident လေကွာ၊ ကြိုတင်ပြင်ဆင်မထားဘဲ accidentally ဖြစ်စေချင်တာ၊







ကိုယ့်မှာ သဝဏ့်ကို ဒီလိုပုံစံမျိုး propose လုပ်ဖို့ ကြိုတင်ကြံစည်လာခဲ့တာ၊ ဘယ်လိုဖီလင်ကြီး ဖြစ်သွားမှန်းတောင် မသိတော့ဘူးကွာ"

"သဝဏ့်ရှေ့မှာ ဒီအတိုင်း ဒူးမထောက်ချင်လို့ လက်စွပ်ကလေး ပြုတ်ကျအောင် တမင်ဖန်တီးခဲ့တာပေါ့လေ"

"ဒါပေါ့၊ ဘယ်ယောက်ျားကမှ သူတို့ချစ်တဲ့ မိန်းမကို ဘယ်လောက်ပဲချစ်ချစ် ဒူးမထောက်ပါဘူးကွာ၊ ဒါက အနောက်နိုင်ငံက ဓလေ့တစ်ခုပါ၊ ကိုယ်က မသိမသာကလေး copy မွှားလိုက်တာ၊ သဝဏ့်ကို အံ့ဩစေချင်တာလည်း ပါပါတယ်"

သူ့မျက်နှာက ရှက်ကိုးရှက်ကန်းဟန် ပေါက်နေသောကြောင့် သဝဏ် မရယ်ရဲပါ။

"သဝဏ် တကယ် ဟာ့ထိထိပါတယ် ဩရဲ့၊ တကယ်ပါ၊ မညာပါဘူး၊ ကိုယ်ချစ်တဲ့ ယောက်ျားတစ်ယောက်က မတော်တဆပဲဖြစ်ဖြစ် ကိုယ့်ရှေ့မှာ ဒူးထောက်ပြီး propose လုပ်တဲ့ moment ကလေးကို သဝဏ် ဘယ်တော့မှ မေ့တော့မှာ မဟုတ်ပါဘူး၊ တကယ်ပြောတာပါ၊ သဝဏ့်ဘက်က အဆင်သင့်မဖြစ်သေးတာတစ်ခုပဲ ရှိပါတယ်"





www.burmeseclassic.com

www.burmeseclassic.com



"ဘာကို အဆင်သင့်မဖြစ်သေးတာလဲ သဝဏ်၊ ပြောပြပါဦး"

"ပြောပြမယ်၊ အေးအေးဆေးဆေး ပြောပြချင်တယ်၊ သဝဏ်မှာ ဩကို ပြောမပြဖြစ်သေးတဲ့ စိတ်ကူးလေးတစ်ခုရှိတယ်၊ အဲဒီ စိတ်ကူးကလေးကို သဝဏ် လက်မထပ်ခင်မှာ ဖန်တီးဖို့လည်း စိတ်ကူးယဉ်ခဲ့ဖူးတယ်၊ ဩ သိတယ်မှလား၊ သဝဏ် ဘယ်လောက် ကစားပွဲတွေကို နှစ်သက်သလဲ၊ စိန်ခေါ်မှုတွေကို ကြိုက်သလဲဆိုတာလေ"

"သိတာပေါ့၊ ကိုယ်တို့ game တွေ အတူတူကစားနေကျဆိုတာ မမေ့နဲ့လေ"

သူ့မျက်နှာမှာ ပဟေဠိနှင့် အလေးအနက်ရှိမှုကို သဝဏ် အတိုင်းသား မြင်နေရပါ၏။

"သဝဏ့် စိတ်ကူးကလေးကို အရင်ပြောပြမယ်နော်၊ သဝဏ့်ရဲ့ စိတ်ကူးယဉ်ဆန်မှု . . . ရူးသွပ်မှုတစ်ခုလို့လည်း ပြောလို့ရပါတယ်"

"ကိုယ် စိတ်ဝင်စားတယ် . . . ပြော. သဝဏ်"

"သဝဏ့်ရဲ့ဘဝမှာ လူငယ်လေးတစ်ယောက်ရဲ့ ဘဝကို သူတောင် မသိလိုက်ရဘဲ နောက်ကွယ်ကနေ သူ အဖြစ်ချင်ဆုံး







ဘဝရည်မှန်းချက်တစ်ခုဆီရောက်သွားအောင် နောက်ကွယ်ကနေ . . . ဖန်တီးပံ့ပိုးပေး လိုက်ချင်တာ၊ အဲဒါ လူငယ်ချင်းထားမိတဲ့ ကိုယ်ချင်းစာနာစိတ် . . . မျှဝေခံစားလိုစိတ်တစ်မျိုးပဲဆိုပါတော့၊ သူဟာ ယောကျ်ားလေးပဲ ဖြစ်ဖြစ် မိန်းကလေးပဲဖြစ်ဖြစ် ဘဝရဲ့ အရေးကြီးတဲ့ ရွေးချယ်မှုလမ်းကြောင်းပေါ်မှာ စပြီးလျှောက်လှမ်းကာစ လူငယ်လေးဖြစ်ရမယ်၊ ဘဝရည်မှန်းချက် မြင့်မားပြင်းထန်တဲ့သူ ဖြစ်ရမယ်၊ ထက်မြက်ရမယ် . . . တော်ရမယ် . . . ဇွဲရှိရမယ်သူ ဖြစ်ချင်တဲ့ဘဝကို ရဲရဲရင့်ရင့် ပြတ်ပြတ်သားသား ကြိုးစားရုန်းကန်ခံနေတဲ့သူ ဖြစ်ရမယ်၊ သူ့မှာ ဘာ နောက်ခံမှ မရှိဘူး၊ ဆင်းရဲပေမယ့် ရည်ရွယ်ချက် ကြီးမားရမယ်၊ ဖြစ်အောင်လုပ်နိုင်တဲ့သူမျိုးလည်း ဖြစ်မယ်၊ အဲဒီလို လူငယ်လေးတစ်ယောက်ရဲ့ ကံကြမ္မာကို သဝဏ် ပြောင်းလဲသွားအောင် ဖန်တီးပေးလိုက်ချင်တာ၊ သဝဏ့်ကို သူ သိလိုက်စရာတောင် မလိုဘူး၊ သူ့ အတွက် အခွင့်အလမ်း . . . လှေကားတစ်ခု ထောင်ပေးလိုက်ချင်တာ၊ သဝဏ်ဆိုလိုချင်တဲ့ အဓိပ္ပာယ်ကို ဩ ပေါက်ရဲ့လား"

"လုံးဝ ပေါက်တယ် သဝဏ်၊ သဝဏ့်ဆီက အဲဒီစကားမျိုးကို

www.burmeseclassic.com



ကြားလိုက်ရလို့ . . . ကိုယ် တကယ် ရှော့ခ်တောင် ရသွားတယ်၊ ဘာဖြစ်လို့လဲ သိလား၊ ကိုယ့်မှာလည်း သဝဏ်နဲ့ တော်တော်တူတဲ့ အတွေးစိတ်ကူးမျိုး ရှိနေလို့ပါ . . . ကိုယ့်စိတ်ကူးကို သဝဏ်က ထုတ်ပြောလိုက်သလိုပဲ . . . ကိုယ်တော်တော်အံ့သြသွားတယ်၊ ဒါပေမယ့်လည်း အံ့သြစရာတော့ မရှိပါဘူး၊ ကိုယ်တို့နှစ်ယောက်ကြားမှာ အံ့သြစရာကောင်းတဲ့ စိတ်ချင်း တိုက်ဆိုင်နီးစပ်မှုတွေ ရှိနေခဲ့တာပဲ၊ အဲဒီတော့ ဆိုလိုတာက သဝဏ်က အမည်မသိ လို့ဝှက်စွာနဲ့ လူငယ်တစ်ယောက်ကို ရွေးချယ်ပြီး သူဖြစ်ချင်တဲ့ ရည်မှန်းချက်ပန်းတိုင်တစ်ခုဆီရောက်အောင် ဖြည့်ဆည်းပေးချင်တယ်၊ အဲဒါပြီးမှ ကိုယ့်ကို လက်ထပ်ဖို့ကိစ္စ စဉ်းစားမယ်၊ အဲဒီလိုလား . . . ကောင်းပြီလေ၊ ကိုယ့်ဘက်က စိတ်ရှည်လက်ရှည်နဲ့ စောင့်ရမှာပေါ့၊ ဒီလိုလုပ်မယ်လေ၊ ကိုယ်ကလည်း သဝဏ့်လိုပဲ လူငယ်တစ်ယောက်ကို စိတ်ကြိုက်ရွေးမယ်၊ ကိုယ့်ရဲ့ စံတွေနဲ့တော့ ကိုက်ညီရမှာပေါ့၊ သူ့ကိုလည်း ကိုယ်ဖြစ်အောင် မြှင့်တင်ပေးမယ်ဆိုရင်ကော၊ ဒီကစားပွဲကလေးက လှမသွားဘူးလား"

သြ ပြောနေဟန်က အပေါ်ယံသဘောမျိုး မဟုတ်ဘဲ တကယ်ကို စိတ်ပါလက်ပါပြောနေခြင်းမို့ သဝဏ် နှစ်နှစ်ခြိုက်ခြိုက်ပဲ ပြုံးမိပါသည်။ အဲဒါမျိုးဆို အမြဲတမ်း တဖျတ်ဖျတ်ပြေးနေကာ ကွန့်မြူးတတ်လွန်းသော ဈေးဉာဏ်တော်က ဆင့်ပွားစိတ်ကူးတွေ အစီအရီ တရစပ် စီးဆင်းဖြာဝေလျက်ရှိသည်၊

"အဲဒါထက် ပိုလှသွားမယ့်စိတ်ကူး အခုပဲ ကျွန်မ တွေးမိတယ် သြ၊ ပြောပြရမလား".

သဝဏ်က အလုပ်တစ်ခုအတွက် သိပ်ကို စိတ်တက်ကြွ ပြင်းပြထက်သန်လာတတ်ပြီဆိုလျှင် ကိုယ့်ကိုယ်ကို ကျွန်မ ဟု အလေးအနက်ထားပြီး သုံးနေကျဖြစ်သည်။

"ပြောပါဦး"

သူက ကိုယ်ကို ရှေ့သို့ကိုင်းပြီး သဝဏ့်မျက်လုံး တွေထဲ စူးစူးစိုက်စိုက်ကြည့်ကာ စိတ်ဝင်တစားမေးပါ၏။

"ကံကြမ္မာ" ဆိုတာကို ကစားပွဲတစ်ခုလို ယူဆလိုက် မယ်ဆိုပါစို့။ လူငယ်လေးနှစ်ယောက်ရဲ့ ကံကြမ္မာကို ကျွန်မတို့ ကစားကြည့်ရအောင်၊ ကျွန်မတို့ရဲ့ လက်ထဲမှာ "အခြေအနေကို ဖန်တီးခွင့်" ဆိုတဲ့ အခွင့်အရေး တစ်ခုတော့ ရှိရမှာပေါ့"

"သူတို့နှစ်ယောက်ကို ဆုံစည်းခိုင်းဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"အတိအကျပဲ . . .၊ လုံးဝ အဆက်အစပ်မရှိတဲ့ လူငယ်လေးနှစ်ယောက်ကို ကျွန်မတို့ရဲ့ လှည့်ကွက်တွေ၊ ဖန်တီးမှုတွေနဲ့ ဆုံခိုင်းကြည့်မယ်၊ သူတို့နှစ်ယောက်ဟာ . . . တကယ် တော်တဲ့သူတွေ . . . ရည်ရွယ်ချက်လည်း မြင့်မားတဲ့သူ နှစ်ယောက် . . . အခွင့်အလမ်းဆိုတဲ့ လှေကားထစ်တွေကို အပြိုင်အဆိုင်တက်နေတဲ့သူနှစ်ယောက်၊ သူတို့နှစ်ယောက် မတော်တဆဆုံမိတဲ့အခါ တစ်ယောက်ရှိနေမှုကို တစ်ယောက်က သတိထားမိသွားတဲ့အခါ သူတို့နှလုံးသားချင်းရော စကားပြောမိကြမလား၊ အဲဒီမှာ စိတ်ဝင်စားစရာ ကောင်းတဲ့ စိန်ခေါ်မှုကလေးတစ်ခု ထည့်လို့ရသေးတယ် ဩ၊ ကျွန်မတို့ ကစားနေသူနှစ်ယောက်ရဲ့ အနိုင်အရှုံး အဆုံးအဖြတ်ပါထည့်မှ . . . ဒီကစားပွဲက ပိုပြီး စိတ်ဝင်စားဖို့ ကောင်းမှာပေါ့နော်၊ ဟုတ်တယ်မှုလား"

"ကိုယ် သဘောပေါက်တယ် သဝဏ်၊ ပြောပါဦး အနိုင်အရှုံး သတ်မှတ်ချက်ကို . . ."

သူ တကယ်ကို စိတ်ဝင်စားနေပြီ။

"အဲဒီနှစ်ယောက် ချစ်သူတွေဖြစ်သွားခဲ့ရင် ဩကို ကျွန်မ အမြန်ဆုံး လက်ထပ်မယ်လေ၊ အကယ်၍ မဖြစ်ခဲ့ဘူးဆိုရင်တော့ . . . လက်ထပ်ဖို့ အခွင့်အရေးကို သုံးနှစ် ဆိုင်းငံ့လိုက်တာပေါ့"

"အားပါး၊ ရက်စက်လှချည်လားကွာ၊ သုံးနှစ်ကြီးများတောင်၊ ဘာမှန်းမသိတဲ့ . . . တစ်ယောက်နဲ့တစ်ယောက် လုံးဝ အဆက်အစပ်မရှိတဲ့ လူနှစ်ယောက်ရဲ့ ရင်ထဲကို အချစ်တွေ ကိုယ်စီ ထည့်ပေးဖို့ဆိုတာ လွယ်တဲ့အလုပ်တစ်ခုမှ မဟုတ်တာ"

"အင်းလေ . . .၊ အဲဒါကိုက စိန်ခေါ်မှုတစ်ခုပေါ့၊ သိပ်လွယ်နေရင် ဘယ်စိတ်လှုပ်ရှားဖို့ကောင်းတော့မလဲ ဩရဲ့၊ ခက်မှ . . . ရင်ခုန်ဖို့ကောင်းတာ"

"ကိုယ် လူရွေးတဲ့အခါ အဲဒီအချက်ကို သတိထားရမှာပေါ့၊ တော်ရုံတန်ရုံ မချစ်တတ်တဲ့ ဘုဂလန့်ဂွစာမျိုးတော့ ရွေးလို့ မဖြစ်ဘူး"

"ကဲ . . . ဒါဆိုရင် . . . ဒီကစားပွဲကို ဩ သဘောတူပြီနော်"

"စိန်လိုက် . . .၊ သဝဏ်က မိန်းကလေးပဲရွေး၊ ကိုယ်က ယောကျ်ားလေးကို ရွေးမယ်"

"ကောင်းပြီ ဩ၊ နေ့လည်စာ အတူ သွားစားကြမလား"







www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို ခုပဲ ကိုယ်ပြောမလို့ ကိုယ် ဗိုက်အရမ်းဆာနေပြီ"

သဝဏ်က သူ့ကို ချစ်မြတ်နိုးစွာ ပြုံးကြည့်နေလိုက်သည်။

×××



# အခန်း ၂



www.burmeseclassic.com

www.burmeseclassic.com



""ဘဝ"" ဆိုတာကို တိုက်ပွဲတစ်ခုလို ယူဆလိုက်မယ်ဆိုပါစို့။ လှုပ်ရှား ရုန်းကန်ကြိုးစားနေရခြင်းဟာ သူမအတွက် အဓိပ္ပာယ် အရှိဆုံးတိုက်ပွဲတစ်ခုပါပဲ ... သူမအတွက် အောင်မြင်ခြင်း ဆိုတာက တိုက်ပွဲရဲ့ဆုလာဘ်ဖြစ်ပြီး သူမ တိုက်နေရသော ရန်သူတွေကတော့ ဆင်းရဲခြင်း စိတ်ဓာတ်ကျခြင်း ... တစ်ခါတစ်ရံ အခွင့်အလမ်း တွေ ပျောက်ဆုံးခြင်း ... အခက်အခဲတွေ ... အနှောင့်အယှက်တွေ အတိုက်အခိုက်တွေ မျှော်လင့်ချက်မဲ့သွားရလောက်အောင်ဆိုးရွားသောထိုးနှက်ချက်တွေ...နေရာမရခြင်းတွေ ... မအောင်မြင်ခြင်းတွေပေါ့ ...။ အဲဒီရန်သူတွေနှင့်နေ့စဉ်တိုက်ပွဲဝင်နေရသော ... သူမရဲ့ လက်ထဲမှာ ကိုင်စွဲထားသော လက်နက်ကတော့ စိတ်ဓာတ်ပြင်းထန် မာကျောခြင်းနဲ့ ... ဘယ်တော့မှ အရှုံးမပေး ... နောက်မဆုတ်ခြင်းပါပဲ။

"နွေးအားမာန်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၂

အထည်ချုပ်စက်ရုံထဲကနေ ပြန်ထွက်လာပြီဆိုလျှင် သူမတစ်ကိုယ်လုံး ကိုင်ရိုက်ထားတဲ့အတိုင်း ညောင်းညာကိုက်ခဲနေပြီ။ ဘတ်စ်ကားမှတ်တိုင်မှာ ကြပ်ပိတ်တိုးနေသော လူအုပ်ကြီးထဲကနေ အလုအယက် တိုးဝင်ကာ အိမ်သို့ ပြန်ရမည်။ အဲဒါ သူမအတွက် နေ့တိုင်း တိုက်ပွဲတစ်ခု။ အိမ်သို့ တန်းမပြန်ဘဲ Net Cafe ဆိုင်မှာ တစ်ခါဝင်ပြီး တစ်နာရီစာလောက်တော့ အင်တာနက်သုံးချင်သေးသည်။ တစ်နာရီအတွင်းမှာ ဖက်ရှင်ဒီဇိုင်းနှင့် ပတ်သက်သမျှ websites တွေမှာ ဝင်ကြည့်၊ လိုအပ်တာတွေ ကူးယူပြီးမှ သူမ အိမ်သို့ပြန်လေ့ရှိပါသည်။ သူမ ဖြစ်ချင်တာက ဖက်ရှင်ဒီဇိုင်နာတစ်ယောက်လေ။ ငယ်စဉ်ကတည်းက သူမ ကစားလေ့ရှိတာ . . .





www.burmeseclassic.com

www.burmeseclassic.com



စက္ကူလေးတွေမှာ ဒီဇိုင်းလှလှ အင်္ကျီလေးတွေ၊ ဂါဝန်လေးတွေဆွဲခြင်း တစ်မျိုးတည်းကိုသာ . . . မရိုးနိုင်အောင် ကစားခဲ့ခြင်းဖြစ်သည်။ ကျောင်းမှာလည်း သူငယ်ချင်းတွေအတွက် . . . ဖက်ရှင်ဒီဇိုင်းတွေကို သူမက အခမဲ့ထုတ်ပေးနေကျ။ ကျောင်းပြီးတော့ အလုပ်ဝင်တော့မယ်ဆိုတော့ . . . သူမ ဆက်တက်ချင်တာ ဖက်ရှင်ဒီဇိုင်နာ သင်တန်းကျောင်းတွေ . . .။ ဖေဖေနှင့်မေမေက ဘယ်လိုမှ ဆက်မထားနိုင်ခဲ့။ သူမအောက်မှာ . . . ကျောင်းဆက်ထားဖို့ မောင်လေးနှင့်ညီမလေး ရှိသေးသည်။ အဲဒီတော့ သူမကပဲ ဖက်ရှင်ဒီဇိုင်နာတစ်ယောက်နှင့် အနီးစပ်ဆုံးဖြစ်သည့် . . . အထည်ချုပ်စက်ရုံမှာ အလုပ်လုပ်ဖို့ ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။ တခြားအလုပ်တွေဖြစ်သည့် စတိုးဆိုင်မှာ အရောင်းမန်နေဂျာတို့ . . . ရုံးအလုပ်တို့ရှိပေမယ့် . . . သူမ မလုပ်ချင်။ ဒီပန်းတိုင်ကို ရောက်ချင်လျှင် ဒီလမ်းကနေပဲ လျှောက်ရမည်ဆိုတာ သူမ ရွေးချယ်ခဲ့ပြီးသား။ ခရီးဘယ်လောက်ပဲဝေးဝေး . . အဆက်မပြတ်လျှောက်နေရမှာက သူမ၏ တာဝန်ဖြစ်သည်။ မေမေတို့ကတော့ ဘွဲ့ရပြီးဖြစ်ပါလျက် . . . အထည်ချုပ်စက်ရုံမှာ အလုပ်ဝင်နေတာကို. . . စိတ်တိုင်းမကျလှ။ ဘာမှ တိုးတက်ရာလမ်းမရှိ ဘူး . . . ဟု ယူဆကြသည်။ သူမကတော့ အဲဒီလိုမထင်ပါ။ ပုံမှန်







ချုပ်နေရသော ဒီဇိုင်းထုတ်ပြီးသား စနစ်တကျ cutting ဖြတ်ပြီး သားဂါဝန်တွေ၊ အင်္ကျီတွေ၊ စကတ်တွေကနေ . . . သူမအတွက် လေ့လာသင်ယူစရာတွေအများကြီး။ သူမက သူများတွေလိုချုပ်ခိုင်းသည့်အတိုင်း ပြီးလျှင် ပြီးရော ချုပ်နေတာမျိုးမဟုတ်။ ဒီဇိုင်းကိုလေ့လာသည်။ cutting ဘယ်လိုသွားသလဲဆိုတာတွေကို လေ့လာသင်ယူနေခြင်းဖြစ်သည်။

ပြီးတော့ သူမအတွက် အမြတ်က . . . စက်ရုံမှာ ဖြတ်စညှပ်စအတိုအထွာတွေ အများကြီး ပိုလျှံနေခြင်းကို အသုံးပြုနိုင်ခြင်းဖြစ်သည်။ ညှပ်စတွေကို ပြန်ချုပ်ဆက်ပြီး အထည်တစ်ခုဖြစ်အောင် . . . သူမ စိတ်ကြိုက် ပုံဖော်ဒီဇိုင်းထွင်ပြီး အနည်းဆုံးတော့ အင်္ကျီကလေးတွေ ပြန်ချုပ်ပေးနိုင်သည်။ သူမဆီမှာ စိတ်တိုင်းကျ ရေးဆွဲထားသော ဒီဇိုင်းတွေကို ဖိုင်နှင့် စနစ်တကျ တွဲထားရသည်။ တစ်ချိန်မှာ ဒီစက်ရုံမှာပဲ ဒီဇိုင်နာတစ်ယောက်၏နေရာ. . . ပေါ်မလာဘူးဟု ဘယ်သူပြောနိုင်မလဲ။ သူမက ပိုက်ဆံပေးစရာမလိုသော မျှော်လင့်ခြင်းနှင့် . . . အကုန်အကျမများ သောပုံမှန်ကြိုးစား အားထုတ်ခြင်းကို တစ်နေ့မပြတ်စေရအောင် အသုံးပြုပါသည်။

ထုံးစံအတိုင်း ဘတ်စ်ကားဂိတ်မှာ လူတွေ ကြိတ်

www.burmeseclassic.com

ကြိတ်တိုး စည်ကားနေသည်ဖြစ်ရာ ဘတ်စ်ကားကလည်း တော်တော်နှင့် မလာနိုင်သေးသဖြင့် သူမက မတ်တပ်ရပ်လျက်သားကနေပဲ စာရွက်ကလေးတစ်ရွက်မှာ အကျီဒီဇိုင်းတစ်ခုကို စိတ်ကူးညာဏ်ကွန့်မြူးလျက် ဆွဲနေခဲ့ရင်း ဘတ်စ်ကားစောင့်နေခဲ့ခြင်းဖြစ်သည်။ တစ်ခုခုကို ဒီအတိုင်း ရပ်စောင့်နေမည့်အစား ကိုယ်စိတ်ဝင်စားတာတစ်ခုခုကိုလုပ်ရင်း စောင့်နေတော့ စောင့်ရမှန်းမသိတော့သလို အလုပ်လည်းပြီးပါသည်။ ဒီလို ညနေခင်းတွေမှာ ဘတ်စ်ကားစောင့်နေရင်း သူမရေးဆွဲဖြစ်ခဲ့သော အကျီဒီဇိုင်းတွေမှာ ဖိုင်နှင့်တစ်ထပ်ကြီးရယ်။ ဘတ်စ်ကားမလာခင် လှလှပပပြီးသွားခဲ့သော အကျီဒီဇိုင်းလှလှကလေးတွေကြောင့် သူမ၏ အိမ်အပြန်ခရီးတွေ လှပခဲ့တာလည်း များပါပြီ။

×××







အခွင့်အရေးတစ်ခုဟာ
မျက်လှည့်ပြသလို ရောက်
တတ်လာတဲ့အမျိုးလည်းမဟုတ်ဘူး။
တစ်ခါတစ်ရံမှာ ရုပ်ဖျက်ထားတတ်တဲ့
အဲဒီအခွင့်အရေးဟာ
ဆုံးရှုံးခြင်း ရှုံးနိမ့်ခြင်းဆိုတဲ့
ပုံစံမျိုး နဲ့လည်း
ကိုယ့်ဆီကို
ရုပ်ဖျက်ပြီး ရောက်လာတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့၏ အထည်ချုပ်ဦးစီးမှူး မမပန်းဝေက သူမ ကို အခန်းထဲသို့ တကူးတက ခေါ်တွေ့ခဲ့သဖြင့် သူမမှာ ရင်တထိတ်ထိတ်နှင့် ရောက်သွားရသည်။ စိတ်ထဲမှာတော့ ကိုယ်ဘာများအပြစ်လုပ်မိသလဲ . . . အထည်ဖြတ်စတွေကို ယူချုပ်နေလို့များ ခေါ်ပြောတာလား စသဖြင့် ရင်တမမ။ အခန်းထဲရောက်တော့ မမပန်းဝေက ချိုချိုသာသာပါပဲ။

"နွေးအားမာန်က . . . အကျီဒီဇိုင်းတွေထုတ်တာ စိတ်ဝင်စားတယ်ဆို၊ ဒီဇိုင်နာလုပ်မှာလား၊ စက်ချုပ်စားမှာလား"

တဲ့ . . .။ သူမက ခါးကလေးကို မတ်မတ်ထားလိုက်ကာ . . .

"ကျွန်မက ဒီဇိုင်နာပဲ ဖြစ်ချင်တာပါ မမ၊ အခြေအနေအရ စက်ချုပ်နေရပေမယ့် ဒီဇိုင်နာအိပ်မက်ကိုတော့ တရွေးသားမှ မလျှော့ပါဘူး။ တစ်နေ့နေ့တော့ ဖြစ်အောင်လုပ်မှာပါ။





www.burmeseclassic.com

www.burmeseclassic.com


အခု ပိုက်ဆံစုနေပါတယ်မမ၊ ဒီဇိုင်နာသင်တန်းတက်ဖို့ပါ"

"ကောင်းပါတယ် ညီမရယ်၊ ကြိုးစားပါ၊ လူဆိုတာ အခြေအနေတစ်ခုမှာ ရပ်တန့်မနေဘဲ အပြောင်းအလဲတွေအတွက်ပိုပြီး မြင့်မားရာအတွက် အခွင့်အလမ်းတွေကို အဆက်မပြတ်ရှာဖွေနေရမှာပေါ့"

"ဟုတ်ပါတယ် . . . မမ၊ ကျွန်မလည်း နေ့တိုင်း ဒီဇိုင်းတစ်ခုနှစ်ခုတော့ ထုတ်ဖြစ်အောင် ကြိုးစားပါတယ်၊ ဒီအလုပ်ကို အမြဲလုပ်နေမှ . . . ဓားကို မှန်မှန်သွေးနေသလို ကျွန်မရဲ့ ပင်ကိုယ်အရည်အသွေးတွေ ထက်မြက်လာမှာလေ၊ ဆင်းရဲတဲ့သူတွေက သူများတွေထက် နှစ်ဆပိုကြိုးစားရပါတယ် မမ၊ ဒါပေမယ့် ဘဝရည်မှန်းချက်ကိုတော့ အမြင့်ဆုံးလည်း မျှော်လင့်ခွင့်ရှိပါတယ်"

"မှန်တယ် . . . မှန်တယ် ညီမ၊ ဆက်ကြိုးစားပါ၊ မမ ညီမကိုခေါ်တွေ့တာက ညီမရဲ့ ဒီဇိုင်းဆွဲထားတာတွေအားလုံး မမဆီယူလာပေးလို့ ရမလားလို့ပါ၊ ဒီစက်ရုံအတွက် assistant designer တစ်ယောက် ခန့်ဖို့ရှိတယ်လို့ မမ ကြား ထားလို့ ညီမရဲ့လက်ရာတွေကိုကြည့်ပြီး အဆင့်မီရင် မမ လှမ်းတင်ပေးမလို့ပါ"



"အို . . . ၊ တကယ်လား မမပန်း၊ ကျေးဇူးတင်လိုက်တာ မမရယ်၊ ဝမ်းသာလိုက်တာ၊ သာမန် စက်ချုပ်သမကလေးဘဝကနေ အဲဒီ assistant designer အဖြစ်ကိုသာ ဖြစ်ခွင့်ရမယ်ဆိုရင်တော့ ကျွန်မရဲ့အိပ်မက် တကယ်ဖြစ်လာပြီပဲ၊ မနက်ဖြန်ကျရင် ကျွန်မဆွဲထားတဲ့ ဒီဇိုင်းတွေ ဖိုင်တွေနဲ့ စနစ်တကျတွဲထားတာ ငါးဖိုင်လောက်ရှိတယ်မမ၊ ကျွန်မယူလာခဲ့မယ်လေ၊ အလုပ်လျှောက်မယ်ဆိုရင် CV တို့ ဘာတို့ရေးတင်ဖို့ လိုသေးလား၊ အင်တာဗျူးတော့ ခေါ်မှာ ပေါ့နော်"

သူမတစ်ကိုယ်လုံး ကြွတက်လာသလိုပင် . . . ရင်ကလေးမတ်လာကာ မျက်လုံးကလေးတွေ အရောင်တဖျတ်ဖျတ်တောက်ပစွာဖြင့် တက်တက်ကြွကြွပြောမိသည်။

"အဲဒါတွေ မလိုသေးဘူး ညီမ၊ ညီမဒီဇိုင်းတွေကို မမ ကြည့်ပြီးမှပဲ လျှောက်လွှာတင်သင့် မတင်သင့် မမ ဆုံးဖြတ်မှာ"

သူမရင်ထဲ မချင့်မရဲကနလေးတော့ ဖြစ်သွားပါ၏။ သူမ၏ အရည်အသွေး . . . ကြိုးစားအားထုတ်မှု . . . စိတ်အားထက်သန်ပြင်းပြမှုတွေဟာ ဘာဖြစ်လို့ အဆင့်မမီရမှာလဲ။ ဒါပေမယ့်လည်း အထည်ချုပ်သမကလေးတွေ အများကြီးထဲကနေ သူမ




www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းကိုမှခေါ်ပြီး ဒီအခွင့်အရေးကိုပေးတာဆိုတော့လည်း ကျေးဇူးတင်စရာဖြစ်ပါသည်။ သူမကပဲ ဖြစ်ချင်စိတ်တွေ သိပ်များလွန်းနေတာပဲလားမသိ။ ထို့ကြောင့်လည်း စကားဆက်မရှည်တော့ဘဲ . . .

"ဟုတ်ကဲ့ မမ၊ မနက်ဖြန် ကျွန်မရဲ့ ဒီဇိုင်းတွေအားလုံး ယူလာပြပါ့မယ်"

ဟုသာ အဆုံးသတ်ပြီး ကျေးဇူးတင်စွာဖြင့် နှုတ်ဆက်ပြီး ပြန်ထွက်လာခဲ့ရသည်။ လူက လမ်းလျှောက်ရတာ မြေပြင်နှင့်ပင် မထိတော့ဘဲ လေထဲတွင် လွင့်မျောနေသည့် အတိုင်း။ မျက်နှာကလေးက အထူးရွှင်လန်းတက်ကြွစွာ။ သူငယ်ချင်းတွေက တောင် ရိပ်မိပါသည်။

"မိန်းမ . . . မျက်နှာကိုက မှိုပွင့်ကြီးကြီး ရထားတဲ့ မျက်နှာနဲ့၊ ဘာတွေ ဒီလောက်တက်ကြွနေတာလဲ"

တဲ့။ ဘာမှ မသေချာမရေရာသေးသည်မို့ သူမ ဘာမှ မပြောဖြစ်သေးပါ။ ရင်ကလေးက တလှပ်လှပ်နှင့် ကြွကြွရွရွ ကခုန်နေသလိုမျိုး။ စိတ်ကူးတွေထဲမှာ လူက လွင့်မျောနေမိသည်။ Assistant Designer တဲ့။ ဒီနာမည်ကလေးက ခံစားရတာ အရသာရှိလိုက်တာ။ ဒီဇိုင်နာဆိုတဲ့ဘဝကို စိတ်ကူးယဉ်ခဲ့မိတာ ဘယ်လောက်







တောင်ကြာခဲ့ပြီလဲ။ အပျော်ရွှင်ရဆုံး ရင်အခုန်ရဆုံး မျှော်လင့်ချက်ကတော့ သူမ စိတ်ကူးဉာဏ်ကွန့်မြူးပြီး ရေးဆွဲလိုက်သော ဒီဇိုင်းတွေသည် ပုံကျသေသပ်လှပသော အင်္ကျီဂါဝန်ကလေးတွေအဖြစ် ဈေးကွက်ထဲ ရောက်ရှိလာမည့်အခါ မိန်းကလေးတွေ ထိုဖက်ရှင်ဒီဇိုင်းကို ဝတ်ဆင်သည့်အခါ ရရှိမည့် သူမ၏ပီတိတွေပါ။ ထိုနေ့ကလေးသည် နေ့ပေါင်းများစွာထက် သူမအဖို့ အဓိပ္ပာယ်ရှိစွာ ခမ်းနားလှပလာခဲ့သည်။ ဒါတောင် အလုပ်က ဘယ်ဆီနေမှန်းမသိသေး။ မျှော်လင့်ချက်ကလေး ခပ်ရေးရေးလင်းပွင့်ရုံ။

×××





www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာ ဖိုင်တွဲတွေ ငါးခုလုံး မမပန်းဝေလက်ထဲသို့ သူမ ထည့်ပေးခဲ့ပါသည်။

"အိုကေ ညီမလေး၊ ထူးခြားရင် အကြောင်းပြန်မယ်နော်"

ဟုသာ မမပန်းက ပြောခဲ့ပေမယ့် ထိုနေ့ကစပြီး နေ့တိုင်းနေ့တိုင်း ထူးခြားမည့်သတင်းကို မျှော်လင့်ရတာ အမော။ အလုပ်တွေ ကြိုးစားလုပ်နေရင်း ဘယ်အချိန်များ မမပန်း ခေါ်တွေ့မလဲဆိုတာကို နားစွင့်နေခဲ့မိသည်မှာ တစ်ရက်ပြီး တစ်ရက်ပါ။ ဘာမှထူးမခြားသည့်အပြင် တစ်ရက်မှာတော့ သတင်းဆိုးတစ်ခု ထွက်လာခဲ့ပါသည်။ အထည်ချုပ်စက်ရုံ အလုပ်သမားတွေထဲက လူလျှော့သည့်စာရင်း ထွက်လာခဲ့ခြင်း ဖြစ်သည်။ အဲဒီအထဲမှာ သူမအမည်လည်း ပါလာခဲ့သည်။ ချက်ချင်းတော့ သူမ နားမလည်နိုင်။ သူမဘက်က ဒီလောက်ကြိုးစားနေပါလျက် ဘာကြောင့်များ အလုပ်သမားလျှော့သည့်စာရင်းထဲမှာ သူမ ပါခဲ့ရပါသလဲ။ အလုပ်မရှိတော့ဘူးဆိုသည့် စိတ်ထိခိုက်မှုထက် သူမ၏တန်ဖိုးကို အသိ







အမှတ်မပြုခြင်းဆိုသည့် မခံချင်စိတ်က ပိုပါသည်။ လူတစ်ယောက်ဟာ ဆင်းရဲနိမ့်ပါးတာနှင့်ပဲ သူတစ်ပါးဆုံးဖြတ်ချက်အောက်မှာ အသာငုံ့ခံ လည်စင်းလိုက်ရတော့မှာလား။ လူတိုင်းမှာ သူနဲ့ထိုက်တန်တဲ့ တန်ဖိုးနှင့် ဂုဏ်သိက္ခာ ရှိသည်ဆိုတာကို အလုပ်ရှင်တွေ ထည့်မတွေးတော့ဘူးလား။ မာနနှင့်မခံချင်စိတ်ကြောင့် သူမ သတ္တိဖြင့် ရဲရင့်လာခဲ့သည်။

ထို့ကြောင့် ချက်ချင်းပဲ ဦးစီးမှူး မမပန်းဝေ အခန်းကို တံခါးသွားခေါက်ပြီး ဝင်ခွင့်တောင်းခဲ့သည်။ မမပန်းရဲ့မျက်နှာကတော့ ချိုချိုရွှင်ရွှင်ပါပဲ။

"လာ . . . ညီမ၊ မမလည်း စိတ်မကောင်းပါဘူးကွယ်၊ မမတတ်နိုင်သမျှတော့ လူလျှော့တဲ့အထဲမှာ ညီမ မပါ အောင် ကာကွယ်ခဲ့ပါသေးတယ်၊ ခုတလော အထည်ချုပ် လုပ်ငန်းတွေကလည်း မျှော်မှန်းသလောက် အဆင်မပြေဘူးလေ၊ အမြတ်ထက် အရှုံးပိုနေတာမို့ အလုပ်သမားတွေ လျှော့ရတာပါလို့ ပြောတာပဲ၊ မမတောင် ကံကောင်းလို့ မပါတာပါ၊ ညီမက တော်တဲ့သူတစ်ယောက်ပါကွယ်၊ ညီမအတွက် အလုပ်မရှားပါဘူး၊ ကြိုးစားပါနော် . . ."

ဟု စိတ်မကောင်းဖြစ်နေဟန်ဖြင့် မမပန်းက ပြော

www.burmeseclassic.com



သည်။

"ကျွန်မရဲ့ဒီဖိုင်းတွေက ဘယ်လိုအခြေအနေရှိလဲဟင် မမ"

"မမ သူတို့ကို ပြကြည့်ပါသေးတယ်၊ သူတို့ စိတ်မဝင်စားပါဘူး ညီမ"

သူမရင်ထဲ အောင့်မျက်မျက်ဖြစ်သွားကာ နှုတ်ခမ်းကလေးတစ်ချက် ကိုက်မိသည်။

"အဲဒါဆိုရင် ကျွန်မရဲ့ဖိုင်တွေ ပြန်ပေးပါ မမရယ်၊ အဲဒါတွေက ကျွန်မရဲ့ မျှော်လင့်ချက် အသက်တွေမို့ပါ"

"အဲဒါပြောမလို့ ညီမရယ်၊ မမ ညီမကို အားနာလွန်းလို့ ပြောမထွက်လွန်းလို့ မပြောရသေးတာ၊ ညီမကို ပြန်ပေးဖို့အတွက် ညီမရဲ့ ဖိုင်တွေ ပြန်ယူလာတဲ့နေ့က မမ တက္ကစီနဲ့ လာခဲ့တာလေ၊ အဲဒါ ဘယ်လိုလုပ်ပြီး . . . သတိလက်လွတ်ဖြစ်သွားခဲ့မှန်း မသိဘူး၊ အဲဒီတက္ကစီပေါ် ပါသွားခဲ့တာကို ညနေလောက်မှ သိတယ်၊ တက္ကစီသမားကလည်း ပြန်လာမပေးဘူး ညီမရယ်"

ရုတ်တရက် နှလုံးသားကို ဆွဲထုတ်ခံလိုက်ရသလို သူမရင်ထဲ မိုက်ခနဲပြာဝေသွားကာ ဖြုန်းခနဲ ဒူးညွှတ်ခွေကျသွားခဲ့တာကိုပဲ နောက်ဆုံးမှတ်မိပါတော့သည်။





သူမ သတိရလာတော့ စက်ရုံ၏ဆေးခန်းကလေးထဲမှာ။ မငိုဘဲ မျက်ရည်တွေ ပြည့်လျှံစီးကျနေခဲ့သည်။ အံတင်းတင်းကြိတ်ထားမိကာ လက်သီးနှစ်ဘက်သာ တင်းတင်းဆုပ်ထားခဲ့မိသည်။ စကားပြောဖို့ဆိုတာ အင်အားကိုမရှိတော့။ သူမ အဲဒီလောက်တောင်ပဲ ကံဆိုးရသလားဟု စိတ်ထိခိုက်နာကျင်မိသည်။ မမပန်းကိုလည်း အပြစ်မတင်မိ။ သူလည်း တမင်သက်သက်ဖြစ်စေချင်ခဲ့သည်မှမဟုတ်တာ။ မတော်တဆဆိုတာ လူတိုင်းဖြစ်ခွင့်ရှိတာပဲ။ သို့ပေမယ့် ဘဝတလျှောက်လုံး တစ်နေ့မပြတ်ရေးဆွဲထားခဲ့ သောဒီဖိုင်းတွေကို မျက်လုံးထဲ ပြန်မြင်ယောင်ကြည့်မိသည်နှင့် ရှူးမတတ်ခံစားရပါသည်။ ဒါနဲ့ပဲ အဆုံးသတ်လိုက်ရမှာလား။ လက်မြှောက်ပေးလိုက်ရမှာလား။ နိုးပါ။ သူမက ကျချင်ချင် စိတ်ဓာတ်ကိုမရမက ပြန်ဆွဲတင်သည်။ စာရွက်ပေါ်က ဒီဖိုင်းတွေသာပျောက်ဆုံးချင်ပျောက်ဆုံးမယ် သူမ၏ဦးနှောက် အတွေးအခေါ် စိတ်ကူးဉာဏ် ကွန့်မြူးမှုတွေကိုတော့ ဘယ်တော့မှ ပျောက်ဆုံးမခံနိုင်ပါ။ မှတ်မိသလောက် သူမ ပြန်ရေးဆွဲဖို့သာ စိတ်ကူးရသည်။

အလုပ်လည်းမရှိတော့ပြီမို့ အိမ်သို့ ပြန်လာခဲ့သည်။ မေမေ့ကို အလုပ်မရှိတော့ကြောင်း ပြောပြတော့ မေမေက ဝမ်းမနည်းပါ။





www.burmeseclassic.com

www.burmeseclassic.com


"သမီးရယ်၊ သမီးက ဘွဲ့ရပြီးသားပါ၊ သမီး အရည်အချင်းနဲ့ ဒီစက်ချုပ်သမအလုပ်ထက် ပိုသာတဲ့အလုပ်တွေ ရှာနိုင်ပါတယ်၊ ဝမ်းနည်းမနေနဲ့၊ သမီးကောင်းဖို့ ဖြစ်တာ၊ ဒီဗိုင်နာအိပ်မက်ဆိုတာကြီးကို လွှတ်ပစ်လိုက်ပါတော့ သမီးရယ်၊ လက်တွေ့ကျကျ အလုပ်တစ်ခုသာ ရှာပါ"

ဟု ဆိုပါသည်။ သူမက ခေါင်းမာဖွဲ့ကောင်းသော မျက်လုံးကလေးတွေနှင့် မေမေ့ကိုသာ ကြည့်နေခဲ့သည်။ သူမ၏ ပြင်းပြထက်သန်သော ဆန္ဒကို မေမေဘယ်တော့မှ နားလည်မည် မထင်ပါ။

"သမီးကို တစ်ပတ်လောက်တော့ အချိန်ပေးပါ မေမေ၊ တစ်ပတ်လောက်နေရင် သမီး အလုပ်သစ်ထပ်ရှာပါ့မယ်၊ ဒီတစ်ပတ်တော့ သမီးအခန်းအောင်းနေပါရစေ"

ဟု မေမေ့ကို ခွင့်တောင်းကာ သူမ အခန်းလေးထဲ ဝင်လာခဲ့သည်။ A4 စာရွက်တွေ တစ်ထပ်ကြီးဆွဲယူကာ ဖိုင်ငါးဖိုင်ထဲမှ မှတ်မိစွဲမြဲ အလွတ်ရနေသော ဒီဇိုင်းများကို တစ်ရွက်ချင်း ခပ်သွက်သွက် ပြန်ရေးဆွဲနေခဲ့မိသည်။ သူမမှာ ထူးခြားတာက photographic မှတ်ဉာဏ်မျိုးရှိနေခြင်း ဖြစ်သည်။ ဓာတ်ပုံရိုက်ယူထားသလို စွဲမြဲထင်ရှားနေသော မှတ်ဉာဏ်မျိုးဖြစ်သည်။ အားအားရှိ မကြာခဏ ဖွင့်ဖွင့်ကြည့်နေတာကြောင့်လည်း ပါပါလိမ့်မည်။ ဒီဇိုင်းတော်တော်များများကို စွဲစွဲမြဲမြဲ မှတ်မိနေခဲ့သည်။ ဒီမှတ်ဉာဏ်ကို ဘယ်သူမှ ခိုးယူလို့ မရဘူးလေ။ တစ်ပတ်လုံးလုံး အခန်းအောင်းကာ ကိုယ်ထုတ်ထားသမျှ ဒီဇိုင်းတွေ မှတ်မိသမျှ ပြန်ဆွဲဖို့ ဆုံးဖြတ်လိုက်သဖြင့် အလုပ်ပြုတ်လာခဲ့ခြင်းအပေါ်မှာ ရော ... ဒီဇိုင်းဖိုင်တွဲတွေ ပျောက်သွားခဲ့ခြင်းအပေါ်မှာပါ ထိထိခိုက်ခိုက်ကြီး ခံစားရခြင်း မရှိတော့ပါ။ အဲဒါသည် နွေးအားမာန်၏ သင်္ကေတဖြစ်ပါသည်။

×××







www.burmeseclassic.com

အခန်း

၃



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အရာကိုမဆို အလွယ်တကူ အရှုံး
မပေးတတ်တာ၊ လဲကျတိုင်း အလိုလို
ပြန်ထနေတတ်တာကိုက အောင်မြင်
နေသူတွေရဲ့အကျင့် စရိုက်တစ်ခုလေ။
သူတို့က ဒီတံခါးပေါက်ပိတ်သွားရင်
နောက်ထပ် တံခါးတစ်ပေါက်ကို
ရှာဖွေတတ်ကြတယ်။ အဲဒီ စရိုက်
ကြောင့်ပဲ... သူ့အောင်မြင်မှုကို ကျွန်မ
100% ယုံကြည်စိတ်ချသွားမိတာ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း - ၃

သဝဏ်ရဲ့ ရုံးခန်းကလေးထဲမှာပဲ ဩနှင့် ပြန်ဆုံတော့ သဝဏ်က ကျေနပ်သော အပြုံးကလေးနှင့် ဩကို သဝဏ်ရွေးချယ်ခဲ့သော မိန်းကလေးအကြောင်း စ၍ပြောခဲ့သည်။

"အဲဒီမိန်းကလေးကို ကျွန်မ ရွေးချယ်လိုက်တယ် ဩ၊ ပထမဆုံး သူ့ကို စပြီး သတိထားမိတာက ကျွန်မတို့ စက်ရုံထိပ်က ဘတ်စ်ကားမှတ်တိုင်မှာပေါ့။ ကျွန်မက စက်ရုံထဲကနေပြန်အလာ . . . ဘတ်စ်ကားဂိတ်မှာ သူ့မျက်နှာကလေးကို စတွေ့လိုက်တာ၊ ရုပ်ရည်ကလေးက ရှင်းသန့်ကြည်လင်ပြီး သနားကမား သန့်သန့်ပြန့်ပြန့်ကလေးရယ်၊ လူအုပ်ကြီးထဲမှာကို သူ့မျက်နှာကလေးက ထင်းလင်းပြီးထွက်နေတာကို သတိထားမိလိုက်တယ်၊ မျက်နှာကိုကြည့်လိုက်တာနဲ့ တော်မယ့် ထက်မြက်မယ့် personality က ထင်ရှားနေတယ်၊ သူက မတ်တပ်ရပ်ရင်း စာရွက်တစ်ခုခုမှာ တစ်ခုခုကို စီဝင်



www.burmeseclassic.com

www.burmeseclassic.com



ဟစားရေးခြစ်နေတာ၊ သာမန် အပျော်ပန်းချီဆွဲနေတာမျိုးလည်း ဟုတ်ပုံမရဘူး၊ တကယ့်ကို နက်နက်နဲနဲ အာရုံစိုက်ပြီး စူးစူးနစ်နစ် ရှာန်ဝင်စားနေတဲ့ဟန်မျိုးမို့ ကျွန်မကို ညှို့ခေါ် လိုက်သလိုပဲ၊ အဲဒါနဲ့ ခပ်လှမ်းလှမ်းမှာ ကားကိုရပ်ခဲ့ပြီး အဲဒီ ဘတ်စ်မှတ်တိုင်ဆီ လမ်းလျှောက်ပြီး သူ့အနားသွားရပ်ပြီး လေ့လာခဲ့တာ၊ အလုပ်သမားတွေ ကျွန်မကို မမှတ်မိပါဘူး၊ သိချင်မှလည်း သိမှာပါ။ ထားပါတော့ . . . သူက ကျွန်မ သူ့ဘေးမှာ လာရပ်တာကိုလည်း သတိမထားမိဘူး၊ ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့လျော့နေတာမျိုးပါ။ သူ ဘာဆွဲနေခဲ့သလဲ သိလားဟင် ဩ၊ အဲဒါကို မြင်မြင်ချင်း ကျွန်မ မျက်ခုံးတွေတောင် ပင့်တက်သွားခဲ့တယ်၊ သူဆွဲနေခဲ့တာက Dress တစ်ထည်ရဲ့ ဒီဇိုင်း၊ ဒီဇိုင်နာတစ်ယောက်ရဲ့ မျက်လုံးနဲ့မို့ ကျွန်မ ချက်ချင်းပဲ impressed ဖြစ်ခဲ့တယ်၊ သူဆွဲနေဟန်က စနစ်တကျ သင်ယူထားခြင်းတော့ မရှိဘူး၊ ဒါပေမယ့် စူးစူးစိုက်စိုက် အာရုံဝင်စားပြီး လေ့လာနေမှန်းတော့ သိသာတယ်၊ ဆွဲနေတဲ့လက်ရာက အင်မတန် talentရှိတဲ့ လက်ရာမှန်း ကျွန်မအတွေ့အကြုံအရ ကျွန်မ သိတယ်လေ၊ ဒီလက်ရာမျိုးကိုသာ စနစ်တကျ သင်ကြားပေးလိုက်မယ်ဆိုရင်







တော်တော်ဖြစ်ထွန်းနိုင်မယ့် ပါရမီမျိုး သူ့မှာရှိတယ် ဩ"

ဩက သဝဏ်ပြောနေသမျှကို စိတ်ဝင်တစား စူးစူးစိုက်စိုက် နားထောင်နေခဲ့၏။

"ဘတ်စ်ကားမလာခင်အချိန်အထိ သူဆွဲနေတဲ့ဒီဇိုင်းကို အသေးစိတ် အနုစိတ်ကလေးတွေ သေချာခြယ်မှုန်းနေခဲ့တာက စိတ်ဝင်စားစရာ ဩရဲ့၊ သူ့ရင်ဘတ်မှာ Name Plate ကလေးရှိတာနဲ့ ကျွန်မ နာမည်လေးကို မှတ်ထားလိုက်တယ်၊ နွေးအားမာန်တဲ့၊ နာမည်ကလေးကအစ ချစ်ဖို့ကောင်းတယ်နော်၊ အဲဒါနဲ့ သူ့ရဲ့အကြောင်းကို တောက်လျှောက်ပုံစမ်းကြည့်လိုက်တယ်၊ ထင်ထားတဲ့အတိုင်းပဲ အင်မတန် ရည်မွန်းချက် ပြင်းထန်တဲ့မိန်းကလေး၊ သူ ဖြစ်ချင်တာကို ပံ့ပိုးမြှောက်ပေးဖို့ သူ့မိဘက မတတ်နိုင်ဘူး၊ သူက ဒီဇိုင်နာတစ်ယောက်ဖြစ်ချင်တာ၊ အဲဒီအတွက် အထည်ချုပ်စက်ရုံမှာ အချုပ်ဝန်ထမ်းအဖြစ်နဲ့ အလုပ်ဝင်နေတာ၊ သူ့အကြောင်းလေးတွေ သိခွင့်ရတာ အရမ်းစိတ်ဝင်စားဖို့ကောင်းတယ် ဩ၊ ဒါနဲ့ စက်ရုံဦးစီးမှူးကနေတဆင့် မလိုမှ တပတ်လုပ်ပြီး သူ့လက်ရာဒီဇိုင်းတွေ တောင်းကြည့်လိုက်တော့ ကျွန်မ တော်တော်ဖျားသွားပါတယ်၊ တကယ့် ပဉ္စမြား





www.burmeseclassic.com

www.burmeseclassic.com



စစ်စစ် အသွေးကောင်းကလေး . . . နွံနစ်နေရှာတာလို့ ခံစားရတယ်၊ သူ့စိတ်ကူးစိတ်သန်းတွေ တော်တော်ကောင်းတယ် ဩရဲ့၊ Fashion taste အပြည့်ရှိတယ်၊ Creative ဖြစ်တယ်၊ Artistic အရမ်းဖြစ်တယ်၊ အဲ့ဒါနဲ့ ကျွန်မ သူ့ကို စမ်းသပ်မှုကလေးတွေ စခဲ့တယ်၊ သူဟာ ရှုံးနိမ့်မှုကို ဘယ်လို ရင်ဆိုင်သလဲ . . . ဆုံးရှုံးမှုအပေါ် ဘယ်လို တုန့်ပြန်သလဲ၊ ဇွဲ ဘယ်လောက်ရှိသလဲ၊ အလွယ်တကူ အရှုံးပေး စိတ်ဓာတ်ကျတတ်သလား၊ လဲကျတဲ့အခါ ပြန်ထနိုင်တဲ့သူလားဆိုတာပေါ့၊ အရှိုက်ကိုထိုးလိုက်သလိုမျိုး . . . ခပ်ပြင်းပြင်း လောကဓံတစ်ခုနဲ့ သူ့ကို စမ်းသပ်လိုက်တာ . . . ဘယ်လိုလဲ သိလား"

"စိတ်ဝင်စားဖို့ကောင်းတယ် သဝဏ် . . . ဆက်ပြော"

ဩကို ကြည့်လိုက်ရုံနှင့် သူ တကယ် စိတ်ဝင်စားနေခဲ့ပြီ။ သဝဏ်က တက်တက်ကြွကြွ ပြန်ပြောပါသည်။

"သူ့ကို အလုပ်ဖြုတ်ပစ်လိုက်တယ်၊ သူ့ ဒီဇိုင်းဖိုင်တွဲတွေ ပျောက်သွားတဲ့အကြောင်း ပြောခိုင်းလိုက်တယ်၊ ဦးစီးမှူး ပန်းဝေဝေက သဝဏ့်သူငယ်ချင်းလေ၊ သူ့ကို အရိပ်အမြွက်လောက်ပဲ ပြောထားပြီး . . . ကျွန်မမှန်း လုံးဝ မသိစေရ





အောင် နှုတ်ပိတ်ထားလိုက်တယ်၊ ကောင်မလေး တော်တော် သနားဖို့ကောင်းတယ် သိလား ဩ၊ collapse တောင် ဖြစ်သွားခဲ့တယ်တဲ့၊ တစ်ပတ်တိတိ ကျွန်မ သူ့ကို စောင့်ကြည့်တယ်၊ သူ ဘာလုပ်မလဲ . . . ဘယ်လို တုန့်ပြန်မလဲဆိုတာကို သိချင်လို့ပါ၊ လူလွှတ်ပြီး စုံစမ်းကြည့်ရတာပေါ့ ဩ၊ သူ့ရဲ့ တုန့်ပြန်မှုက တစ်ပတ်လုံးလုံး ပျောက်သွားခဲ့တဲ့ သူ့ဒီဇိုင်းတွေကို ပြန်ဆွဲနေခဲ့သတဲ့၊ ကျွန်မ သူ့ကို တော်တော် လေးစားသွားခဲ့တာပါ၊ သူ အရှုံးမပေးချင်ဘူး၊ လဲကျတာကိုတောင် အားယူပြီး အလိုလိုပြန်ထတတ်တဲ့ လူစားမျိုး၊ စိတ်ဓာတ်မကျတတ်ဘူး၊ ဘယ်အရာကိုမဆို အလွယ်တကူ အရှုံးမပေးတတ်တာ လဲကျတိုင်း အလိုလိုပြန်ထတတ်တာကိုက အောင်မြင်နေသူတွေရဲ့ အကျင့်စရိုက်တစ်ခုလေ၊ သူတို့က ဒီတံခါးပေါက်ပိတ်သွားရင် နောက်ထပ်တံခါးတစ်ပေါက်ကို ရှာဖွေတတ်ကြတယ်၊ အဲဒီ စရိုက်ကြောင့်ပဲ သူ အောင်မြင်မှာကို . . . ကျွန်မ 100% ယုံကြည်စိတ်ချသွားမိတာ၊ ဒါ သူ့အတွက် ပထမဆုံး လှေကားထစ် တစ်ဆင့်ပေါ့"

သဝဏ်က ဩရှေ့သို့ ကျောင်းဝင်ခွင့် အသိအမှတ်ပြု မှတ်တမ်းစာရွက်ကလေးကို ချပြလိုက်သည်။ မြန်မာပြည်မှာ

www.burmeseclassic.com

နာမည်အကြီးဆုံး ဒီဇိုင်နာသင်တန်းကျောင်းမှာ တက်ခွင့်ရဖို့ သဝဏ်လျှောက်ပေးခဲ့ခြင်း ဖြစ်သည်။ သဝဏ့်နာမည်ကိုတော့ လုံးဝမြှုပ်ထားခဲ့ပါသည်။

"ဒီကျောင်းကနေ ဒီပလိုမာတစ်ခုရမယ်၊ ပြီးရင် သူ့ကို စက်ာပူမှာရှိတဲ့ ကျွန်မတက်ခဲ့တဲ့ ဒီဇိုင်နာကျောင်းမှာ ဆက်ထားပေးမယ်၊ သူ့အတွက် ပညာပြည့်စုံလာပြီဆိုတဲ့အခါမှာ ဒီဇိုင်နာတစ်ယောက်အဖြစ် သူ့ဘာသာသူ လွတ်လွတ်လပ်လပ် ရပ်တည်ရှင်သန်ခွင့်ရတဲ့အထိ ကျွန်မ ပံ့ပိုးပေးသွားမယ်၊ ကျွန်မရဲ့လက်အောက်မှာ သူ့ကို မလုပ်စေရဘူး၊ ကျွန်မရဲ့ အငွေ့အသက် လွှမ်းမိုးမှု လုံးဝမရှိစေရဘူး၊ သူ့မှာ ကိုယ်ပိုင် အရည်အသွေးတွေနဲ့ ပြည့်စုံနေရမယ်၊ သူ့ဆီကနေ ကျွန်မ ဘာကိုမှ ပြန်မမျှော်လင့်ဘူး၊ ကျွန်မကိုတောင် သူ လုံးဝ မသိစေရဘူးလို့ စိတ်ကူးထားတယ်"

"ကောင်းတယ် သဝဏ်၊ သဝဏ် လူရွေးတာ မှန်ပါတယ်၊ ကိုယ်လည်း ကောင်လေးတစ်ယောက်ကို ရွေးထားတယ် ကိုယ်ပြောပြမယ်လေ"

ဩကာ သူ ရွေးချယ်ခဲ့သော လူငယ်လေးအကြောင်း စိတ်ဝင်စားဖွယ်ပြောပြခဲ့ပါသည်။







"ရိုးသားဖြူစင်မှုဟာ
လူမှုဆက်ဆံရေးမှာ
အင်အားအရှိဆုံး
ဆွဲဆောင်မှုတစ်ခုပါ"



www.burmeseclassic.com

www.burmeseclassic.com



နွေဉည္သြ အဲ့ဒီကောင်လေးကို စပြီးတွေ့ခဲ့တာက သူ့ရဲ့ Cyberzone net cafe ၏ ရန်ကင်းဘက်ဆိုင်ခွဲတစ်ခုမှာ ဖြစ်သည်။ မြန်မာပြည်အနှံ့မှာ သူ့ရဲ့ Cyberzone Internet cafe ဆိုင်ပေါင်း ဆယ့်ငါးဆိုင်ဖွင့်ထားခဲ့သည်။ မြို့တစ်မြို့ရဲ့ အချက်အချာကျကျ နေရာကောင်းကို ရွေးချယ်ပြီး ဆိုင်အပြင် အဆင်သပ်သပ်ရပ်ရပ် conection ကောင်းကောင်း ဝန်ဆောင်မှု အဆင့်အတန်းမြင့်မြင့် ပေးထားနိုင်သဖြင့် သူ့ဆိုင်တွေက အောင်မြင်မှုရှိမြဲဖြစ်သည်။ တချို့ နေရာကျယ်ဝန်းသော ဆိုင်တွေမှာဆိုလျှင် Snack bar ကလေးတွေ Restaurant အသေးစားကလေးတွေပါ ထည့်သွင်းပြင်ဆင်ပေးထား သည်။ သူကိုယ်တိုင်လည်း IT ခေတ်မှာ နည်းပညာတိုးတက်မှုတွေ ဆက်သွယ်မှု ကွန်ရက်တွေ၊ ကမ္ဘာတလွှားရှိ ဝက်ဘ်ဆိုက်တွေ online



www.burmeseclassic.com

www.burmeseclassic.com



ပညာသင်မှုတွေကို အစစအရာရာ စိတ်ဝင်တစား လေ့လာသင်ယူနေသူတစ်ယောက်မို့ ခေတ်လူငယ်တွေကိုလည်း ထိုအခွင့်အရေးတွေ မျှဝေပေးချင်တာက သူ့ရဲ့ အဓိကစေတနာ ရည်ရွယ်ချက်တစ်ခုဖြစ်သည်။

ရန်ကင်းဆိုင်ခွဲမှာ သူကိုယ်တိုင် ပိုင်ရှင်တစ်ယောက်ပုံစံမျိုးမဟုတ်ဘဲ customer တစ်ယောက်လို မသိမသာ သွားထိုင်ခဲ့ခြင်းဖြစ်သည်။ သူ့ကို Cyberzone net cafe ဆိုင်တွေ ၏ ပိုင်ရှင်မှန်း အခြေခံဝန်ထမ်းများက အလွယ်တကူမသိနိုင်ကြပါ။ သူကလည်း သူ့ရဲ့ ဆိုင်ခွဲတွေဆီသွားတိုင်း ပိုင်ရှင်တစ်ယောက်လို ဘယ်တော့မှ မသွားဘဲ ခေတ်လူငယ်တစ်ယောက်လို ဂတ်စားဆင်ယင်ပြီး ပေါ့ပေါ့ပါးပါးသွားလေ့လာခြင်းဖြစ်သည်။ ဆိုင်ရဲ့လည်ပတ်မှုအခြေအနေ ဝန်ထမ်းတွေရဲ့ ဝန်ဆောင်မှု . . . ဆက်ဆံရေး . . . customers တွေ၏ ကျေနပ်နှစ်သိမ့်မှု . . . အဲဒါတွေကို တစ်ပါးသူ၏ တဆင့်စကားကနေ မယူဘဲ သူကိုယ်တိုင်ပဲ ဆင်းပြီး အသေးစိတ်လေ့လာစစ်ဆေးတတ်ပါသည်။ တစ်ခါတစ်ရံ ဝန်ထမ်းတွေ ဘယ်လောက် ရိုးသားနိုးကြားမှုရှိသလဲ အလုပ်အပေါ် စိတ်ဝင်စားမှုရှိသလဲဆိုတာကို သိနိုင်ဖို့အတွက် အသေးစားစမ်းသပ်မှုကလေးတွေ. . . စစ်ဆေးမှုကလေးတွေ . . . ပဟေဠိကလေးတွေ လုပ်ရ







တာကို သူ အလွန်သဘောကျပါသည်။

အဲဒါကြောင့်လည်း ရန်ကင်းဆိုင်ခွဲဆီက "ဖွဲ့နေသန်" ဆိုသော ကောင်လေးတစ်ယောက်ကို သူ စိတ်ဝင်တစား ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်ပါသည်။ ပထမဆုံး သူ အဲဒီကောင်လေးဆီမှာ သတိမထားမိဘဲ မနေနိုင်သည်က ရိုးသားဖြူစင်လွန်းသော အပြစ်ကင်းလွန်းသော မျက်နှာကလေးဖြစ်သည်။ မျက်နှာကလေးက ကြည်လင်လတ်ဆတ်နေကာ မျက်လုံးများက နက်မှောင်တောက်ပပြီး အတော်အင်အားရှိသည်။ Personality ကို ကြည့်လိုက်ရုံနှင့် ဉာဏ်ပညာ ထက်မြက်ပါးနပ်မည့် ရုပ်ရည်မျိုးမို့ သူသတိထားမိခြင်း ဖြစ်၏။ ကိုယ်ဟန်အမူအရာကလည်း သွက်သွက်လက်လက်၊ ဖျတ်ဖျတ်လတ်လတ်ရှိပါသည်။ သူ့အလုပ်ထဲမှာ သူ စိတ်ဝင်တစားရှိသည်။

သူက တစ်နေရာစာ ရွေးချယ်နေရာယူလိုက်ပြီး အဲဒီကောင်လေးကိုပဲ ရွေးခေါ်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် ဆိုင်ထဲရှိ Customers တွေ တော်တော်များများက အဲဒီကောင်လေးကိုပဲ ဦးတည်ပြီး အားကိုးတကြီးခေါ်ကာ အကူအညီတောင်းနေကြတာကို သူ တွေ့နေရခြင်းကြောင့်ဖြစ်သည်။ ဝန်ထမ်းအချင်းချင်းတောင် သူ့ကိုပဲ တိုင်တည်မေးမြန်း နေကြသောကြောင့် သူကြည့်ရတာ တော်တော် ကျွမ်းကျင်လိမ္မာဟန်ရှိသည်။ ဟိုစားပွဲပြေးလိုက်

www.burmeseclassic.com



ဒီစားပွဲပြေးလိုက် busy bee ကလေးလို အလုပ်သိပ်များသည့်တိုင် သူ့မျက်နှာကလေးမှာ ငြိုငြင်ရိပ်တစ်ချက်ကလေးမှမပေါ်ဘဲ အမြဲ ပြုံးရွှင်တက်ကြွထက်သန်နေတတ်သည်။ သူ သတိထားမိသလောက် များသောအားဖြင့် websites တွေကူရှာပေးခြင်းမျိုး download လုပ်တာ၊ scan ဖတ်ပေးတာ၊ print out ထုတ်ပေးတာတွေကို ကျွမ်းကျင်ဖျတ်လတ်စွာ သူ ကူညီပေးတတ်သည်။

"ညီလေးရေ ... ကိုယ့်ကို တစ်ခုလောက် ကူညီပေးပါ ကွာ"

သူက လှမ်းခေါ်လိုက်တော့ ကောင်လေးက ချိုသာ သွက်လက်စွာ ပြေးလာသည်။

"ဘာကူညီပေးရမလဲ အစ်ကို"

သူ့ရင်ဘတ်မှာ name plate ကလေးတပ်ထားတာမို့ သူ ဖတ်ကြည့်လိုက်တော့ "ဇွဲနေသန်"ဆိုသော နာမည်ကလေးကို သူ သဘောကျသွား၏။ အဲဒီကောင်လေးရဲ့ စရိုက် personality နှင့် အလွန်လိုက်ဖက်သည်ဟု သူ ခံစားမိလိုက်သောကြောင့် ဖြစ်သည်။

"ကိုယ် ... software engineering နဲ့ ပတ်သက်တဲ့ website တစ်ခုလိုက်ရှာနေတာ၊ ကိုယ့်ကို တစ်ချက်လောက် ကူရှာပေးပါလား"

"ဟာ ... ရှာပေးမယ် အစ်ကို၊ ကျွန်တော်ဝင်ကြည့်နေကျ website ရှိတယ်၊ တော်တော်မိုက်တယ်အစ်ကို၊ အစ်ကို စိတ်ဝင်စားရင် online courses တွေလည်းရှိတယ်၊ ပိုက်ဆံပေးပြီး download လုပ်ယူရတဲ့ sites တွေပေါ့ အစ်ကို၊ အစ်ကို စိတ်ဝင်စားရင် ကျွန်တော် ရှာပေးမယ်"

ကောင်လေး၏အသံက တက်ကြွထက်သန်လွန်းသဖြင့် သူ တော်တော်ကျေနပ်သွားသည်။ သူ လိုချင်သော websites တွေကို လျင်မြန်သွက်လက် ကျွမ်းကျင်ပါးနပ်လွန်းသော လက်တွေနှင့် ရှာဖွေပေးသွားသည်မှာ impress ဖြစ်စဖွယ်အတိ ...။ ဒီလောက် တော်တဲ့ လူငယ်လေးတစ်ယောက်ဟာ ဘာကြောင့်များ ဒီဆိုင်မှာ သာမာန် အခြေခံဝန်ထမ်းကလေးတစ်ယောက် လာလုပ်နေသလဲဆို တာ သူ စိတ်ဝင်စားသွားမိသည်။

"ငါ့ညီက တော်တော်ကျွမ်းနေပါလားကွ၊ တော်လှချည်လား"

"ဒီဆိုက်တွေက ကျွန်တော် ဝင်မွှေနေကျ အစ်ကိုရ ...၊ ကျွန်တော်က software engineer ဖြစ်ချင်တာ၊ အရမ်း စိတ်ဝင်စားလို့၊ တချို့ site တွေကတော့ download ခတွေ

www.burmeseclassic.com



ဈေးများလွန်းလို့ ကျွန်တော် မတတ်နိုင်ဘူး၊ free ရတဲ့ site တွေချည်း ကျွန်တော်ဝင်မွှေတာ ကုန်သလောက် ရှိပြီဗျ"

ကောင်လေးအသံဆီမှ ထက်မြက်ထက်သန်မှုက သူ့ဆီကို တမဟုတ်ချင်း ကူးစက်လာသလို ခံစားလိုက်ရပါသည်။ သူ့ရင်ဘတ်ကို တည့်တည့်ထိမှန်သွားစေသော စကားလုံးတွေက "ကျွန်တော်က software engineer ဖြစ်ချင်တာ" "ဈေးများလွန်းလို့ ကျွန်တော် မတတ်နိုင်ဘူး" ဆိုသော စကားလုံးတွေဖြစ်သည်။ သူရှာဖွေနေတာ အဲဒီလူငယ်ကလေးမျိုးပေါ့။ သင်ယူချင်စိတ် ကြိုးစားလိုစိတ် ပြင်းပြထက်သန်သလောက် ဖြစ်ချင်စိတ် အလွန်ကြီးမားသလောက် ပိုက်ဆံမတတ်နိုင်သောကြောင့် မချင့်မရဲ တိမ်မြုပ်နစ်မွန်းနေရသော လူငယ်ကလေးမျိုးဖြစ်သည်။ ဒီကောင်လေး အစွမ်းအစရှိမှန်း သူ ခဏအတွင်းမှာ သေ့လာအကဲခတ်မိပါသည်။

"ငါ့ညီ ဒီလောက်တော်ရက်သားနဲ့ ဒီလို net cafe ဆိုင်ကလေးမှာ သာမန်ဝန်ထမ်းလုပ်နေရသလားကွာ၊ မင်း ဒီ့ထက်အဆင့်အတန်းအမြင့်မြင့် အလုပ်မျိုး ရှာသင့်တာပေါ့"

"ကျွန်တော် ကြိုးစားနေပါတယ် အစ်ကို၊ ဒီဆိုင်မှာက လူရှင်းသွားတဲ့ အချိန်ဆိုင်ပိတ်ကာနီးလို အချိန်မျိုးမှာ ကျွန်တော်အင်တာနက် အသုံးပြုခွင့် တစ်နာရီရတယ်လေ၊ အဲဒီ တစ်နာရီအတွင်းမှာ ကျွန်တော်မွှေချင်တဲ့ websites တွေ ရှာဖွေလို့ရတယ်လေ၊ ဒီဆိုင်က connection အကောင်းဆုံးပဲဗျ၊ ကျွန်တော် အပြင်မှာ သွားထိုင်ရင် တစ်နာရီငါးရာ နေ့တိုင်းပေးရတယ်၊ ကျွန်တော် မတတ်နိုင်ဘူးလေ၊ ဒါကြောင့်လည်းပါတယ်၊ ဒီဆိုင်မှာလုပ်ရင်း ကျွန်တော့် လေ့လာစရာတွေ . . . သင်ယူစရာတွေ အတွေ့အကြုံတွေလည်း အများကြီးရတယ်ဗျ၊ တချို့ customers တွေဆီက ကျွန်တော် ပြန်သင်ယူခွင့်ရလိုက်တာတွေ အများကြီးပဲရှိတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ပျော်ပါတယ်၊ ကျွန်တော့်အတွက် ဒီအလုပ်က stepping stone တစ်ခုပါ၊ ကျွန်တော် တကယ်ဖြစ်ချင်တာက software engineer ဆိုတော့ online courses တွေ သင်ယူနိုင်ဖို့အတွက် ကျွန်တော် အလုပ်လုပ် ရင်း ပိုက်ဆံစုနေတာပါ"

ဇွဲနေသန်က လက်ကလည်း websites တွေ တစ်ခုပြီးတစ်ခု ရှာဖွေပေးသွားသလို ပါးစပ်ကလည်း ခပ်သွက်သွက်ရှင်းပြသွားသေးသည်။

"ညီ . . . ကျောင်းပြီးသွားပြီလား"

"ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော် ကွန်ပျူတာနဲ့ ပြီးထားတာ









www.burmeseclassic.com

www.burmeseclassic.com



ပါ"

သူ့မျက်ခုံးတွေ ပင့်တက်ကာ အံ့သြသွားရသည်။ ကွန်ပျူတာနှင့် ကျောင်းပြီးသူက ဒီလိုဆိုင်မျိုးမှာ ဝန်ထမ်းလုပ်နေသည် ဆိုတော့ သူ မအံ့သြဘဲမနေနိုင်။

"မနက်ပိုင်းမှာ ကွန်ပျူတာ အရောင်းဆိုင်တစ်ခုမှာ ကျွန်တော် အလုပ်လုပ်ပါတယ် အစ်ကို၊ ဒါက ကျွန်တော့်ရဲ့ ညပိုင်း အချိန်ပိုင်း အလုပ်တစ်ခုပါ"

"ဩော် . . .၊ လေးစားပါတယ်ကွာ"

သူ တကယ်ပဲလေးစားသွားခဲ့ပါသည်။ ချက်ချင်းပဲ ဒီကောင်လေးကို စမ်းသပ်ချင်စိတ်ပေါက်လာတာနှင့် သူ့ wallet ကလေးကို စားပွဲပေါ်မှာ မသိမသာ ချန်ထားရစ်ခဲ့ပြီး သူ ဆိုင်ထဲ ကနေ ပြန်ထွက်လာခဲ့သည်။ သူ့ဆိုင်မှာ customers တွေ privacy ရအောင် ကွန်ပျူတာတစ်လုံး စားပွဲတစ်ခုကို ဖိုင်ဘာပြား ချပ်တွေနှင့် အကန့်ကလေးတွေ ကာကွယ်ပေးထားသည်မို့ ကိုယ်ပိုင် အခန်း ကန့်ကလေးသဖွယ် . . . လုံခြုံမှုရှိပါသည်။ သူ ထွက်ခဲ့ပြီး ကားပေါ် ချက်ချင်း မတက်သေးဘဲ . . . မသိမသာ စောင့်နေလိုက် သည်။ မကြာပါ . . .။ ခြေသံ တဖုတ်ဖုတ်ပြေးလာသံနှင့် အတူ. . .

"အစ်ကို . . . အစ်ကို"

ဟူသော ဖွဲ့နေသန်၏ အသံကို သူ စတင်၍ကြား ရပါသည်။ သူ ပြုံး၍ လှည့်ကြည့်လိုက်တော့ ဖွဲ့နေသန်က သူ့ရဲ့ wallet ကလေးကို သူ့ဆီ ကမ်းပေးနေရင်း . . .

"အစ်ကို့စားပွဲပေါ်မှာ ကျန်ခဲ့လို့ အစ်ကို"

ဟု . . . ရိုးသားဖြူစင်သော မျက်နှာကလေးဖြင့် ပြောပါသည်။ သူ့ဘဝမှာ လူတစ်ယောက်ကို တွေ့တွေ့ချင်း အမှတ် တွေအများကြီးပေးခဲ့မိတာ . . . ဖွဲ့နေသန်တစ်ယောက်ပဲ ရှိသေး ၏။

"ကျေးဇူးပဲ ညီ၊ ညီရှာပေးတဲ့ websites တွေက ကိုယ့် အတွက် အရမ်းအသုံးကျတယ်ညီ၊ နောက် ကိုယ် အကူအညီ လေး ဘာလေးများ တောင်းစရာရှိရင် ညီ့ကို ဘယ်လိုများ ဆက်သွယ်လို့ရနိုင်မလဲ၊ ဥပမာ ညီ့ရဲ့ gmail account လေး ဘာလေးပေါ့"

"ရပါတယ် အစ်ကို၊ အချိန်မရွေးပါ ကျွန်တော် ကူညီပေး နိုင်ပါတယ်၊ ကျွန်တော့် g-mail account ရော၊ ကျွန်တော့် ကို ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်ပါပေးထားပါ့မယ်၊ ခဏ လေး အစ်ကို . . . အစ်ကို့မှာ စာရွက်ကလေးပါလား"



www.burmeseclassic.com

www.burmeseclassic.com

သူက ဆောင်နေကျ မှတ်စုစာအုပ်ကလေးနှင့် ဘောလ်ပန်ပါ ထုတ်ပေးလိုက်သည်။ သူက တမင်သက်သက် Palm ကို မထုတ်ခဲ့ခြင်းဖြစ်သည်။ သူ့ကို သာမန်လူတစ်ယောက် အဖြစ် ထက်ပိုပြီး . . . ဘာမှထူးပြီး သတိမထားမိစေချင်သောကြောင့် လည်းပါသည်။ ဖွဲ့နေသန်က သူ့ရဲ့ g-mail ရော၊ ဖုန်းနံပါတ်ပါ ခပ်သွက်သွက် ချရေးပေးခဲ့သည်။ ပကတိ သန့်စင်ကြည်လင်စွာ ရိုးသားဖော်ရွေလွန်းသော . . . ဘယ်သူ့ကို ဘာကူညီပေးရမလဲဆို တာကိုပဲ အဆင်သင့်ဖြစ်နေဟန်ရှိသော ဘဝရဲ့ တိုးတက်ရာလမ်း ကြောင်းတွေကို ကိုယ်စွမ်းကိုယ်စနှင့် စွမ်းစွမ်းတမံ အားထုတ်ကြိုး စားလျက်ရှိသော အချက်အလက်များသည် သူ့ပုံစံများနှင့် ကွက်တိ။

"အိုကေ . . . ညီ၊ ကိုယ် ဆက်သွယ်လိုက်မယ်နော်၊ လိုအပ် ရင်ပေါ့"

"ဟုတ်ကဲ့ အစ်ကို"

ဖွဲ့နေသန် ဆိုင်ထဲပြန်ဝင်သွားတော့မှ သူ ကားပေါ် တက်ကာ မောင်းထွက်သွားခဲ့သည်။ သူ့ရွေးချယ်မှု မမှားကြောင်း နောင်တရစရာမရှိကြောင်း သူ့ဘာသာသူ သေချာ ကျေနပ်စွာ အတည်ပြုပေးလျက်ရှိပါသည်။



# အခန်း ၄



www.burmeseclassic.com

www.burmeseclassic.com



"အရှုံးမပေးခြင်းဆိုတဲ့
လက်တွေဟာ
အောင်မြင်ခြင်းဆိုတဲ့
ပန်းတိုင်ကို
မြဲမြဲစွာ
ဆုပ်ကိုင်ခွင့်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၄

တစ်ပတ်လုံးလုံး မနားမနေ ပြန်ဆွဲပြီးသွားသော ဒီဇိုင်းတွေကို စနစ်တကျ ဖိုင်တွဲတွေနှင့် သပ်သပ်ရပ်ရပ် ပြန်တွဲပြီးချိန်မှာတော့ မာန့်အားမာန်တွေ ပြန်လည်ရောက်ရှိလာသလို ခံစားရပါသည်။ တော်တော်များများကို အလွတ်ရမတတ် မှတ်မိနေနိုင်စွမ်းသော မှတ်ဉာဏ်နှင့်စွဲလန်းမှုကို အံ့လည်းသြကာ ကျေးဇူးလည်း တင်ရပါ၏။ မေမေ့ကို ကတိပေးထားခဲ့သည်အတိုင်း တစ်ပတ်ပြည့်ပြီးမှ အလုပ်ရှာထွက်ရသည်။ ဒီဇိုင်နာ အလုပ်တွေပေါ်သမျှရော နာမည်ကြီးအပ်ချုပ်ဆိုင်များမှာပါ လက်လှမ်းမီသ၍ စုံစမ်းကာ အလုပ်လျှောက်ခဲ့သည်။ အင်တာဗျူးတွေလည်း သွားလိုက်ရတာအမော။ အလုပ်က ချက်ချင်းမရပါ။ မာန်ကလည်း တက်လမ်းရှိနိုင်သည့် အခွင့်အလမ်းရှိနိုင်သည့် နေရာမျိုးတွေကိုပဲ ရွေးလျှောက်တာကိုး။ သာမန် မထင်မရှား အပ်ချုပ်ဆိုင်မျိုးမှာ မာန် အလုပ်မဝင်



www.burmeseclassic.com

www.burmeseclassic.com



ချင်ပါ။ ချုပ်ထည်တွေ အံ့နှင့်ကျင်းနှင့် ချုပ်ခွင့်ရသော နာမည်ကြီး ဒီဇိုင်နာတို့၏ ဆိုင်များဆီသို့သာ ရွေးချယ်သွားခြင်းဖြစ်သည်။ ခေတ်ကိုက အပြိုင်အဆိုင် ခေတ်ဖြစ်နေသောကြောင့် မာန့်လို ဘာဒီပလိုမာမှ မရှိသူတစ်ယောက်ထက် နာမည်ကြီး ဒီဇိုင်နာသင်တန်းကျောင်းဆီက ကျောင်းဆင်းလာသော ဒီပလိုမာ ကိုင်ထားသူတို့က အလုပ်ရဖို့ ပို၍ အခွင့်အလမ်းသာပါသည်။ ချက်ချင်း အလုပ်မရသေးသည့်တိုင် မာန်က စိတ်ဓါတ်မကျ။ ဇွဲလည်းမလျှော့။ ဒီဇိုင်းအဆွဲလည်း မပျက်စေရ။

ညနေခင်းတစ်ခုမှာတော့ မာန် အလုပ်လျှောက်ပြီး ပြန်အလာ ဧည့်ခန်းစားပွဲပေါ်မှာ စာအိတ်အညိုကလေး တစ်စောင်က အသင့်စောင့်ကြိုနေခဲ့သည်။ စာအိတ်ပေါ်မှာ "နွေးအားမာန်" ဆိုသော နာမည်ကလေးကြောင့်သာ မာန့်စာဟု သိရကာ စာအိတ်ကလေးကို ဖွင့်ဖောက်လိုက်မိသည်။ အထဲက ထွက်လာသော စာရွက်ကလေးကို ဖျတ်ခနဲ မြင်လိုက်ရချိန်မှာ လူက ဝုန်းကနဲခုန်ထလိုက်မိသွားသည်။ Fashion House Design School ဆီမှ ကျောင်းဝင်ခွင့်အသိအမှတ်ပြုလွှာ။ မျက်လုံးတွေ ပြာဝေသွားကာ နှလုံးသွေးတွေ ခပ်ပြင်းပြင်း တိုးခုန်လာသည်။ Fashion House ဆိုတာ မြန်မာပြည်မှာ အထင်ရှားဆုံးနှင့် စည်းစနစ်အကျဆုံးသော







ထိပ်တန်းစာရင်းဝင် ဒီဇိုင်နာကျောင်းတစ်ခုပါ။ ဂျပန်မှ ဒီဇိုင်နာဆရာမကိုယ်တိုင် စနစ်တကျ သင်ကြားပေးပြီး အဲဒီကျောင်းကို တက်ခွင့်ရဖို့အတွက်ဆိုလျှင် တစ်လတစ်လ သိန်းချီပြီးပေးရပါသည်။ မာန့်အတွက် အိပ်မက်တောင် မမက်ရဲခဲ့သော ထိုအခွင့်အရေးဟာ ဘယ်ကနေဘယ်လို မိုးပေါ်မှကျသလို ရောက်ရှိလာခဲ့တာပါလိမ့်။ တစ်ခုခုတော့ မှားနေပြီ။ ဒီကျောင်းကိုတက်ဖို့ မာန်ဘယ်လိုမှ မတတ်နိုင်ပါ။ ဒီပလိုမာရဖို့အတွက် တစ်နှစ်တိတိ တက်ရမှာ။ အဲဒီကျောင်းကနေ ဒီပလိုမာရခဲ့လျှင်လည်း ဒီဇိုင်နာတစ်ယောက်အဖြစ် အလုပ်ရဖို့ လွယ်ကူသွားပြီ။

"မေမေ . . . ဒီစာ ဘယ်လိုရောက်လာတာဟင်"

မေမေ့ဆီ တအံ့တသြ ဝမ်းသာအားရ ပြေးသွားပြီး မေးမိသည်။ မေမေ့မျက်နှာက ဗလာအတိ။

"စာပို့သမားလာပို့တာတော့ မဟုတ်ဘူး သမီး၊ ကောင်လေးတစ်ယောက်ပဲ . . . လာပို့သွားတာ၊ ဘာတဲ့လဲ သမီး၊ အလုပ်ခန့်စာလား"

"မဟုတ်ဘူး မေမေ၊ Fashion House Design School ဝင်ခွင့်တဲ့၊ သမီးလည်း မလျှောက်မိဘူး၊ ကျောင်းလခက အရမ်းများတော့ ဘယ်လိုမှ မတတ်နိုင်ပါဘူး မေမေ၊ ဒါပေမယ့်





www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် စတက်ရမှာ၊ ကျောင်းကိုသွားပြီး အသေးစိတ် သေချာစုံစမ်းကြည့်မှ သိမှာပဲ၊ မာန် မလျှောက်ဘဲ ဘယ်လို လုပ်ပြီး ဒီကျောင်းကိုတက်ခွင့်ရနိုင်တာလဲဆိုတာ တွေးလို့ကို မရဘူး၊ တစ်ယောက်ယောက်များ နောက်လိုက်တာလားလို့၊ ကျောင်းတံဆိပ်တွေဘာတွေနဲ့တော့ အသေအချာရေးထား တာပဲ၊ ဆရာမရဲ့ လက်မှတ်ကိုလည်း ဂျပန်လို ထိုးထားတာ . . . မှင်နဲ့အသေအချာ၊ နောက်တာလည်း လုံးဝ မဖြစ် နိုင်ဘူး၊ တစ်ခုခုတော့ မှားနေပြီထင်တယ်"

"မနက်ကျမှ သေချာသွားပြီး စုံစမ်းချေပေါ့ သမီးရယ်၊ ခုတော့ ထမင်းစားကြစို့ . . . "

မေမေက စိတ်ဝင်တစားဟန်မပြ။ မာန် ကိုယ်တိုင် လည်း မယုံမရဲ။ လူက အိပ်မက်ထဲမှာ လွင့်နေသလို စိတ်နှင့်ကိုယ် နှင့် တခြားစီဖြစ်နေသည်။ အဲဒီတစ်ညလုံး မာန် အိပ်လို့ မပျော်နိုင်။ ကျောင်းဝင်ခွင့်လက်မှတ်ကလေးကို အကြိမ်ပေါင်း မရေတွက်နိုင် လောက်အောင် ကြည့်ပြီး မဖြစ်နိုင်ပါဘူးဆိုသောအဖြေသာ ထပ်တ လဲလဲ ထွက်လာခဲ့သည်။ ဘယ်လိုမှ အဆက်အစပ်မရှိသော အခွင့် အရေးတစ်ခု။ တစ်ယောက်ယောက်က စနစ်တကျ လှမ်းနောက် ပြောင်ကျီစယ်လိုက်တာပဲ ဖြစ်မှာပါ။





"Fashion House Design School" ဆိုသော စာတန်းကြီးက ရင်သပ်ရှုမောဖွယ်အတိပါ။ ဖြဲဝန်းကျယ်ထဲရှိ အဖြူရောင် နှစ်ထပ်တိုက်ကြီးဆီသို့ လျှောက်လှမ်းလာနေမိသော မာန့်၏ ခြေလှမ်းများသည် လှမ်းနေတယ်ဟုတောင် မထင်မိတော့ ပါ။ ဒီလိုနေရာမျိုးကို အိပ်မက်တောင် မမက်ဖူးခဲ့။ Reception စားပွဲဆီ လျှောက်သွားမိရင်း ဘယ်လိုများ အရှုပ်ကွဲမလဲ . . . ဟု ရင်တထိတ်ထိတ်ရှိစွာ စာရွက်ကလေးကို Receptionist မိန်းကလေး ဆီ လှမ်းပေးမိသည်။ မိန်းကလေးက စာရွက်ကလေးကို လှမ်းယူပြီး ကွန်ပျူတာထဲမှာ ရှာဖွေကြည့်သည်။ မာန်က အသက် တောင်မရှူမိဘဲ သူမကို ငေးကြည့်နေမိသည်။ မိန်းကလေးက ပြုံးရွှင်စွာဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"Fashion House Design School က ကြိုဆိုပါတယ်ရှင်၊ အပေါ်ထပ်ကို တက်သွားလိုက်ပါနော်၊ သင်တန်းခန်းမကို တွေ့ပါလိမ့်မယ်"

"တစ်ခုလောက်မေးချင်လို့ပါ မမရယ်၊ ကျောင်းလခတွေကို ကျွန်မ"

"ညီမလေးအတွက် တစ်နှစ်စာလုံး အပြည့်ပေးထားပြီး သားပါရှင်"

"အို . . ."

မာန် မျက်လုံးတွေ ဝိုင်းစက်ပြူးကျယ်သွားသလို နှလုံးသွေးတို့ တထိတ်ထိတ် တိုးခုန်လာခဲ့ပြန်သည်။ အံ့သြဖို့ ကောင်းလိုက်တဲ့အဖြစ်။ ဘယ်သူကများ ဘယ်သူကများ အခုလို လုပ်ခဲ့တာပါလိမ့်။ ဘယ်လိုစိတ်ကူးရည်ရွယ်ချက်နှင့်ပါလိမ့်။ ထိုသူက မာန့်ကို အပေါ်စီးကနေလှမ်းကြည့်ခွင့်ရနေသလို အားလုံးမြင်ခွင့်ရနေပြီး မာန်ကတော့ ဘယ်သူမှန်း ဘယ်ဝါမှန်း မသိ၊ ဘာမှ သိခွင့်မရသည်မှာ တရားမျှတမှု ရှိပါရဲ့လား။ သူ မာန့်ဆီက ဘာကို မျှော်လင့်နေခဲ့တာပါလိမ့်။

"မမရယ် . . . ကျေးဇူးပြုပြီး ကျောင်းလခတွေ ပေးထားတဲ့ သူ့ရဲ့ နာမည်နဲ့ လိပ်စာကလေး သိခွင့်ရချင်ပါတယ်၊ ကျွန်မ





အတွက် အရေးကြီးလို့ပါ"

"ဆောရီးပါ ညီမလေးရယ်၊ မမမှာ ပြောပြခွင့် မရှိပါဘူး၊ သူကလည်း လျှို့ဝှက်ထားပါတယ်"

"ဪ . . ."

စိတ်ထဲမှာ မချင့်မရဲ . . . တအုံနွေးနွေးကလေး ဖြင့် သင်တန်းခန်းမဆီသို့ တက်လာခဲ့ရသည်။ မြင်မြင်သမျှ အရာ အားလုံးသည် ထိတွေ့ကိုင်တွယ်၍မရနိုင်သော အိပ်မက် စိတ်ကူး ယဉ် ကမ္ဘာတစ်ခုလိုပါ။ ဂျပန်ဆရာမနှင့်အတူ စကားပြန်တစ် ယောက်ထားပေးသည်။ သင်တန်းသူ သင်တန်းသားရယ်လို့ ဆယ့် ငါးယောက်သာရှိပါသည်၊ အားလုံး တတ်နိုင်သူတွေချည်း၊ ရုပ်ရည် သန့်သန့်ပြန့်ပြန့် သားသားနားနားကလေးတွေချည်း။ မိတ်ဆက် စကားပြောနေသော ဆရာမရဲ့ စကားသံ . . . စကားပြန်၏ မြန်မာလို ဘာသာပြန်ပေးသံတွေကို မကြားတချက် ကြားတစ်ချက် ရှိကာ . . . အာရုံထဲမှာ သူ . . . ဘယ်သူလဲဆိုသော မေးခွန်း ကသာ ထပ်တလဲလဲပေါ်နေခဲ့သည်။ မာန့်ဘဝမှာ ပထမဆုံးသော ဘဝနှင့်ချီသည့် ပဟေဠိ ပုစ္ဆာတစ်ခုဖြစ်ပါသည်။

"ဒီကျောင်းတက်ခွင့်ရတဲ့ ဒီဇိုင်နာတွေရဲ့ ဒီဇိုင်းတွေကို ကျောင်းဆင်းပွဲကျရင် ဒီဇိုင်နာ ဖက်ရှင်ရှိုး လုပ်ပေးနေကျ



www.burmeseclassic.com


www.burmeseclassic.com


ဖြစ်ပါတယ်၊ ဒီပလိုမာ ပေးအပ်နှင်းပွဲနဲ့ ဖက်ရှင်ရှိုးကို ပြည်တွင်းက ဒီဇိုင်နာတွေ မီဒီယာတွေနဲ့ မင်းသား မင်းသမီးတွေ၊ မော်ဒယ်လ်တွေ ဖိတ်နေကျမို့ ကိုယ့်ရဲ့ အခွင့်အလမ်းကို ပီပီပြင်ပြင် ဆုပ်ကိုင်ရယူစေချင်ပါတယ်၊ သင်တန်းပြီးတဲ့အခါ ဒီသင်တန်းရဲ့ အထူးချွန်ဆုံး ကျောင်းသူတချို့ကို ရွေးချယ်ပြီး ဆရာမရဲ့ Fashion House ကုမ္ပဏီမှာ အလုပ်ဝင်ခွင့် ပေးမှာပါ၊ ဆရာမရဲ့ NEW FACE Brand နာမည်နဲ့ အင်္ကျီဒီဇိုင်းတွေ ထုတ်လုပ်ရောင်းချနေတဲ့ ဆိုင်ခွဲပေါင်း ဂျပန်မှာရော မြန်မာပြည်မှာပါ သုံးဆယ်ကျော် ရှိပါတယ်၊ ဒီကျောင်းရဲ့ ရည်ရွယ်ချက်ကိုက ထူးချွန်ထက်မြက်ပြီး talent ရှိတဲ့ မြန်မာဒီဇိုင်နာတွေ မွေးထုတ်ရွေးချယ်ပေးခြင်းပဲ ဖြစ်ပါတယ်၊ ဒါကြောင့်လည်း မိနစ်နဲ့အမျှ . . . နာရီနဲ့အမျှ ဂရုတစိုက် လေးလေးနက်နက်နဲ့ အာရုံစူးစိုက်ပြီး ကြိုးစား သင်ယူစေချင်ပါတယ်၊ ကျောင်းသူတွေဟာ နေ့စဉ်ပုံမှန် ကိုယ့်စိတ်ကြိုက်ဒီဇိုင်းတွေလည်း ထုတ်လုပ်ပြသခွင့်ရှိပါတယ်၊ အားလုံး အပြိုင်အဆိုင် ကြိုးစားကြပါ . . . လို့ မှာချင်ပါတယ်၊ နောက်ဆုံးအနေနဲ့ ပြောရရင် တစ်ချိန်မှာ တောက်ပထင်ရှားလာမယ့် နာမည်ကြီး ဒီဇိုင်နာလောင်းတွေကို Fashion House က နွေးထွေးစွာ ကြိုဆိုပါတယ် ရှင်"

×××


www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဟာ

အိပ်မက်မဟုတ်ဘူး၊

တကယ်ဖြစ်နေတာလို့

သိလိုက်ရချိန်မှာ

အဲဒီ

အိပ်မက်နဲ့တူတဲ့ အခွင့်အရေးကို

အမိအရ ဖမ်းဆုပ်ယူနိုင်ဖို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

ပထမဆုံး သူ သတိထားမိသည်က သူ၏ mail box ထဲသို့ရောက်ရှိလာသော online software engineering course တက်ခွင့်ရသည့် username နှင့် password ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ပထမတော့ သူ မယုံနိုင်။ spam emailလား virus လားဟု ယုံသင်္ကာ ဖြစ်လိုက်မိသေးသည်။ သို့သော် အဲဒီ online course တက်လို့ရသော website ကတော့ အစစ်အမှန်ပဲဆိုတာ သူ သိနေပါသည်။ username က "zwenaythan@gmail.com"၊ password က lovemetender 2010 တဲ့။ အဲဒါကလေးက သူ့အာရုံကို လှပစွာ ဆွဲယူဖမ်းစားနေသည်။ ဒီ course ကို တက်ခွင့်ရဖို့အတွက် ပိုက်ဆံသွင်းမှပဲ တက်ခွင့်ရမည့်ကိစ္စ။ သူလည်း ပိုက်ဆံမသွင်းမိ။ အဲဒါဆိုလျှင် ဘယ်လိုလုပ်ပြီး သူ့ mail ထဲ ရောက်လာခဲ့တာလဲ။ ဘယ်သူက သူ့ mail ကို အသုံးပြုပြီး ဒီ online course အတွက် ပိုက်ဆံသွင်းပေးလိုက်ရတာလဲ။ သူ အံ့ဩလို့ မဆုံးနိုင်ပါ။





www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတော့ သူ့ရဲ့ နှလုံးသားက ဖွင့်ကြည့်ဖို့ကို တိုက်တွန်းလျက်ရှိသည်မို့ ဖြစ်ချင်ရာဖြစ်ကွာဆိုပြီး username နှင့် password ကို ရိုက်ထည့်လိုက်သည်။ ရုတ်တရက် သူ့မျက်လုံးတွေကို ပင် သူ မယုံနိုင်။ online course ၏ အဆင့်ဆင့်တွေထဲ သူ လွယ်ကူချောမွေ့စွာပင် ဝင်ရောက်နိုင်စွမ်းရှိနေခဲ့သည်။

သင်ခန်းစာတွေ မှတ်စုတွေ လေ့ကျင့်ခန်းတွေ အဲဒါတွေကို သူ လောဘတကြီးပဲ သင်ယူလေ့လာနေခဲ့မိသည်မှာ ထိုညတစ်ညလုံး။ နောက်တစ်နေ့မှာ ဖွင့်လို့မရတော့မည့်အတိုင်း။ မနက်မိုးလင်းသွားသည်အထိ သူ တစ်ညလုံး တစ်မှေးမှပင် မအိပ်လိုက်။ တစ်ညတည်းနှင့် သင်ခန်းစာတွေ တော်တော်များများ သူလုပ်နိုင်ခဲ့သည်။ ဒီ online course ကို အပြီးအထိ လေ့လာပြီးလျှင် Assessment test အတွက် သူတို့ ညွှန်ကြားမည့် Exam Centre တစ်ခုမှာ စာမေးပွဲဝင်ဖြေလိုက်နိုင်လျှင် သူ့အတွက် စင်္ကာပူနိုင်ငံရှိ Software Engineer တက္ကသိုလ်မှ အသိအမှတ်ပြုသည့် Diploma Certificate ကို ရရှိနိုင်မည်။ အဲဒီတက္ကသိုလ်မှာ ဘွဲ့ရတဲ့အထိ တက်ခွင့်ရဖို့ Scholarship ကိုလည်း လျှောက်ထားနိုင်လိမ့်မည်။ သူ အလွန် တက်ချင်နေသော စင်္ကာပူရှိ National University of Singapore (NUS) ကို တက်ခွင့်ရဖို့ဆိုသည်မှာ သူ့ အတွက်တော့ အလွန်လှပခမ်းနားသည့် အိပ်မက်တစ်ခုသာဖြစ် သည်။ အဲဒါဟာ အိပ်မက်မဟုတ်ဘူး။ တကယ်ဖြစ်နေတာ . . . လို့ သိလိုက်ရချိန်မှာ အဲဒီ အိပ်မက်နဲ့တူတဲ့ အခွင့်အရေးကို အမိအရ ဖမ်းဆုပ်ယူနိုင်ဖို့ပဲ ဖြစ်သည်။

အဲ့ဒီ online course ကို သင်ယူနေသော အချိန်တစ်ချိန်လုံးမှာ သူ့ကို ဝတ်ရုံတစ်ခုလို လွှမ်းခြုံထားသည်မှာ သူ့အတွက် အဲဒီအခွင့်အရေးကို ဖန်တီးပေးခဲ့သူဟာ ဘယ်သူများလဲဆိုသော ပဟေဠိကြီးဖြစ်သည်။ အဲဒါကို သိချင်လှသည်။ တစ်ယောက်ယောက်က သူ့အတွက် စနစ်တကျ ကြိုတင်ရည် ရွယ်လျက်သူ့ရဲ့ အကြီးမားဆုံး မျှော်လင့်ချက်အိပ်မက်တစ်ခုကို ဖြည့်ဆည်းပေးလိုက်ခြင်းဖြစ်သည်။ အဲဒီအတွက် မြင်ခွင့် သိခွင့် မရနိုင်သော ကျေးဇူးရှင်ကို သူဘယ်လိုလိုက်ရှာပြီး ကျေးဇူးတင်စကား ပြောရမှန်းတောင် မသိ။ လူ့သဘာဝအတိုင်း သိခွင့်မရသော အရာကို ပိုသိချင်တတ်သည်မို့ သူ့မှာ နေမထိထိုင်မသာ။

အဲဒီ ပဟေဠိကြီးနှင့်ပင် Software Engineering Course ကို ပြီးတဲ့အထိ သူ အားကြိုးမာန်တက် ကြိုးစားသင်ယူနိုင်ခဲ့ပါသည်။

×××



www.burmeseclassic.com

www.burmeseclassic.com

သဝဏ်နှင့်ဩတို့ တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်နေမိကြရင်း ပြုံင်တူပြုံးမိကြပါသည်။ သူတစ်ပါး၏ အဖြစ်ချင်ဆုံး အလိုချင်ဆုံး လိုအင်ဆန္ဒကို ကိုယ်စီကိုယ်ငှ တိတ်ဆိတ်လျှို့ဝှက်စွာ ဖြည့်ဆည်းပေးလိုက်ရသဖြင့် ကိုယ်တိုင်ပြန်ပြီး ရရှိလိုက်သော ပီတိသုခတွေကို တစိမ့်စိမ့် အရသာခံယူနေမိခြင်း လည်းဖြစ်သည်။

"သူတို့ အရမ်းပျော်နေကြတယ်၊ အရမ်းလည်းတက်ကြွပြီး ကြိုးလည်းကြိုးစားကြတယ်"

သဝဏ်ရော ဩပါ ကိုယ်ဖန်တီးပေးလိုက်သော ကံကြမ္မာအပြောင်းအလဲကို သူတို့ ဘယ်လိုခံယူတုန့်ပြန်ကြသလဲ ဆိုတာကို မျက်ခြည်အပြတ်မခံကြ။ သဝဏ်ကိုယ်တိုင်က Fashion House Designe School ကျောင်းထွက်လည်းဖြစ်သလို ဆရာမ





Yuki နှင့်ပါ ပုဂ္ဂိုလ်ရေးအရ ခင်မင်နေပြီးသားမို့ သတင်းစုံစမ်းရတာ အလွန်အဆင်ပြေပါသည်။ ဆရာမကို ပွင့်ပွင့်လင်းလင်းပြောပြထားပြီးသားမို့ သဝဏ်၏ လျှို့ဝှက်ချက်များအတွက်လည်း လုံခြုံစိတ်ချရပါသည်။

"သဝဏ် . . . မင်းရဲ့ ကောင်မလေးက အရမ်း talented ဖြစ်တာပဲ၊ မင်း လူရွေးတာ သိပ်မှန်တယ်၊ တစ်ခါတစ်ခါ သူထုတ်ထားတဲ့ ဒီဇိုင်းတွေကို ကြည့်ပြီး ကိုယ်တောင် ဖျားသွားတယ်၊ ကြိုးစားပြီးတော့လည်း သင်ယူနိုင်စွမ်းရှိတယ်၊ တစ်ထွာလောက်ပြရင် တစ်လံလောက် သူက ချဲ့ထွင်မြင်နိုင်စွမ်းရှိတယ်၊ ကိုယ် သူ့ကို နိမိတ်ဖတ်လိုက်မယ်၊ မြန်မာပြည်ရဲ့ နာမည်ကြီး ဒီဇိုင်နာတစ်ယောက် ဖြစ်လာလိမ့်မယ်၊ သူ့မှာ personality လည်းရှိပြီးသား"

ဟု . . . ဆရာမက ဖုန်းထဲကနေတဆင့် နွေးအားမာန်အတွက် မှတ်ချက်တွေ တစ်လှေကြီးပေးသွားခဲ့တော့ သဝဏ်မှာ စိတ်ချမ်းသာကျေနပ်၍မဆုံးနိုင်ပါ။ သူမ တစ်နေ့ ဖြစ်ထွန်းအောင်မြင်လိမ့်မယ်ဆိုတာကို သဝဏ်ကိုယ်တိုင်လည်း တထစ်ချ ယုံကြည်စိတ်ချနေခဲ့ပြီးသား။

နွေဥဩကျတော့လည်း သူကိုယ်တိုင်က National





www.burmeseclassic.com

www.burmeseclassic.com

University of Singapore (NUS) ၏ Software Engineer ဘွဲ့ရယူနိုင်ခဲ့သူမို့ သူရွေးချယ်လိုက်သော ဖွဲ့နေသန်အတွက် သူလျှောက်ခဲ့သော လမ်းကြောင်းအတိုင်း အသာအယာ ဖောက်ထွင်းပေးနိုင်ခဲ့သည်။ ဩ၏ ပင်မ business မှာ Net Cafe ဆိုင်ခွဲတွေ မဟုတ်။ မြန်မာပြည်ရှိ စီးပွားရေးလုပ်ငန်းရှင်ကြီးတချို့၏ လုပ်ငန်းပိုင်ဆိုင်ရာ data အချက်အလက်တွေအတွက် ကိုယ်ပိုင် Software တွေ ရေးဆွဲပေးရသည့် လုပ်ငန်းဖြစ်သည်။ လုပ်ငန်းရှင် တော်တော်များများက ဩကိုပဲ ယုံကြည်စိတ်ချစွာ အားကိုးလေ့ရှိကြသည့်အတွက် သူ အဆင်ပြေအောင်မြင်နေပါသည်။

"ကိုယ့်ငတိလေးလည်း တော်တော်ကြိုးစားတယ် သဝဏ်၊ ဒီကောင်လေး တော်တော် ဉာဏ်ပြေးတယ်၊ genius ကလေး၊ သူ့ရဲ့စိတ်ဓာတ်နဲ့ အကျင့်စရိုက်ကလေးကိုလည်း ကိုယ်ကြိုက်တယ်၊ အဆင့်အတန်းမြင့်တယ်၊ ကိုယ် သူ့ကို NUS (National University of Singapore) ပို့ဖို့အထိ ရည်ရွယ်ထား တယ်၊ သူ Scholar ရမှာသေချာပါတယ်၊ ကိုယ့်ဘက်က သတင်း အချက်အလက်နဲ့ ဆက်သွယ်ပေးမှုအတွက်ပဲ ပံ့ပိုးပေးရမှာပါ"

ဩက မျက်ဝန်းများတောက်ပစွာဖြင့် သူ့ လူငယ်လေးအကြောင်း ထက်သန်စွာ ပြောပြနေသည်။ သဝဏ်က ဩကို ကျီစယ်ချင်လာတာနှင့် . . .

"ကဲ . . . သူတို့နှစ်ယောက်ကို ဆုံအောင် ဘယ်လို ဖန်တီးပေးမယ် စိတ်ကူးထားလဲ ဩ"

ဟု မေးလိုက်သည်။ ဩက ပခုံးတွန့်ကာ ပြုံးရင်း . . .

"ကိုယ်တို့ နည်းနည်း ဉာဏ်ကစားဖို့တော့ လိုလိမ့်မယ် သဝဏ်၊ တစ်ယောက်ကိုတစ်ယောက် ရှိနေမှန်းတောင် မသိကြတဲ့ အဝေးကြီးကလူနှစ်ယောက်ကို ဆုံဆည်းပေးဖို့ဆိုတာ သူတို့နှစ်ယောက်အတွက် ဆက်သွယ်မှုကွန်ရက် network တစ်ခုကို ဖန်တီးပေးဖို့လိုတယ်လေ၊ အဲဒီအတွက် လှည့်စားမှုကလေးတွေ twists ကလေးတွေတော့ သုံးရလိမ့်မယ်၊ သူတို့နှစ်ယောက် ဆက်သွယ်မှု ဧရိယာအတွင်း ရောက်ရှိလာပြီဆိုရင် တစ်ယောက်ကိုတစ်ယောက် ခေါ်ဆို၍ရနိုင်ပြီပေါ့"

"အံ့မယ် တယ်ဆိုတဲ့စာပါလား၊ အဲဒီလို စိန်ခေါ်မှုပါတဲ့ ကစားနည်းမျိုးကို သဝဏ်ကြိုက်တယ်"

ဩ၏အပြောကို နှစ်သက်ကျေနပ်စွာဖြင့် သဝဏ်

www.burmeseclassic.com

ပြောမိတော့ ဩြက မျက်လုံးတစ်ဖက်မှိတ်ပြပါသည်။

"သဝဏ်ကောင်မလေးရဲ့ gmail account လိုချင်တယ်"

"ရှိမှာပေါ့ . . . သူ net cafe တောင်သုံးနေတာပဲ. . . သဝဏ်စုံစမ်းပေးမယ်"

"ဟုတ်ပြီ . . . ပြီးရင် သူနာမည်ပါတဲ့ gmail account အသစ်တစ်ခုထပ်ဖွင့်ဖို့ လိုလိမ့်မယ်၊ အဲဒါ သဝဏ့်တာဝန်ပေါ့။ ဥပမာ သူ့နာမည်က နွေးအားမာန်မှလား၊ ဒါ ဆိုရင် nwayarrmahn2010@ gmail.com ဆိုပါတော့၊ အဲဒီ account နဲ့ ဖွဲ့နေသန်ကို invite လုပ်ရမှာ၊ ကိုယ်ဆိုလိုချင်တာကို သဝဏ်ရရဲ့လား"

"ကျွန်မ အဲဒီလောက် မတုံးသေးဘူး ဩြရဲ့၊ ဒါဆိုရင် နွေးအားမာန်ရဲ့ ပင်မ, gmail ဆီကို ဩြက ဖွဲ့နေသန် အတွက် ဩြဘာသာ account ဖွင့်ပြီး လှမ်းဆက်သွယ်မယ့်သဘောပေါ့"

"wow! ပေါက်လွယ်လှချည်လား အပျိုကြီးရဲ့"

"ဘာအပျိုကြီးလဲ . . . စကားကိုဆင်ခြင်ပြောပါနော်"

"အသက်သုံးဆယ်ရှိပြီလေ . . . ခုထက်ထိ ယူမယ့်သူက အဆင်သင့်ရှိနေရက်နဲ့ မယူသေးဘဲ မူလဂျီ လုပ်ပြီး ပဲများ







နေတာ အပျိုကြီးမခေါ်လို့ ဘာခေါ်ရမှာတုံး"

ဩြ၏ ရယ်ရွှင်မြူးဖျရိပ်လွှမ်းသော ချစ်စနိုး ကျီစယ်သည့် မျက်နှာကို သဝဏ်က မျက်စောင်းလှလှဖြင့် လှမ်းပေါက်ပစ်လိုက်သည်။ ဩြဆီက အဲဒီလို စူးစူးနစ်နစ် နက်ရှိုင်းလွန်းသော အကြည့်တွေကို ခံယူရရှိလေတိုင်း သဝဏ့်ရင်တွေ သိမ့်သိမ့်တုန်ကာ . . . ပူနွေးရှိန်းမြရမြဲဖြစ်ပါသည်။ ဒီကမ္ဘာမှာ ကိုယ်ချစ်တဲ့သူကို လက်မထပ်ချင်သူရယ်လို့ . . . ဘယ်နှယောက်များ ရှိနိုင်မှာမို့လည်းကွယ် . . .။

xxx





www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၇



www.burmeseclassic.com

www.burmeseclassic.com

ဘဝမှာ

အလုပ်ချင်ဆုံးအလုပ်ကို

လုပ်ခွင့်ရနေခြင်းရယ်...

အဲဒီအလုပ်အပေါ်မှာ

အောင်မြင်အောင်

ငွှမ်းစွမ်းတမံ

ကြိုးစားနေရခြင်းဟာလည်း

ဘဝရဲ့

အလှပဆုံး တိုက်ပွဲတစ်ခုပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၅

မာန့်ဘဝက ခုတော့ဖြင့် လှလှပပ။ အဓိပ္ပာယ်ရှိ လွန်းလှတယ်ဟုတောင် ပြော၍ရပါသည်။ မာန် စိတ်ဝင်စားလွန်းသော ဒီဇိုင်းပညာကို ဆရာမပေးသမျှ အကုန်နီးပါး ခြစ်ခြုတ်သင်ယူပြီး မာန့်ဆီမှာရှိသမျှ အစွမ်းအစတွေ ဖန်တီးနိုင်မှု စွမ်းအင်တွေ မှန်သမျှကိုလည်း အကုန်ပြန်၍ ထုတ်ဖော်ဖန်တီးသူဖြစ်သောကြောင့် သင်တန်းသူတွေအားလုံးထဲမှာ မာန့်၏အရည်အသွေးက ထင်းထွက်နေတတ်စမြဲ။ မာန်မို့ ဒီဇိုင်းအသစ်တင်ပြသည့်နေ့ဆိုလျှင် ဆရာမက စလို့ သင်တန်းသူတွေအားလုံး၏ စိတ်ဝင်စားမှုကို ဆွဲညှို့ယူနိုင်မြဲ။ မာန့်၏လက်ရာတွေထဲမှာ ဆန်းသစ်တီထွင်မှု taste တစ်မျိုး အမြဲပါသည်ဟု ဆရာမက ချီးကျူးတတ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



မာန်သည် အမည်မဖော်လိုသော လျှို့ဝှက်သူတစ်ဦး၏ ကျေးဇူးဖြင့် မာန်လျှောက်ချင်သော လမ်းကြောင်းတစ်ခုဆီ လှလှပပ မြင့်မြင့်မားမား ဖောက်ထွင်းလျှောက်လှမ်းခွင့်ရနေသဖြင့် အဲဒီသူ ဘယ်သူလဲဆိုတာကို ရှူးမလောက် သိခွင့်ရချင်နေခဲ့သည်။ ဘယ်လိုမှလည်း သိခွင့်မရနိုင်ခဲ့။ ပညာ ထူးချွန်သဖြင့် ဆရာမ၏ ဂရုတစိုက် အရေးပေးမှုကို ခံယူခွင့်ရသော ဆရာမ၏တပည့်အချစ် တော်ကလေး ဖြစ်ခွင့်ရလာသည့်တိုင် မာန်၏ ကျောင်းစရိတ်တွေ အားလုံးကို ဖြည့်ဆည်းပံ့ပိုးပေးထားခဲ့သူမှာ ဘယ်သူလဲဆိုတာ သိခွင့်မရနိုင်ခဲ့။ သိခွင့်ရဖို့အတွက် ဆရာမနှင့် သီးသန့်သွားတွေ့ပြီး မေးဖို့ ကြိုးစားခဲ့ပါသည်။ ဆရာမက နူးညံ့သိမ်မွေ့သော အပြုံး ကလေးတစ်ခုနှင့် . . .

"သူက မသိစေချင်ဘူး၊ ဆိုလိုတဲ့အဓိပ္ပာယ်က သူ့ရဲ့ ကူညီမှု ဟာ နွေးအားမာန်ဆီက ဘာမှ ပြန်မမျှော်လင့်ဘူးဆိုတဲ့ အဓိပ္ပာယ်ပါ၊ သူ မသိစေချင်တဲ့အရာကို လုံခြုံအောင် စော ထိန်းပေးရမှာ ဆရာမရဲ့ သစ္စာပဲ၊ သူ့ကို သစ္စာမဖောက်ချင် ပါဘူး၊ နွေးအားမာန် သူ့ကို ကျေးဇူးတင်ရင် . . . အထူး ချွန်ဆုံးဖြစ်အောင် ကြိုးစားပေါ့၊ လူဆိုတာ အခွင့်အရေး ခိုက်မှာ ကိုယ့်အရည်အသွေးကို အတောက်ပဆုံးဖြစ်အောင် ဖန်တီးနိုင်ရမယ်၊ အဲဒါမှ အဓိပ္ပာယ်ရှိတယ်လေ"

ဆရာမက အင်္ဂလိပ်လို ပြောပြခဲ့ခြင်းဖြစ်သည်။ မာန်ကလည်း နားလည်အောင် ကြိုးစားပြီး ဘာသာပြန်ရသည်။ လျှို့ဝှက်အပ်သော ကိုယ်ရေးကိုယ်တာကိစ္စမို့ ဆရာမက စကားပြန် တောင် မသုံးခဲ့။ အဲဒီလောက် တိကျပြတ်သားသော ဆရာမဆီက ဘယ်လိုအရိပ်အမြွက်ကလေးမှ မရနိုင်တော့မှန်း မာန် နားလည်ခဲ့ ပါသည်။

တစ်နှစ်လုံးလုံး ဒီဇိုင်နာကျောင်းတက်နေရမည်မို့ အိမ်အတွက် မာန် ဝင်ငွေရှာမပေးနိုင်မှာ စိုးသည့်အတွက် ကျောင်း ကပြန်ချိန် ညနေစောင်းပိုင်းကလေးတစ်ချိန်ကို ရှာဖွေပြီး မာန်တို့ လမ်းထိပ်က internet cafe ဆိုင်ကလေးမှာ အချိန်ပိုင်းအလုပ် ကလေး ဝင်လုပ်ခဲ့သည်။ အဲဒီကပြီးရင် အိမ်ပြန် တစ်နေ့စာ သင်ယူ ခဲ့တာတွေရော၊ ဆရာမ assignment ပေးလိုက်သော homeworks တွေရော လုပ်ရင်း စိတ်ကူးထဲ အသစ်ပေါ် လာသမျှ ဒီဇိုင်းတွေ လည်း ထုတ်ရသေးသဖြင့် မာန့် အိပ်ရာဝင်ချိန်သည် အမြဲတမ်း တစ်နာရီထက်မစောခဲ့။ မနက်ဆို ငါးနာရီလောက် ပြန်ထပြီး assignments တွေ မပြီးသေးလျှင် ကမန်းကတန်းလုပ်ရသေးသည်။ ဆရာမ ပေးထားသော websites တွေဆီ ဝင်ကြည့်ဖို့အတွက်သော့

www.burmeseclassic.com



net cafe မှာ ကိုယ့်တာဝန်ပြီးလျှင် နာရီဝက်လောက်တော့ အလကားသုံးခွင့်ပေးသဖြင့် နာရီဝက်အတွင်း ခပ်သွက်သွက် ဝင်ကြည့်ရသေးသည်။

အဲဒီမှာ ပထမဆုံး စိတ်ဝင်စားစရာ mail တစ်စောင်ကို ရရှိခဲ့ခြင်းဖြစ်ပါသည်။

From : zwenaythan2010@gmail.com

To : nwayarrmahn@gmail.com

Subject : အစစအရာရာ အဆင်ပြေပါစေ . . .

ခင်မင်သော နွေးအားမာန် . . .

ကိုယ့်ကို မင်းသိမှာမဟုတ်ပါဘူး။ ကိုယ်ကသာ မင်းကို သိနေခဲ့တာပါ။

နာမည်နဲ့လိုက်ဖက်အောင် အားမာန်အပြည့်နဲ့ ကြိုးစားနေတဲ့ မိန်းကလေးတစ်ယောက်အဖြစ်ပေါ့။

တစ်ချိန်မှာ မြန်မာပြည်ရဲ့ အတောက်ပဆုံး ဒီဇိုင်နာမ,ကလေးတစ်ယောက်အဖြစ် မြင်ချင်ပါတယ်။ ဖြစ်မယ်ဆိုတာလည်း ယုံကြည်ပြီးသားပါ။ အစစအရာရာ အဆင်ပြေပါစေ။

ခင်မင်စွာ

ဇွဲနေသန်







P.S. ဖြစ်နိုင်မယ်ဆိုရင် ကိုယ် မင်းကို gtalk မှာ invite လုပ်ထားတာကို လက်ခံပေးပါနော်။ တစ်ခါတစ်ရံ chat လုပ်ခွင့်ရချင်ပါတယ်။ မင်းအတွက် အဆိပ်အတောက် မဖြစ်စေမယ့် သူငယ်ချင်းတစ်ယောက်အဖြစ် ယုံကြည်လက်ခံမယ်ဆိုရင်ပေါ့။

ထိုစာကလေးကို မျက်ခုံးကလေးရှုံ့ရင်း ထပ်တလဲလဲ ဖတ်မိခဲ့သည်။ သူ ဘယ်သူလဲ။ 'ဇွဲနေသန်' ဟူသော နာမည်တစ်ခုသည် မာန့်အတွက် လုံးဝ အစိမ်းသက်သက် သူစိမ်းပြင် ပြင်ပါ။ နာမည်ကလေးတောင် မကြားဖူးခဲ့။ သူက ဘယ်လိုလုပ်ပြီး မာန့်အကြောင်းတွေ သိနေရတာပါလိမ့်။ အခုတလော လျှို့ဝှက်ချက်မှုန်သမျှကို သိချင်နေသူမို့ ဒီ ဇွဲနေသန်ဆိုသူကိုလည်း သံသယပါးပါးကလေး ဝင်သွားခဲ့မိသည်။ သူများလား မာန့်ကို Fashion House Design School တက်ခွင့်ရအောင် လျှို့ဝှက်စွာ စီစဉ်ပေးခဲ့တာ။ သူ့စာထဲမှာ မာန့်အတွက် အဆိပ်အတောက် မဖြစ်စေမယ့် သူငယ်ချင်းဆိုတာကို ယုံကြည်ပေးလိုက်ချင်မိသလိုလို။ မာန့်ရဲ့ e-mail လိပ်စာကိုကအစ သိထားသူဆိုတော့ သူဟာ အဝေးကြီးကလည်း မဖြစ်နိုင် . . .။ မာန်ကတော့ လျှို့ဝှက်ရှောင်ပုန်းနေသူကို အမိဖမ်းချင်စိတ်ကလေး ရှိနေသည်မှာအမှန်ပါ။ ဘာကြောင့်ရယ်





www.burmeseclassic.com

www.burmeseclassic.com



တော့မဟုတ်။ မာန့်ဘဝ တစ်ဆစ်ချိုးကို ဤမျှ လှပသက်ဝင်အောင် ပြောင်းလဲပေးခဲ့သော ကျေးဇူးရှင်တစ်ယောက်ကို တလေးတစား မျက်နှာချင်းဆုံပြီး သိပ်ကျေးဇူးတင်မိတဲ့အကြောင်းကို လှိုက်လှိုက်လှဲလှဲ ပြောပြချင်မိတာပါ။ အဲဒါကြောင့်လည်း gtalk မှာ ဇွဲနေသန့်ဆိုတာကို ချက်ချင်းပဲပြန် accept လုပ်ခဲ့မိသည်။ သူ ဘယ်သူလဲဆိုတာ သိချင်လှသောကြောင့် ဖြစ်ပါ၏။

×××





From : nwayarrmahn2010@gmail.com

To : zwenaythan@gmail.com

Subject : အစစအရာရာ အဆင်ပြေပါစေ

ခင်မင်သော ဇွဲနေသန့် . . .

ကိုယ့်ကို မင်းသိမှာ မဟုတ်ပါဘူး။ ကိုယ်ကသာ မင်းကို သိနေခဲ့တာပါ။

နာမည်နဲ့ လိုက်ဖက်အောင် ဇွဲသန်သန်နဲ့ ကြိုးစားနေတဲ့ ကောင်လေးတစ်ယောက်အဖြစ်ပေါ့။

တစ်ချိန်မှာ မြန်မာပြည်ရဲ့ အအောင်မြင်ဆုံး Software Engineer တစ်ယောက်အဖြစ် မြင်ချင်ပါတယ်။ ဖြစ်မယ်ဆိုတာကိုလည်း ယုံကြည်ပြီးသားပါ။ အစစအရာရာ အဆင်ပြေပါစေ။

ခင်မင်စွာ

နွေးအားမာန်

P.S ဖြစ်နိုင်မယ်ဆိုရင် ကိုယ်မင်းကို gtalk မှာ invite လုပ်ထားတာကို လက်ခံပေးပါနော်။ တစ်ခါတစ်ရံ chat

www.burmeseclassic.com

www.burmeseclassic.com



လုပ်ခွင့်ရချင်ပါတယ်။ မင်းအတွက် အဆိပ်အတောက် မဖြစ်စေမယ့် သူငယ်ချင်းတစ်ယောက်အဖြစ် ယုံကြည်လက်ခံမယ်ဆိုရင်ပေါ့။

သူ့ရဲ့ mail box ထဲမှာ ထူးထူးခြားခြားရောက်ရှိလာခဲ့သော မိန်းကလေးတစ်ယောက်ဆီက စာဖြစ်သည်။ သူ့ဘဝမှာ မိန်းကလေးသူငယ်ချင်းမိတ်ဆွေတွေလည်း ရှိခဲ့ဖူးပါသည်။ အခုလို မိန်းကလေးသူစိမ်းတစ်ယောက်ဆီကနေ ထူးထူးဆန်းဆန်း စာဝင်လာတာကတော့ ဒါ ပထမဆုံးအကြိမ်ဖြစ်သည်။ 'နွေးအားမာန်' ဆိုသောနာမည်သည် သူ လုံးဝ မရင်းနှီးဖူးသော အစိမ်းသက်သက် နာမည်တစ်ခုဖြစ်ပါသည်။ သူမ ဘယ်သူလဲ။ ဘာကြောင့် သူ့အကြောင်းတွေ သိနေရတာလဲ။ အခုလောလောဆယ်မှာလည်း သူ့အတွက် အလွန်စိတ်ဝင်စားဖွယ်ကောင်းသော ပဟေဠိတစ်ခုက ရှိနေနှင့်သည်။ သူ့အတွက် Software Engineering Online Course ကို တစ်စုံတစ်ယောက်က လျှို့ဝှက်စွာ ပို့ပေးခဲ့သော ပဟေဠိကို သူ အရမ်းပဲ အဖြေရှာချင်နေခဲ့မိပါသည်။ ဒီကောင်မလေးဟာ အဲဒီပဟေဠိနှင့်များ ပတ်သက်နေမလား။ ခုခေတ်မှာ ဒီလို ပဟေဠိကလေးတွေ အရမ်းခေတ်စားလာခဲ့သည်။ ဆက်သွယ်ရေး ကွန်ရက်တွေ၊ အင်တာနက်တွေ ခေတ်စားလာတော့ လျှို့ဝှက်သော ပဟေဠိကလေးတွေ၊ ကစားနည်းကလေးတွေ လူငယ်တွေကြားမှာ ရေပန်းစားလာခဲ့သည်။ ဒီမိန်းကလေးဟာ IT ခေတ်ရဲ့ သမီးပျိုကလေးလား။ သူ့အတွက် online course တက်ခွင့်ရအောင် လျှို့ဝှက်စွာ ဖန်တီးပေးခဲ့သူလားဆိုတာ သူ တကယ်ပဲ သိချင်ပြင်းပြလာခဲ့သည်။ ထို့ကြောင့်လည်း gtalk မှာ လာ add လုပ်ထားသော နွေးအားမာန် ဆိုသော နာမည်စိမ်းတစ်ခုကို မသိဘဲနှင့် သူ accept လုပ်ပေးခဲ့ပါသည်။ အကယ်၍ သူမ လျှို့ဝှက်စွာ ပုန်းနေခဲ့လျှင် သူက ပဟေဠိကို အဖြေရှာပြီး သူမကို အမိဖမ်းချင်ပါသေးသည်။ သူ့ဘဝမှာ ဤမျှ ကျေးဇူးတင်စရာကောင်းလောက်အောင် သူ့ဘဝ အလှည့်အပြောင်းကို ဤမျှ လှပနက်နဲစွာ ဖန်တီးပေးခဲ့သော လျှို့ဝှက်သူတစ်ယောက်ကို မျက်နှာချင်းဆိုင်ဆုံပြီး အားပါးတရ ကျေးဇူးတင်စကား ပြောခွင့်ရချင်မိပါသည်။

From : zwenaythan@gmail.com

To : nwayarrmahan2010@gmail.com

Subject : မင်း ဘယ်သူလဲ?

ခင်မင်သော နွေးအားမာန်

ထူးခြားတဲ့ စာတစ်စောင်ကြောင့် အံ့သြမိပါတယ်။ မင်း ဘယ်သူလဲဆိုတာကို သိခွင့်ရနိုင်မလားဟင်။





www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်အနေနဲ့ တစ်ယောက်ယောက်က လျှို့ဝှက်ထားတဲ့ ပဟေဠိမျိုးကို အဖြေရှာရတာ သိပ်ဝါသနာပါပါတယ်။ အခွင့်အရေးရမယ်ဆိုရင် gtalk ကနေတဆင့် chat လုပ်ခွင့်ရချင်ပါတယ်။ ကိုယ် သိချင်တာလေး တစ်ခုရှိလို့ပါ။

ရိုးသားစွာဖြင့်

ဇွဲနေသန်

×××



လွှမ်းသားသား

လျှို့ဝှက်မှုပါတဲ့
ကစားပွဲတိုင်းဟာ
စိတ်ဝင်စားဖို့
အရမ်းကောင်းတယ်။
ပြီးတော့
ညှို့ယူဖြားယောင်းနိုင်စွမ်းလည်း
ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခုတလော သဝဏ်နှင့်ဩတို့ နေ့တိုင်းလိုလို ဆုံဖြစ်ကြကာ . . . ကိုယ်ဖန်တီးတီထွင်ထားခဲ့သော ကစားနည်းအတွက် စိတ်ထက်သန်တက်ကြွနေခဲ့ကြသည်။ ကိုယ့်အလုပ်တွေကိုယ်စီ လက်စသတ်ပြီးလို့ ညနေငါးနာရီခွဲလောက်ဆိုလျှင် ဩက သဝဏ့်ဆီ ရောက်လာတတ်သည်။ လက်ထဲမှာ apple notebook ကလေးနှင့်။ သဝဏ့်၏ ရုံးခန်းကလေးထဲမှာ လုံခြုံစိတ်ချရစွာဖြင့် ကစားပွဲကို ဆက်ကစားကြသည်။ နှစ်ယောက်သား ဟာကွက်မရှိအောင်၊ ထောင့်စေ့အောင် တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်း။ သဝဏ်ကလည်း ကိုယ့် notebook ကလေး ဖွင့်လို့။





www.burmeseclassic.com

www.burmeseclassic.com


"သူတို့နှစ်ယောက်စလုံး ပထမဆုံး Response တွေက စိတ်ဝင်တစားပဲ ဩ၊ ညနေလေးနာရီဆို နွေးအားမာန်က Fashion House ကနေ ကျောင်းဆင်းရင် အိမ်မပြန်ဘဲ net cafe မှာ ညနေအချိန်ပိုင်း အလုပ်ဝင်တတ်တယ်၊ အဲဒီအချိန်အတွင်းမှာပဲ သူ internet သုံးလေ့ရှိတတ်တယ်၊ အဲဒီအချိန်အတွင်းမှာ ဩ သူ့ကို ဝင်ပြီး chat လုပ်ရင်ရမယ်"

"ကိုယ့်ရဲ့ ဖွဲ့နေသန်လည်း ညနေပိုင်း ကိုယ့်ရဲ့ ရန်ကင်း Cyberzone မှာ အချိန်ပိုင်းဝင်လုပ်တယ်၊ မနက်ပိုင်းကို ကွန်ပျူတာစင်တာတစ်ခုမှာ သူ လုပ်တယ်၊ အဲဒီတော့ သဝဏ် သူ့ကို ဒီအချိန်မျိုး chat လုပ်ကြည့်ရင် အဆင်ပြေဆုံးပဲ၊ ဟော . . . ကောင်မလေး online တက်လာပြီ၊ ကိုယ် chat လုပ်ကြည့်မယ်"

"Hi"

"Hi"

"ကျောင်းက ပြန်လာပြီလား"

"ရှင်က ဘယ်လိုလုပ်ပြီး သိတာလဲ . . . ရှင် ဘယ်သူလဲ"

"ကိုယ် ဖွဲ့နေသန်လေ"

"ရှင့်ကို ကျွန်မ မသိဘူး"




"နွေးအားမာန်ကိုတော့ ကိုယ်က သိနေပါတယ်"

"အဲဒါ ရှင်မတရားဘူးပေါ့"

"တရားပါတယ်၊ ကိုယ့်ကို ယုံကြည်စိတ်ချပါလို့ ကြိုပြီး ပြောမထားချင်ပါဘူး၊ ဒါပေမယ့် ကိုယ် လူရှုပ်တစ်ယောက် မဟုတ်တာတော့ သေချာတယ်၊ နွေးအားမာန်ကို ရိုးသားစွာ ခင်မင်ချင်သူတစ်ယောက်ပါ၊ ခုခေတ်မှာ အပြိုင်အဆိုင်တွေ ထဲမှာ ကိုယ့်အားကိုယ်ကိုးပြီး ကြိုးစားရုန်းကန်နေတဲ့ မိန်းကလေး တစ်ယောက်အဖြစ် လေးစားမိတာပါ"

"ရှင် . . . ကျွန်မအကြောင်း ဘယ်လောက်သိထားလဲ"

"နည်းနည်းလောက်ပါ၊ အခု Fashion House Design School မှာ တက်နေတယ်၊ တစ်ချိန်မှာ အောင်မြင်တဲ့ designer တစ်ယောက်ဖြစ်ချင်စိတ် ရည်မှန်းချက် အရမ်းကြီးတဲ့ မိန်းကလေးတစ်ယောက်၊ ပြီးတော့ အရမ်းဆွဲဆောင်မှုရှိတဲ့ ကောင်မလေးတစ်ယောက်၊ အရမ်းလည်းထက်မြက်တယ်"

"တော်လောက်ပါပြီ၊ အဲဒီလောက် မမြှောက်ပါနဲ့၊ ကျွန်မခံစားချက်က ဘာနဲ့တူသလဲသိလား၊ တစ်စုံတစ်ယောက်က ဟိုးတိုက်အမြင့်ကြီးရဲ့ တစ်နေရာကနေ silencer တပ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



သေနတ်တစ်လက်နဲ့ အချိန်ခံထားရသူ တစ်ယောက်လိုပဲ ကျွန်မဆီမှာ laser point ကလေးကို တွေ့နေရတယ် . . . ဒါပေမယ့် အဲဒါ ဘယ်ကနေလာသလဲဆိုတာ ကျွန်မ လိုက်မရှာနိုင်ဘူး"

"ဟား . . .၊ ကိုယ် သေနတ်သမားတစ်ယောက် မဖြစ်ချင်ပါဘူးကွာ၊ မင်းကိုသတ်မယ့် လူသတ်သမား မဟုတ်ပါဘူး၊ အဲ့ဒါတော့ စိတ်ချထားပါ"

"ကျွန်မက ဥပမာပေးတာပါ . . ."

"ကိုယ်က မင်းအတွက် တစ်ခုခုပဲ ပေးသူဖြစ်ချင်တာပါ"

ကျွမ်းကျင်မြန်ဆန်သော လက်များဖြင့် တဖျောက်ဖျောက်နှိပ်ရင်း အပြန်အလှန် chat လုပ်နေသော ဩကို သဝဏ် မသိမသာ အကဲခတ် ငေးကြည့်နေမိခဲ့သည်။ ဩသည် ဘာပဲလုပ်လုပ် စနစ်တကျ သေချာတိကျစွာဖြင့် ဟာကွက်မရှိအောင် ဈာန်ဝင်စားစွာ စိတ်ထက်သန်စွာဖြင့် လုပ်တတ်တာကို သဝဏ် အလွန်သဘောကျပါသည်။ အခုလည်း တကယ်ဖြစ်နေတဲ့အတိုင်း သူကိုယ်တိုင် ဖွဲ့နေသန်နေရာမှာ ဝင်ခံစားပြီး ဟိုက တစ်ချက်ရိုက်လျှင် သူ ဘာပြန်ရိုက်ရမလဲဆိုတာ အလိုအလျောက် အလိုက်သင့် ပြင်ဆင်ထားပြီးသား။







"ရှင်က . . . ပဟေဠိလုပ်တတ်တဲ့သူတစ်ယောက်လား"

"ဟုတ်ကဲ့ . . . ကိုယ် အရမ်းဝါသနာပါပါတယ်၊ ကိုယ် မနက်ဖြန် နွေးအားမာန်ကို ကော်ဖီတိုက်ချင်တယ် . . . ရမလားဟင်"

"ယောကျ်ားလေးတစ်ယောက်က online မှာ ဘလိုင်းကြီး လာဝင်ရောပြီး ချိန်းတာကို ပြန်လက်ခံတတ်တဲ့ မိန်းကလေးလို့ ကျွန်မကို ထင်ထားသလား . . . ဖွဲ့နေသန်"

"ဟောဗျာ . . .၊ ကိုယ့်ကို လူချင်းလာတွေ့ပါလို့ . . . ကိုယ် ချိန်းမိလို့လားဗျာ၊ စိတ်ချပါ . . . တွေ့ဆုံဖို့ အခြေအနေအချိန်အခါ မတန်သေးမချင်း ကိုယ့်ဘက်က မတောင်းဆိုပါဘူး၊ ဒါပေမယ့် ပဟေဠိကလေးတွေတော့ ပေးနေချင်တယ်၊ မိအောင်ဖမ်းနိုင်မယ်ဆိုရင်တော့ နွေးအားမာန် တော်လို့ပေါ့လေ၊ ကိုယ် မနက်ဖြန် နွေးအားမာန်ကို ကော်ဖီတကယ် တိုက်မှာပါ၊ မနက်ဖြန် online မှာ ပြန်ဆုံမယ်လေ၊ ဒါပဲနော်"

"ဟုတ်ကဲ့၊ ကျွန်မမှာလည်း လုပ်စရာတွေ ရှိပါသေးတယ်"

သူမနှင့် chatting ကို ရပ်လိုက်ပြီးချိန်မှာ ဩက သဝဏ်ကို ပြုံးပြီး စိုက်ကြည့်လာသည်။

"ကဲ . . . သဝဏ်ရဲ့ကောင်မလေးကိုတော့ စပြီး ကျွေးထား





www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီ၊ ချစ်သူရည်းစား လုံးဝ မထားဖူးသေးတဲ့ အရိုင်းထည် အရိုးခံမိန်းကလေးတစ်ယောက်ဆိုတော့ မျှော်လင့်ထားတာ ထက် ပိုလွှယ်မယ်ထင်တာပဲ"

"အင်း . . . ဆရာကြီးပေါ့လေ၊ ဩက နပ်လှချည်လား၊ အပြင်မှာလည်း ကောင်မလေးတွေကို ကျွေးနေကျများလား ရှင်"

"သံသယထားတယ်ပေါ့လေ၊ ဒါမှမဟုတ် အဲဒါ သဝန်တို တာလား၊ ကိုယ့်ကို လုံးဝ စိတ်ချထားပါ သဝဏ်ရယ်၊ ပုံရိပ် စစ်တစ်ခုလုံးကို ရထားပြီးသူတစ်ယောက်အတွက် ဘယ် ပုံရိပ်ယောင်တွေကိုမှ လိုက်ရှာမနေတော့ဘူး၊ ကိုယ်က ကိုယ် လိုချင်တာကိုပဲ ယူတတ်သူပါ သဝဏ်ရာ"

"သိပ်ါရှင် . . ."

သဝဏ်က ဩကို မျက်စောင်းကလေးချီပြီး ပြောမိသည်။ တကယ်တမ်းကျတော့ ဩရဲ့ချစ်သူအဖြစ်ကို သဝဏ်က အမြဲတမ်း ဂုဏ်ယူကျေနပ်စွာ မက်မောဘတ်ခဲ့ပြီးသားပါ။ သဝဏ်ကလွဲပြီး . . . တခြားဘယ်မိန်းကလေးကိုမှ နာမည် မထွက်ဖူးခဲ့ သဝဏ် မဟုတ်သော မိန်းကလေးတိုင်းကို ရိုးဖြောင့်မှန်ကန်စွာပင် ဆက်ဆံတတ်ကြောင်း သဝဏ် ယုံကြည်စိတ်ချထားခဲ့ပြီးသား။





"ကဲ . . . ဒီတစ်ခါ သဝဏ့်အလှည့်၊ သဝဏ် ဘယ်လောက် အစွမ်းအစရှိသလဲ ကြည့်ရအောင်၊ သူ့ကိုလည်း ကော်ဖီတိုက် မယ်ပဲ ပြောလိုက်နော်၊ မနက်ဖြန် နှစ်ယောက်စလုံးဆီ ကော်ဖီခွက်တစ်ခွက်စီ ပို့ပေးလိုက်ရုံပဲ၊ ကိုယ်တို့အတွက်က လူလွှတ်ပြီး ပို့ခိုင်းလိုက်ရုံပဲ၊ ဘာမှ အပန်းမကြီးပေမယ့် သူတို့ နှစ်ယောက်စလုံးအတွက်ကျတော့ တော်တော်လေး ပဟေဠိ ဖြစ်ပြီး ဟာ့ထိထိမယ့် ကိစ္စလေ"

"ဟော . . . ဒီမှာ ဇွဲနေသန်တက်လာပြီ"

"အိုကေ . . . စလိုက်တော့ . . . ကိုယ် စောင့်ကြည့်မယ်၊ ပြီးရင် Hot Pot သွားသောက်ရအောင်၊ ကိုယ် ဆာပြီ"

"Hi"

"Hi"

"အလုပ်တွေရှုပ်နေလား"

"ဒီလိုပါပဲ . . . ကိုယ် online course တစ်ခုလုပ်နေလို့ ပါ"

"ဆိုင်ထဲမှာ လူရှင်းသွားပြီလား"

"ဘယ်လို၊ ကိုယ်ဘယ်မှာရှိလဲဆိုတာ . . . မင်းသိလို့လား"

"သိပ်ါရှင်၊ ရန်ကင်း cyberzone မှာလေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟား . . . သိလှချည်လား၊ မင်းရော . . . အခု ဘယ်မှာလဲ"

"အိမ်မှာပေါ့"

"မင်း ဘယ်သူလဲဆိုတာ . . . ကိုယ်တကယ် သိချင်တယ်"

"သိချင်ရင် စုံစမ်းပေါ့ရှင်"

"မင်းက အရိပ်အမြွက်ကလေးပေးမှပေါ့၊ နွေးအားမာန်ဆိုတာ နာမည်ရင်းလား"

"ဟုတ်"

"ဒီနာမည်တစ်ခုနဲ့ ကိုယ်က ဘယ်လိုလုပ်ပြီး စုံစမ်းရမလဲ"

"မနက်ဖြန် ကော်ဖီလာတိုက်မယ်လေ၊ မိအောင်ဖမ်းပေါ့"

"တကယ်လား"

"တကယ်ပါ၊ ဘာကော်ဖီကြိုက်လဲ"

"ဘာဖြစ်ဖြစ်ပါ၊ ကိုယ့်ကို ရင်ခုန်အောင်တော့ မလုပ်ပါနဲ့ကွာ"

"ရင်က မွေးကတည်းက ခုန်နေတာပဲမှုလား၊ ကျွန်မလုပ်မှမဟုတ်ပါဘူးနော်၊ ကြိုးစားပါ . . . ဖွဲ့နေသန်၊ အမြဲတမ်း နောက်ကွယ်ကနေ တိတ်တိတ်ကလေး အားပေးနေတဲ့သူ တစ်ယောက်ရှိတယ်ဆိုတာ မမေ့နဲ့ပေါ့"





"ကျေးဇူးပါ . . ."

"ကဲ . . . မနက်ဖြန် မျှော်ပေါ့နော်၊ အချိန်နဲ့အမျှ ကြိုးစားနေတဲ့ ဖွဲ့နေသန်ရဲ့အချိန်တွေကို အများကြီး ခိုးမယူချင်ပါဘူး၊ လုပ်စရာရှိတာလုပ်တော့နော်၊ B4N"

Bye For Now ဟု နှုတ်ဆက်လိုက်ပြီး . . . သဝဏ် သဘောကျစွာ တသိမ့်သိမ့်ရယ်မိသည်။

"ဘာမှမသိရှာတဲ့ လူနှစ်ယောက်ကို . . . နောက်ကွယ် ကနေ ကစားနေရတာ အားနာဖို့တော့ ကောင်းသားနော်၊ သဝဏ်တို့ ဝင်လည်မလားမသိဘူး"

"မကောင်းတဲ့ စိတ်ကူးအကြံမျိုးနဲ့မှ မဟုတ်တာ သဝဏ် ရယ်၊ တစ်ယောက်နဲ့တစ်ယောက် ရှိနေမှန်းတောင် မသိတဲ့ အဝေးကြီးက လူနှစ်ယောက်ကို ချစ်ခြင်းဆိုတဲ့ ဇရိယာစက်ကွင်းထဲရောက်လာအောင် ညှိပြီး မျှားခေါ်ယူကြည့်တဲ့ သဘောပါ၊ ဒါက စမ်းသပ်ချက်တစ်ခုလည်း ဖြစ်တာပဲ၊ အောင်မြင်ချင်မှလည်း အောင်မြင်မယ်၊ သူတို့ရေစက်ပါမှပဲ ဆုံခွင့်ရမှာပါ၊ ရေစက်မပါရင် ဘယ်လောက်ပဲ ထိပ်တိုက်ဆုံပေးပေး ကြဲဖန်လွဲမှာပဲ"





www.burmeseclassic.com

www.burmeseclassic.com

ဩပြောတာကို သဝဏ် လက်ခံပါသည်။ သူတို့ နှစ်ယောက် တကယ်ပဲ ဆုံဆည်းခွင့်ရပါ့မလား . . . ဆိုတာကို လည်း စိတ်ပင်စားစွာဖြင့် ရင်ခုန်နေမိပါသေးသည်။

xxx




# အခန်း ၆


www.burmeseclassic.com

www.burmeseclassic.com



ရှေ့တည့် ညို့မှာ အလှထိုးထားတဲ့
ပန်းအိုးထဲက
သိပ်လှတဲ့ နှင်းဆီတစ်ပွင့်ထက် ...
မမြင်ရတဲ့ နှင်းဆီရနံ့ကလေးဆီ
မှန်းဆ ရှာဖွေရတာက
ပိုပြီးတော့
စိတ်လှုပ်ရှား တိမ်းညွှတ်ဖွယ်
ကောင်း မယ်ထင်ရဲ့၊



www.burmeseclassic.com

www.burmeseclassic.com



# အခန်း - ၆

ညက ဆရာမပေးထားခဲ့သော assignments တွေ ပြီးတဲ့အထိ ဇွဲကောင်းကောင်းနှင့် ထိုင်လုပ်နေခဲ့သည်မှာ ညနှစ်ချက်ထိုးသွားခဲ့သည်မို့ ဒီမနက် ကျောင်းကိုလာတော့ လူက ငြီးစီစီကြီးဖြစ်နေခဲ့သည်။ ကိုယ်ဝါသနာပါလွန်းသော သင်ချင်နေလွန်းသောပညာမို့ ဘယ်တော့မှ ပြည့်စုံပြီးမြောက်သွားသည် ရယ်လို့ မရှိ။ အမြဲတမ်း သိချင်စရာတွေ မသိသေးတာတွေက အပြည့်။ အခွင့်အရေး တစ်ခုကို ရထားတုန်း အပြည့်အဝ အသုံးချချင်စိတ်ကလေးက မာန့်ရင်တွင်းမှာ အမြဲကိန်းအောင်းလို့နေခဲ့သည်။ မနက်က မေမေကျွေးသော ပဲပြုတ်ထမင်းကို စားဖို့မေ့နေခဲ့ပြီး ခပ်လောလောနှင့် ကျောင်းသို့ ထွက်လာခဲ့မိတာကို ဘတ်စ်ကားပေါ် ရောက်မှ သတိရလာသည်။ ဗိုက်ဆာလာပြီ။ ကော်ဖီကလေးတောင် မသောက်ခဲ့မိသဖြင့် ဝမ်းက ဟာတာတာရယ်။





www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသို့ရောက်လျှင် ခင်မင်နေပြီဖြစ်သော Receptionist မမညီမိက အပြုံးကလေးနှင့် လက်ယပ်ကာ ခေါ်သည်မို့ မာန်လျှောက်သွားလိုက်သည်။

"နွေးအားမာန်ကတော့နော်၊ လူတောင်မရောက်သေးဘူး၊ delivery က ရောက်နှင့်ပြီ၊ အေးပေါ့လေ၊ ကံကောင်းတဲ့သူများကျတော့လည်း အဲဆင်သင့်ပေါ့"

"ဘာများလဲ မမညီရဲ့ . . . မာန် မသိပါလား"

"ဟောဒီမှာတော် . . . အရှေ့က Cafe Aroma က ချာတိတ်လေးတစ်ယောက် လာပို့သွားတာပါရှင်၊ Toasted hot sandwich ပူပူနွေးနွေးနဲ့ ကော်ဖီတစ်ခွက်ရယ်၊ ကော်ဖီက Latte တဲ့၊ ဒီကျောင်းက မနွေးအားမာန်ကို ပေးပေးပါတဲ့"

မာန့်ရင်ထဲ ဒိန်းခနဲခုန်သွားမိကာ မနေ့ညက ဖွဲ့နေသန့်ဆိုသူနှင့် chatting လုပ်ခဲ့တာကို ချက်ချင်း ပြန်သတိရသွားသည်။ မနက်ဖြန် နွေးအားမာန်ကို ကော်ဖီတကယ်တိုက်မှာပါဟု သူပြောသွားခဲ့တာကို စိတ်ထဲမှာ သာမန်ကာလျှံကာပဲ ထားခဲ့မိသည်။ ဒီလို လာပို့ပေးလိမ့်မည်ဟု ထင်ကိုမထား။

"ရော့ . . . ရော့၊ စောစောကလေးကမှ လာပို့သွားတာ၊ ပူပူလေးပဲရှိသေးတယ်၊ သုံးဆောင်လိုက်ဦး"







မမညီက ဖော့ဘူးဖြူဖြူကလေးနှင့် ကော်ဖီခွက်ညိုညိုကလေးကို မာန့်ဆီလှမ်းပေးပါသည်။ မာန် ဟန်ပင်မဆောင်နိုင်။ ဆာလည်းဆာလှပြီဆိုတော့ မမညီပေးသည့် ကော်ဖီနှင့်မုန့်ဘူးကလေးကို လှမ်းယူကာ ဧည့်သည်ခန်းကလေးထဲမှာ ဖွင့်စားလိုက်သည်။ စားသမျှထဲမှာ ဒီ hot sandwich နှင့် ကော်ဖီပူပူကလေးက အရသာအရှိဆုံး . . .။ မွှေးပျံ့နူးအိနေသော ချိ(စ်)ပါသည့် ပေါင်မုန့်နွေးနွေးအရသာကို မာန် တစ်ခါမှတောင် မစားဖူးခဲ့။ သူ ဘယ်သူလဲ။ မာန့်ကို ဘယ်လောက်အထိ စောင့်ကြည့်နေတတ်သူလဲ။ သူ့ကို ယုံကြည်ရမှာလား။ သံသယထားရမှာလား။ သူ မာန့်ကို ဘာတွေ ပေးထားခဲ့ပြီး ဘာတွေပြန်မျှော်လင့်ထားခဲ့ သလဲ။ ဒီကျောင်းကို သိနေခဲ့သူဆိုတော့ မာန့်အတွက် ဒီကျောင်းတက်ခွင့်ရအောင် စီစဉ်ပေးခဲ့သူဟာ သူပဲလား။ ဘာကြောင့်များ သူ ပဟေဠိတွေနှင့် မာန့်ကို ဆွဲဆောင်နေခဲ့သလဲ။

မာန့်ဘဝမှာ ဒါဟာ ပထမဆုံးအကြိမ် ယောကျ်ားလေးတစ်ယောက်အကြောင်းကို တကူးတက အချိန်ပေးပြီး တွေးခဲ့မိခြင်းလည်း ဖြစ်သည်။ မာန်သည် ယောကျ်ားတွေကို တကယ်ပဲ စိတ်ဝင်တစားလည်းမရှိခဲ့ပါ။ 'အချစ်'ဆိုတာများ ဝေလာဝေးလို့ အချစ်ဝတ္ထုတောင် အချိန်ပေးပြီး မဖတ်နိုင်ခဲ့သူပါ။ ကိုယ့်ဘဝမှာ





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်သော ဆန္ဒတစ်ခု ရည်ရွယ်ချက်တစ်ခုကိုပဲ အာရုံစူးစိုက်မီးမောင်းထိုးထားခဲ့သည်မို့ ကျန်ရှိသည့် ရင်ခုန်စရာ၊ နှလုံးသားရေးရာ ကိစ္စတွေသည် အလင်းစူးစူး၏နောက်ကွယ်မှာ မှုန်ပျပါးလျှစွာ ကျန်ရစ်သည်။ အဲဒါတွေသည် မာန့်အတွက် အရေးစိုက်စရာတစ်ခုဟု မမြင်ခဲ့မိ။ ခုတော့ဖြင့် လူတစ်ယောက်သည် အမှောင်ရိပ်ထဲက နေ တရွေ့ရွေ့တစ်လှမ်းချင်း လျှောက်လှမ်းလာနေသလို ခံစားလိုက်မိသည်။ သူက အမှောင်ထဲမှာမို့ မာန် သူ့ကို မမြင်ရ။ သို့ပေမယ့် သူ့လက်ထဲမှာ မာန် သိပ်စွဲလန်းသော နှင်းဆီတစ်ပွင့် ပါလာခဲ့ဟန်တူသည်။ အဲဒီနှင်းဆီရနံ့က မာန့်ကို ဖြားယောင်းနိုင်ခဲ့တာ။ မာန့်အတွက်တော့ ရှေ့တည့်တည့်မှာ အလှထိုးထားတဲ့ ပန်းအိုးထဲက သိပ်လှတဲ့နှင်းဆီတစ်ပွင့်ထက် မမြင်ရတဲ့ နှင်းဆီ ရနံ့ကလေးကို မှန်းဆရှာဖွေရတာက ပိုပြီးတော့ စိတ်လှုပ်ရှား တိမ်းညွတ်ဖွယ်ကောင်းမယ်ထင်ရဲ့။

xxx







အမှန်အတိုင်းဝန်ခံရလျှင် Cyberzone မှာ အလုပ်လုပ်နေခဲ့ပေမယ့် ဒီဆိုင်မှာ ကော်ဖီလေးတစ်ခွက်တောင် မှာမသောက်ဖူးခဲ့ပါ။ ကော်ဖီတစ်ခွက်ဖိုးအစား အင်တာနက်တစ်နာရီစာ ပိုသုံးစွဲနိုင်ခွင့်ကို သူ ပိုမက်မောတာကြောင့်လည်းပါသည်။ ကော်ဖီက သူ့အတွက် အရေးမကြီး။ အင်တာနက်ထဲက websites တွေကသာ သူ့ဘဝကို ပြောင်းလဲသွားစေနိုင်သည်လေ။

ဒီနေ့ သူ့တာဝန်ပြီးခါနီး ဆိုင်ထဲမှာလည်း လူရှင်းသွားခဲ့ပြီမို့ သူ့အတွက် တစ်နာရီစာ အင်တာနက် သုံးခွင့်အတွက် PC တစ်လုံးရွေးကာ ထိုင်လိုက်သည်။ သူထိုင်ပြီး ဘာမှမကြာ ကောင်လေးတစ်ယောက်က ကော်ဖီခွက်ကြီးတစ်ခွက် သူ့စားပွဲပေါ် လာချသည့်အတွက် . . .





www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . .၊ လူမှားနေပြီလား၊ ငါကွ၊ မင်းချရမယ့် စားပွဲနံပါတ်ပြန်ကြည့်ဦး"

ဟု ကောင်လေးကို သူ ပြောလိုက်သည်။ ကောင်လေးက သူ့ကို ပြုံးပြုံးကြီးသာကြည့်လျက် . . .

"ကို့အတွက်ပါဗျာ၊ နွေးအားမာန်တဲ့၊ အစ်မကြီးတစ်ယောက် လာရှင်းပေးသွားတာ"

"ဟင် . . .၊ သူ ဘယ်မှာလဲ . . . သွားပြီလား"

BURMESE CLASSIC .com

"သွားပြီဗျ၊ သူ online မှာရှိမယ်တဲ့"

သူ ကော်ဖီခွက်တစ်လှည့် gtalk list ထဲက နွေးအားမာန်ကို ရှာရင်းတစ်လှည့်ကြည့်ကာ စိတ်ထဲ တစ်မျိုးလေးတော့ ခံစားလိုက်ရသည်။ သူ့အတွက်တော့ နှလုံးသားရေးရာကိစ္စဆိုတာ သိပ်ရှိုးရှင်းအေးစက်လွန်းခဲ့ပါသည်။ ဘယ်မိန်းကလေးတစ်ယောက်ကိုမှလည်း သူ စိတ်ဝင်စားခဲ့ဖူးတယ်ရယ်လို့ မရှိခဲ့။ သူ့ဟာနှင့်သူ ကြိုးစားရုန်းကန်နေခဲ့ရတာနှင့် မိန်းကလေးတစ်ယောက်အတွက် အချိန်လည်း မပေးနိုင်ခဲ့တာပါမည်။ သူ့ဘဝမှာ ဘာပြီးရင်ဘာလုပ်မည် ဆိုတာပဲရှိကာ ဘယ်မိန်းကလေးက သူ့ကို ရင်ခုန်စိတ်လှုပ်ရှားစေသည်ရယ်လို့ တစ်ခါမှကို မဖြစ်ဖူးခဲ့။ သူ့ရင်ဘတ် ဘယ်ဘက်ရှိ အုံဆီ ခပ်ပြင်းပြင်းပုတ်နိူးနိုင်သူရယ်လို့ မရှိခဲ့။ ဒါကြောင့်လည်း မိန်းကလေးတစ်ယောက်က တိုက်သော ကော်ဖီဆိုသည်မှာ သူ့အတွက် ထူးခြားသော အံ့သြစရာတစ်ခုဖြစ်သည်။

"ဟော . . . တွေ့ပြီ"

နွေးအားမာန်ကို available ဟု တွေ့လိုက်ရသော ကြောင့် သူ ထိတ်ခနဲ ဖြစ်သွားလျက် . . .

"Hi"

ဟု စပြီး နှုတ်ဆက်လိုက်သည်။ တစ်ဖက်က ချက်ချင်း တုံ့ပြန်လာပါသည်။

"ကော်ဖီသောက်လို့ ကောင်းရဲ့လား ဇွဲနေသန်"

"ဟုတ်ကဲ့ . . .၊ ဘေးမှာ ရောက်နေပါပြီ၊ ကျေးဇူးပါ၊ ပြောတဲ့ အတိုင်း တကယ်လာလုပ်သွားနိုင်တာကို ဦးညွတ်ပါတယ် ခင်ဗျ"

"☺"

တစ်ဖက်က ရယ်နေသော ပုံကလေး ရိုက်ထည့် လိုက်သည်။

"မင်း ဘယ်သူလဲ . . . သိချင်တယ်"

"သိချင်ရင် ကြိုးစားပေါ့ရှင်"

"ပုန်းနေတဲ့လူတစ်ယောက်ကို ကိုယ် ဘယ်လိုလုပ်ပြီး လိုက်ရှာ



www.burmeseclassic.com

www.burmeseclassic.com



ရမှာလဲဗျာ"

"အချိန်တန်တော့ တွေ့ရမှာပေါ့ရှင်၊ အဲဒါကို သိပ်ကြီး serious ဖြစ်မနေစေချင်ဘူး၊ ကျွန်မ စဉ်းစားထားတာ တစ်ခု ရှိတယ်၊ ဒီနေ့ကစပြီး ဖွဲ့နေသန်ဆီကို Imspirational thought တစ်နေ့ကိုတစ်ခုရှာပြီး ပို့ပေးမယ်၊ ရှင်ကလည်း ကျွန်မဆီကို တစ်နေ့တစ်ခု ပြန်ပို့ပေးစေချင်တယ်၊ အဆင်ပြေမလား ဟင်"

"ကိုယ့်အတွက်တော့ ရှာရလွယ်ပါတယ်၊ ပို့ပေးမယ်သေ၊ ကိုယ် ကလည်း မင်းကို ပြန်စမ်းသပ်ချင်သေးတယ်၊ ပဟေဠိကလေး တွေ မေးကြည့်မယ်လေ၊ ကြိုးစားပြီး ဖြေကြည့်ပေါ့၊ မဖြေနိုင် တာတွေ သိပ်များလာတဲ့ တစ်နေ့ကျရင် အရှုံးပေးပါပြီလို့ လက်မြှောက်ပေးရမယ်၊ အဲဒီအခါကျရင် ကိုယ်တောင်းဆို တာ တစ်ခုကို မင်း လိုက်လျောပေးရမယ်လေ၊ ဘယ်လိုလဲ စိတ်ဝင်စားလား"

"စိတ်ဝင်စားပြီးသားပါရှင်၊ ကျွန်မက စိန်ခေါ်မှုတိုင်းကို ကြိုဆိုပါတယ်၊ ကဲ . . . ကော်ဖီလေး သောက်လိုက်ဦး၊ ခဏနေရင် ရှင့်အတွက် Inspirational thought ကလေး တစ်ခု ရောက်လာလိမ့်မယ်နော်၊ all the best ပါရှင်"

"All the best ပါ နွေးအားမာန်၊ Thank you for coffee နော်"

"B4N"

တစ်ဖက်က နှုတ်ဆက်သွားပြီမို့ သူ ဆက်ပြီး chat မလုပ်ဖြစ်တော့၊ သူ့ဆီက အချိန်တွေအများကြီး ဖဲ့မယူချင်သည့် သဘောဖြစ်သည်။ ကော်ဖီပူပူခါးသက်ကလေးက သူ့ကို ခါတိုင်း ထက်ပိုပြီး လန်းဆန်းတက်ကြွလာစေသလိုပါ။ လုပ်စရာရှိတာကို ဆက်လုပ်နေရင်း mail အသစ်ရောက်လာတာမို့ . . . သူ ချက်ချင်း ဖွင့်၍ ဖတ်လိုက်မိသည်။

"If you can imagine it, you can achieve it
If you can dream it, you can become it"
William Arthur Ward, Writer

. သူ တအံ့တဩ မျက်ခုံးတွေ ပင့်သွားမိပါသည်။ အဲဒါ သူသိပ်ကြိုက်သော အတွေးစိတ်ကူးကလေးတစ်ခု ဖြစ်နေသော ကြောင့်ပါ၊

"မင်း စိတ်ကူးနိုင်ရင် . . . မင်း ဖွမ်းဆောင်နိုင်ပါတယ်၊ မင်း အိပ်မက်နိုင်ရင် . . . မင်း ဖြစ်လာနိုင်ပါတယ်"

တဲ့၊ သူ မဆိုင်းမတွဘဲ သူမဆီ စာပြန်လိုက်မိသည်။

www.burmeseclassic.com



သူအကြိုက်ဆုံး စကားလေးတစ်ခွန်းပေါ့။

"Life is not about waiting for the storm to pass. It's about learning to dance in the rain.

Unknown

ဘဝဆိုတာ မုန်တိုင်းအလာကို စောင့်နေဖို့ မဟုတ်ဘူး။ မိုးထဲမှာ က,တတ်အောင် သင်ယူဖို့ပါ။

×××





"သူတို့နှစ်ယောက်ဆုံတဲ့အချိန်ကို သဝဏ် ခုကတည်းက ရင်ခုန်နေပြီ . . . သိလား ဩ"

"ကိုယ်ရောပဲ၊ သူတို့နှစ်ယောက် လိုက်တယ်"

အခုလို ကောင်းကင်မှာ ကြယ်တွေစုံတတ်သော ညမျိုးဆို သဝဏ်နှင့်ဩ ချိန်းကာ မြို့ပြင်ဘက် လယ်ကွင်းပြင်တွေချည်းရှိသော နေရာမျိုးဆီ တကူးတက ကားမောင်း၍သွား ကာ ကားဘောနက်ပေါ်မှာ သက်တောင့်ဖြေလျော့စွာလှဲရင်း ကြယ်တွေကို ရေတွက်ရှာဖွေမိကြသည်။ တစ်ယောက်လက်ကို တစ်ယောက် ညင်ညင်သာသာ ဆုပ်တွဲထားရသော ဖီလင်သည် ဘာနှင့်မှ မတူချေ။ ချစ်မြတ်နိုးစိတ် . . . ကိုးစားယုံကြည်စိတ်တို့သည် လက်ဖဝါး

www.burmeseclassic.com

တွေဆီကတဆင့် နှလုံးသားဆီသို့ တစိမ့်စိမ့် စီးဝင်လာတတ်မြဲဖြစ်သည်။ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် လေးစားယုံကြည်စိတ်ဆိုတာ ချစ်သူနှစ်ယောက်၏ ချစ်ခြင်းမှာ အဓိကအရေးပါသည်ဟု သဝဏ် ထင်ပါသည်။

"အုံသြဖို့တော့ ကောင်းတယ်နော်၊ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သိဖူးမြင်ဖူးတာလည်း မဟုတ်၊ ကြားက လူနှစ်ယောက်ရဲ့ ကြိုးဆွဲရာအတိုင်း သူတို့ က,နေမိကြတယ်ဆိုတာ သူတို့ကိုယ်သူတို့တောင် ရိပ်မိပါ့မလား မသိဘူးနော်၊ သဝဏ်တို့ တရားရဲ့လား မသိ"

"တစ်ချိန်ချိန်မှာ သူတို့ ကိုယ်တို့နှစ်ယောက်ကို ကျေးဇူးတွေကြိတ်တင်နေမှာပါ၊ ကိုယ် အခု စိတ်ထဲမှာ ဘာဖြစ်ချင်နေသလဲ သိလား"

"ပြောပါဦး . . ."

"သဝဏ်ကို လမင်းကလေး ဖြစ်စေချင်တယ် . . . ကိုယ်က အဲဒီလမင်းကို ရင်ခွင်ကျယ်ထဲမှာ အမြဲတမ်း ထွေးပွေ့ခွင့်ရထားတဲ့ . . . ရေကန်ကျယ်ကလေး တစ်ခုပေါ့၊ ကိုယ့်ရင်ခွင်ထဲမှာ လမင်းအရိပ်ကလေးက ထင်းပြီးလင်းနေမှာလေ"

သဝဏ်က သူ့စကားကို သဘောကျစွာ သူ့လက်ကို







ခပ်တင်းတင်းကလေး ဆုပ်ဖျစ်လိုက်မိသည်။

"သြကတကယ် artistic ဖြစ်သွားနော်၊ အဲဒါလေးတွေနဲ့ ကျွန်မမှာ ကြွေနေရတာ၊ ကဲ . . . ပြန်ကြစို့ကွာ . . . ညမိုးချုပ်သွားရင် မကောင်းဘူး"

"တကယ်ပြောတာ၊ ခုလို နှစ်ယောက်သား အေးအေးဆေးဆေးဆုံပြီး ပြန်ကြစို့လို့ လမ်းခွဲစကားပြောရင် ကိုယ်တကယ် နင်သွားတတ်တယ်၊ အတူတူ အိမ်ပြန်ခွင့်ရရင် ဘယ်လောက်ကောင်းမလဲကွာ"

သြ ပြောဟန်က လိုက်လိုက်လှဲလှဲ ရှိလွန်းသဖြင့် သဝဏ်ပင် ယစ်ယစ်မူးမူးကလေးဖြစ်သွားမိကာ သြ၏ ပခုံးထက်မှာ ခေါင်းကလေးမှီထားလိုက်မိသည်။ တကယ်ဆိုရင် နှစ်ယောက်စလုံး အဖက်ဖက်က ပြည့်စုံနေခဲ့ပြီ။ လက်ထပ်ဖို့ကို နှစ်ဖက်မိဘကလည်း တမျှော်မျှော် ရှိနေကြပြီ။ သဝဏ်ကလည်း တမင်သက်သက် အချိန်ဆွဲနေတာမျိုးမဟုတ်။ ဒါပေမယ့် ဘဝမှာ တစ်နေ့နေ့ လုပ်မည်ဟု list လုပ်ထားမိသော စာရင်းတွေထဲမှာ လူတစ်ယောက်၏ ဘဝကို တိတ်တိတ်ကလေး ပြောင်းလဲပေးလိုက်ဖို့ဆိုသော နံပါတ်တစ် စာရင်းကလေးကို လက်မထပ်ခင်မှာ ပြီးမြောက်အောင် လုပ်ပေးချင်မိသည်။ လက်ထပ်ပြီးမှ လုပ်တာလည်းရတာပဲဟု ပြောချင်





www.burmeseclassic.com

www.burmeseclassic.com



ရပေမယ့် ဖီလင်ကတော့ မတူပါ။ အပျိုစင်ဘဝမှာ ကိုယ့်ကိုယ်ကိုယ် အပြည့်အဝ ပိုင်ဆိုင်ခွင့်ရတုန်း စိတ်တိုင်းကျ လုပ်ချင်တာမျိုး ဖြစ်ပါသည်။

"မဝေးတော့ပါဘူး သြရယ် . . ."

ဟုသာ နှစ်သိမ့်လိုက်မိသည်။ သြက မချင့်မရဲ သက်ပြင်းဖွချလို့။

×××







Mid term စာမေးပွဲပုံစံမျိုးဖြင့် စိတ်ကြိုက် ဝတ်စုံသုံးစုံကို ဒီဇိုင်းကအစ cutting အလယ် ချုပ်ပြီးသည်အထိ အဆုံးကိုယ်တစ်ယောက်တည်း တာဝန်ယူပြီး ပြင်ဆင်ရသည်မို့ ခုတလောမာန့်မှာ အားလပ်ချိန်ရယ်လို့ မရှိပါ။ ပြောရမယ်ဆိုလျှင် အသက်တောင် ဝဝမရှူအား။ စားသုတ်သုတ် သွားသုတ်သုတ်နှင့် အာရုံတစ်ခုလုံး အဲဒီစာမေးပွဲဆီမှာသာ။ ရင်တွေလည်း ခုန်မိပါသည်။ ပထမဆုံး ကိုယ့်ရဲ့လက်ရာအဖြစ် ထွက်လာမည့် ဒီဇိုင်းတွေကို မော်ဒယ်လ်တွေက ဝတ်ကာ လျှောက်ပြကြဦးမည့် ဖက်ရှင်ရှိုးပွဲကလေးတစ်ခုကို ကျောင်းခန်းထဲမှာပဲ ကျင်းပဦးမှာ ဖြစ်သည်။ နာမည်ကြီး ဒီဇိုင်နာတစ်ယောက် . . . မော်ဒယ်လ်တစ်ယောက် . . . မင်းသမီးတစ်ယောက် စာနယ်ဇင်းမှ တစ်ယောက်ကိုပါ ဖိတ်ကာ အမှတ်ပေးဦးမှာမို့ ပိုပြီးတော့ ရင်ခုန်စိတ်လှုပ်ရှားရပါသည်။





www.burmeseclassic.com

www.burmeseclassic.com



ကုန်ကြမ်း ပိတ်စ,တွေကို စိတ်တိုင်းကျ ရွေးချယ်ခွင့်ပေးထားသည်မို့ မာန်က ပိုးတစ်ထည် ဇာတစ်ထည် လီနင်တစ်ထည် ရွေးချယ်ခဲ့သည်။ size ကို သတ်မှတ်ပေးပြီးသား။ မာန်က ညနေခင်းဝတ်စုံရယ် classic dress တစ်ထည်ရယ်နှင့် casual dress တစ်ထည်ကို တီထွင်ဆန်းသစ်ထားခဲ့သည်။

ဒီလိုနှင့်ပဲ စာမေးပွဲဟုလည်းပြော၍ရ ဖက်ရှင်ရှိုးပွဲလည်း ကျင်းပသောနေ့ကို ရောက်လာခဲ့သည်။ မော်ဒယ်တွေလျှောက်မည့် catwalk စင်မြင့်ကို ရိုးရိုးကလေးနှင့် ဆန်းသစ်စွာပြင်ဆင်ထားသည်။ အမှတ်ပေးဒိုင်အဖွဲ့တွေက တစ်ဖက်တစ်ချက်မှာ။ မာန်တို့ ဒီဇိုင်နာကျောင်းသူတတွေက တစ်ဖက်မှာ ထိုင်ရသည်။ ဆရာမအပါအဝင် ဘေးမှာ ဒီနေ့ ဒီဇိုင်နာလောကရဲ့ ထိပ်သီးတစ်ယောက်ဟု ပြောလို့ရမည့် မသဝဏ်မေပျိုကိုလည်း တွေ့ရသဖြင့် မာန့်တစ်ကိုယ်လုံး တုန်ယင်နေသလိုတောင် ခံစားရသည်။ ဆရာမနှင့် အေးအေးဆေးဆေး ရယ်ရယ်မောမော စကားဆိုနေသော ထိုဒီဇိုင်နာမျိုး မာန် ဖြစ်ချင်သည်။ သက်တောင့်သက်သာရှိသော မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုရှိသော အောင်မြင်မှုဓာတ်တွေ မာန့်ဆီ ပျံ့နှံ့ကူးစက်လာသလို ခံစားရပါသည်။

ဖက်ရှင်ရှိုးပွဲသည် မြူးကြွသွက်လက်သော တီးလုံးများ







ရောင်စုံမီးရောင်များဖြင့် စတင်ပါပြီ။ မော်ဒယ်လ်ကလေးကိုမြင်ရလျှင် မျက်တောင်ခတ်ဖို့ အသက်ရှူဖို့ပင် လုံးဝ မေ့လျော့သွားမိသည်။

ဆရာမ ယူကီစံ၏ တပည့်များပီသစွာ ဒီဇိုင်းတိုင်းက ဆန်းသစ်လှပလတ်ဆတ်လွန်းနေသည်။ ဘယ်ဝတ်စုံကို ဘယ်လိုအမှတ်ပေးမလဲဆိုတာ မာန် မသိနိုင်ပေမယ့် မာန့် ဒီဇိုင်းတစ်ခုထွက်လာသည်နှင့် အကဲဖြတ်ဒိုင်တွေ၏ မျက်ဝန်းတွေဆီ စိတ်အားထက်သန်စွာ ကြည့်ရသည်မှာအမော။ သူတို့၏ မျက်ဝန်းတွေမှာနှစ်သက်သဘောကျမှု impress ဖြစ်မှု အရိပ်ကလေးတွေများ ဖျတ်ခနဲ လင်းသွားမလား။ ဒါမှမဟုတ် သာမန်ကာလျှံကာပဲလား ဟု အဖြေရှာမိရသေးသည်။

ဖက်ရှင်ရှိုးပွဲပြီးဆုံးသွားချိန်မှာ ဒီဇိုင်နာတွေ တစ်ယောက်ချင်း စင်ပေါ်တက်ပြီး မိတ်ဆက်ပြရပါသည်။ မာန့် မျက်ဝန်းတွေထဲတော့ ဘာမှမမြင်မိ။ ဒူးတွေတဆတ်ဆတ် တုန်ယင်နေကာ ခြေလှမ်းလို့ လှမ်းနေမိမှန်း မသိတော့တာပဲ ရှိသည်။

ထိုညနေမှာပဲ အောင်စာရင်းထွက်ပါသည်။ မာန့်ရမှတ်က A⁺ အဆင့်။ ဂုဏ်ထူးနှင့်အောင်မြင်သည့်သဘော ဆိုပါတော့။ ဆရာမက မာန့်ကို သူ့အခန်းထဲ ခေါ်တွေ့ပြီး သိုက်လှိုက်

www.burmeseclassic.com

www.burmeseclassic.com



လဲ့လဲ့ ချီးကျူးခဲ့ပါသည်။

"ဆက်ကြိုးစားပါ မာန်၊ ဒီ့ထက်မက နှစ်ဆသုံးဆပိုပြီး ကြိုးစားပါ။ ဒီကျောင်းကနေ ထူးချွန်စွာအောင်ပြီးတဲ့အခါ စင်္ကာပူမှာရှိတဲ့ Design School ဆီ တက်ခွင့်ရဖို့အထိ မာန့်မှာ အခွင့်အရေးရှိတယ်"

ဟူသော စကားကို မာန်ဖြင့် ယုံပင်မယုံနိုင်။ စင်္ကာပူ ဒီဇိုင်းကျောင်းဆိုတာ မာန့်အတွက် အဝေးကြီးရယ်။ ဒါပေမယ့်လည်း မဖြစ်နိုင်ဘူးဆိုတာတွေကို မတွေးချင်ပါ။ မာန့်တာဝန်က ကြိုးစားအားထုတ်နေဖို့ပဲမှုလား။ ဒီကျောင်းကိုတောင် တက်ဖို့ မျှော်လင့်ရဲခဲ့တာမှ မဟုတ်တာ။ မမျှော်လင့်ရဲစရာတွေကို မျှော်လင့်နိုင်ဖို့ဆိုတာ ပေးဆပ်ဖို့ အရင်းအနှီးတစ်ခုသာ လိုပါသည်။ အဲဒါကတော့ သူများတွေထက်ပိုပြီး ကြိုးစားနေဖို့ပေါ့လေ။

xxx





အခန်း

၇



www.burmeseclassic.com

www.burmeseclassic.com



The steeper the mountain
the harder the climb
the better the view
from the finishing line.

***Unknown***

တောင်က မတ်စောက်လေလေ
ခက်ခက်ခဲခဲ တက်ရလေလေ
ပြီးဆုံးသွားတဲ့နေရာ ရောက်ရင်
မြင်ကွင်းက ပိုကောင်းလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၇

ဒီနေ့ သူ software engineering online course ပြီးဆုံးသွားခဲ့ပြီမို့ assessment test ဖြေရပါသည်။ အမှတ်ကောင်းစွာ အောင်မြင်လိမ့်မည်ဟု သူ ယုံကြည်ပြီးသားပါ။ သူ စိတ်ဝင်တစား လေ့လာသင်ယူထားသော ပညာရပ်မို့ သူ့ကိုယ်သူ အပြည့်အဝ ယုံကြည်စိတ်ချမှု ရှိပါသည်။ စာမေးပွဲပြီးသွားချိန်မှာ သူ့စိတ်အာရုံတစ်ခုလုံး ပေါ့ပါးသွက်လက်လို့ နေခဲ့ပါသည်။ ဘာနဲ့တူသလဲဆိုရင် မြင့်မားမတ်စောက်သော တောင်တစ်လုံးကို ခက်ခက်ခဲခဲ တက်လာခဲ့သူတစ်ယောက် အမြင့်တစ်နေရာကို အရောက်မှာ အလွန်လှပသော မြင်ကွင်းရှုခင်းတွေကို စိတ်လက်ပေါ့ပါးလတ်ဆတ်စွာ မြင်ခွင့်ရလိုက်သလိုမျိုး။ ကြိုးစားခဲ့ရခြင်းသည် ဘယ်တော့မှ အချည်းနှီး အလဟဿဖြစ်သွားသည်ရယ်လို့ မရှိ။





www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ ညနေပိုင်းရောက်တော့ သူ့ရဲ့ ဝမ်းသာပျော်ရွှင်မှုကို တစ်စုံတစ်ယောက်နှင့် မျှဝေခံစားချင်လာမိသည်။ အဲဒီအချိန်မှာ ထူးထူးခြားခြား နွေးအားမာန်ဆိုသော online ပေါ်က မိန်းကလေးကို သတိတရ ဖြစ်သွားမိသည်။

From : zwenaythan@gmail.com

To : nwayarrmahn2010@gmail.com

Subject : မျှဝေခြင်း

ခင်မင်သော နွေးအားမာန်

ဒီနေ့ ကိုယ် software engineering diploma တစ်ခုအတွက် assessment စာမေးပွဲ သွားဖြေခဲ့တယ်။ ကိုယ်အောင်မယ်လို့လည်း ယုံကြည်ပါတယ်။ ကိုယ့်စိတ်ထဲမှာ စိတ်တိုင်းကျ ကျေနပ်နေမိတာကို မင်းနဲ့ မျှဝေခံစားမိချင်လို့ပါ။ ဒီနေ့အတွက် ကိုယ်နဲ့ အလိုက်ဖက်ဆုံး thought ကလေးတစ်ခု ရေးပေးလိုက်တယ်။

The steeper the mountain

the harder the climb

the better the view

from the finishing line







Unknown

တဲ့။ အခု ကိုယ့်ရှေ့မှာ အလှပဆုံး ရှုခင်းတစ်ခုကို ကိုယ်ငေးကြည့်နေမိတယ်။

ခင်မင်စွာ

ဇွဲနေသန်

×××

www.burmeseclassic.com



From : nwayarmahn2010@gmail.com

To : zwenaythan@gmail.com

Subject : Massive Congrats

ခင်မင်သော ဇွဲနေသန်

မင်းရဲ့ အောင်မြင်စွမ်းဆောင်မှုအတွက် အရမ်းပဲ ဂုဏ်ယူပါတယ်ရှင်။

ထပ်ပြီးတော့ ကြိုးစားပါနော်။ NUS (National University of Singapore) ထိ သွားတက်နိုင်ဖို့အထိ ကြိုးစားစေချင်တယ်။ Scholar လျှောက်နိုင်အောင် ကြိုးစားလေ။ ရမှာပါ။ ဇွဲက ဒီလောက်တော်တာ။ (ဇွဲလို့ပဲ ခေါ်တော့မယ်နော်) . . .။ ကိုယ်လျှောက်ချင်တဲ့ ပန်းတိုင်တစ်ခုဆီ ဇွဲသန်သန်နဲ့ ပြေးနေတဲ့ လူတစ်ယောက်အတွက် အမြဲတမ်း လက်ခုပ်တီးပေးနေပါတယ်ရှင်။ အောင်မြင်မှုအတွက် ထပ်တူထပ်မျှ ဝမ်းသာပါတယ်နော်။ ဇွဲအတွက် စကားလက်ဆောင်ကလေးက . . .

"You may only be
someone in the world,
but to someone else,
you may be the world.

Unknown

"မင်းဟာ . . . ကမ္ဘာလောကကြီးထဲမှာ တစ်စုံတစ်ယောက်သာ ဖြစ်လိမ့်မယ်

ဒါပေမယ့် တခြားတစ်စုံတစ်ယောက်အတွက်တော့ မင်းဟာ ကမ္ဘာလောကကြီးတစ်ခု ဖြစ်နေလိမ့်မယ် . . .။

ခင်မင်စွာ . . .

နွေးအားမာန်





www.burmeseclassic.com

www.burmeseclassic.com



ပြန်စာကလေးကို ဖတ်နေမိချိန်မှာတော့ သူ့မျက်နှာတစ်ခုလုံး ချိုမြိန်စွာ ပြုံးနေခဲ့သည်။ အဲဒီမိန်းကလေးဟာ တော်ရုံမိန်းကလေးတစ်ယောက် မဖြစ်နိုင်ဘူး . . . ဟု သူ ပထမဆုံးအကြိမ် impress ဖြစ်မိပါသည်။ လောကမှာ ကိုယ့်ရဲ့ အောင်မြင်မှု၊ ပျော်ရွှင်မှု ဆိုတာတွေကို မျှဝေခံစားဖို့အတွက် တစ်စုံတစ်ယောက် လိုအပ်ပါလား . . . ဆိုတာကို သူမက မသိမသာ ကလေး မီးမောင်းထိုးပြခဲ့ခြင်း ဖြစ်ပါသည်။

×××







နှင်းဆီရနံ့တွေက ရင်ထဲကို နှင့်နေအောင် မွှေးမြသွားစေခဲ့ပါသည်။ မနက်အစောကြီး တံခါးခေါက်ကာ delivery လာပို့ထားခြင်းဖြစ်သည်။ နှင်းဆီတွေက အဖြူဆွတ်ဆွတ်တွေ . . . ပန်းစည်းကြီးက ဧရာမကြီး။ လက်မှတ် ထိုးယူထားလိုက်ကာ Florist မှ ကောင်လေးကို . . .

"ဘယ်သူပေးခိုင်းလိုက်တာလဲဟင်"

ဟု မေးကြည့်တော့ . . .

"အမည်မသိ . . . လို့ ရေးထားတယ် အစ်မလေး၊ ပေးပို့သူက သူ့နာမည်ကို လျှို့ဝှက်ထားပါတယ်"

အင်း . . .၊ အဲဒီလိုပဲ မျှော်လင့်ထားပြီးသားပါ၊ ပန်းစည်းအောက်ခြေမှာ . . .

"မင်းရဲ့ ကြီးမားတဲ့အောင်မြင်မှုအတွက် ဂုဏ်ယူပါတယ်"

ဟု ရေးထားသော ကဒ်ကလေးကလွဲပြီး ဘာသဲလွန်စမှ ဖမ်းလို့မရနိုင်။

"မေမေရေ . . . ဘုရားပန်းတွေ ကပ်လိုက်မယ်နော်"

ဟု မေမေ့ကို အသိပေးပြီး ဘုရားပန်းအိုးတွေမှာ နှင်းဆီဖြူတွေ ဝေနေအောင် ထိုးလိုက်ပြီးမှ ကျောင်းသို့ထွက်ခဲ့သည်။ စိတ်ထဲမှာ ဘာအတွက်ရယ်လို့ သေချာမသိဘဲ ကြည်နူး

www.burmeseclassic.com



ပီတိစိတ်ကလေး ဝေနေသည်။ အဲဒါ ဇွဲနေသန်ဆိုသော လျှို့ဝှက်တတ်သူတစ်ယောက်ရဲ့ လက်ဆောင်များလား။ mid term မှာ A ရတာ သူ ဘယ်လိုလုပ်ပြီး သိနေသလဲ။ သူ ဒီကျောင်းနဲ့ အဆက်အသွယ်ရှိလို့လား။ ဒီကျောင်းက ကျောင်းသူတစ်ယောက်ယောက်နဲ့များ ခင်မင်ရင်းနှီးပတ်သက်နေသလား။ ပဟေဠိတွေကို အဖြေသာ ရှာဖွေချင်နေမိသည်။ မာန့် အာရုံကို တစ်စုံတစ်ယောက်က လွှမ်းမိုးထားတာကိုခံရတာ ဒါ ပထမဆုံးပါပဲ။ အဲဒီသူဟာ 'ဇွဲနေသန်' ဟူသော နာမည်တစ်ခုကလွဲပြီး ဘယ်သူမှန်း ဘယ်ကမှန်း မာန်မသိချေ။ သူ့ဘက်ကသာ မာန့်ကို အားလုံးသိနေသော အဖြစ်။ သူ့ကို ဆက်သွယ်နိုင်တာဆိုလို့ ညနေဘက် online ပေါ်မှာပဲဖြစ် သည်။

ထို့ကြောင့်လည်း ဒီဇိုင်းကျောင်းကအပြန် လမ်းထိပ်က net cafe မှာ ကိုယ့်တာဝန်ချိန်ပြီးပြီဆိုတာနှင့် ပထမဆုံး လုပ်မိသည်မှာ ခါတိုင်းလို ဒီဇိုင်း websites တွေ ရှာဖွေခြင်း မဟုတ်ဘဲ g talk မှာ ဇွဲနေသန် available ဖြစ်မဖြစ်ကို ရှာဖွေမိခြင်း ဖြစ်သည်။ သူ့ကိုတွေ့သည်နှင့် ချက်ချင်း chat လှမ်းလုပ်လိုက်မိသည်။

"နှင်းဆီဖြူတွေအတွက် ကျေးဇူးပါ"

"ကြိုဆိုပါတယ် . . ."

ဟု သူ ပြန်ရိုက်လာသည့်အတွက် သူ ပို့ပေးတယ်







ဆိုတာ မငြင်းဘူးပေါ့လေ။

"ဘာအတွက် ပို့ပေးတာလဲ"

"မင်းရဲ့ အောင်မြင်မှုအတွက်လေ"

"အဲဒါကို ရှင် ဘယ်လိုလုပ်ပြီး သိသလဲ"

"ဩော် . . . ကိုယ်သိချင်တဲ့ သူတစ်ယောက်အကြောင်း စုံစမ်းရတာ သိပ်တော့ မခက်ပါဘူး မာန်ရယ်၊ မာန်လို့ပဲ ခေါ်ပါရစေနော်"

"ရပါတယ်၊ ရှင့်အကြောင်း နည်းနည်းလောက် ပြောပြပါလား၊ ဒါမှ မျှတမယ်လို့ ကျွန်မ ထင်တယ်"

"အိုကေ . . .၊ ကိုယ့်အတွက် မခက်ပါဘူး၊ ကိုယ်က software engineer တစ်ယောက်ပါ၊ ကွန်ပျူတာနဲ့ ကျောင်းပြီးတယ်၊ ကွန်ပျူတာ စင်တာတစ်ခုမှာ အလုပ်လုပ်တယ်၊ net cafe တစ်ခုမှာလည်း အချိန်ပိုင်း အလုပ်လုပ်တယ်၊ ကိုယ့်ဘဝမှာ ကိုယ်ဖြစ်ချင်တဲ့ ရည်မှန်းချက်ပန်းတိုင်တစ်ခုအတွက် ဇွဲရှိရှိနဲ့ ကြိုးစားနေတဲ့ လူငယ်တစ်ယောက်လို့ ပြောလို့ရပါတယ်၊ ကဲ . . . ဘာသိချင်သေးလဲ၊ ကိုယ့်မှာ ချစ်ရမယ့် မိန်းကလေးတော့ မရှိသေးဘူး၊ အဲဒါလေးတော့ ထည့်ကြော်ငြာဝင်ထားပါရစေနော်"





www.burmeseclassic.com

www.burmeseclassic.com

မာန်က ဖျတ်ခနဲ မျက်စောင်း ထိုးလိုက်မိသည်။ ယောက်ျားလေးတစ်ယောက်၏ လေသံကို နားထောင်လိုက်ရုံဖြင့် သူ ဘာအထာရှိသလဲဆိုတာကို မိန်းကလေးတစ်ယောက်အဖို့ အလိုလို နားလည်နိုင်စွမ်းရှိပြီးသားပါ။

"အပြင်မှာ ဆုံချင်သေးလား"

"မဆုံချင်ပါဘူး၊ ဘာဖြစ်လို့ ဆုံရမှာလဲ"

"အိုကေလေ၊ မမျှော်လင့်ဘဲ အမှတ်တမဲ့ ဆုံကြတာက ပိုကောင်းပါတယ်နော်၊ နွေးအားမာန်ဆိုတဲ့ ဒီဇိုင်နာတစ်ယောက်ကို အားပေးနေပါတယ်နော်၊

You may only be
someone in the world,
but to someone else,
you may be the world.

တဲ့။ အမည်မသိ လူတစ်ယောက်က ပြောသွားခဲ့တာပါ။ အဲဒီစကားကလေး မှတ်ထားပေးပါနော်။

မာန် မျက်ခုံးကလေးရှုံ့ကာ ပြုံးမိပါသည်။ သူဟာ သာမန်ကာလျှံကာ သာမန်လူတစ်ယောက်တော့ မဖြစ်နိုင်။ သူဟာ ဘယ်လိုလူစားမျိုး ဖြစ်နိုင်မလဲ ဟူသော အတွေးလေးက မာန့်ရင်ထဲ





ဖျတ်ခနဲ ခုန်ဝင်ရောက်လာခဲ့သည်။ တမင်သက်သက် ချိန်းပြီး ဆုံကြတာကို မာန် မလိုလားပါ။ အင်း . . . မတော်တဆ ဆိုလျှင်တော့ . . .။

×××

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က စနေနေ့။ ကျောင်းလည်း ပိတ်သလို မာန်အချိန်ပိုင်းလုပ်သော net cafe ကလည်း ပြင်စရာရှိတာတွေ ပြင်ရမှာဖြစ်သောကြောင့် စနေနေ့တစ်ရက် ပိတ်ပါသည်။ အဲဒီတော့ မာန့်အနေနှင့် မတွေ့တာကြာပြီဖြစ်သော သူငယ်ချင်းတွေနှင့် ဆုံဖြစ်ဖို့ ချိန်းမိကြသည်။ ဆယ်တန်းကတည်းက သူငယ်ချင်းတွေ ဖြစ်ခဲ့သလို တက္ကသိုလ်တက်ခဲ့တုန်းကလည်း အတူတူတတွဲတွဲ တွဲဖြစ်ခဲ့ကြသော သူငယ်ချင်းတွေ။ ကျောင်းပြီးသွားချိန်မှာ ကိုယ့်ဘဝ ပန်းတိုင်ဆီ ကိုယ့်အားကိုယ်ကိုးကာ ကြိုးစားသွားနေရသူတွေမို့ မဆုံဖြစ်ကြတာကြာလှပေါ့။ အဲဒီတော့ ရှားရှားပါးပါးတစ်ရက်တည်း အားတုန်း သူငယ်ချင်းတွေနှင့် ဆုံဖို့မှ မချိန်းဖြစ်လျှင် ဘယ်လိုမှ ဆုံနိုင်မှာမဟုတ်။ ချိန်းဖို့ကလည်း အလွယ်ကလေး။ သုံးယောက်စလုံး facebook account တွေရှိထားတာမို့ facebook ပေါ်မှာ ချိန်းလိုက်ရုံ။







"ငါ စနေနေ့ တစ်နေ့အားတယ်၊ ဆုံကြရအောင်ဟယ်"

ဟု message ကလေးတွေ ပို့လိုက်ရုံနှင့် ချက်ချင်း အကြောင်းပြန်လာသည်။

"ရန်ကင်းက cyberzone မှာ နေ့လည် ၁၁ နာရီဆုံမယ်၊ ပြီးရင် ရန်ကင်းကြေးအိုးဆွဲမယ်၊ ရန်ကင်းစဲင်တာထဲ လျှောက်ကြည့် တာပေါ့"

ဟု ဆိုသည်။

ဆယ့်တစ်နာရီမထိုးခင် ရန်ကင်းရှိ cyberzone net cafe ဆိုင်ကလေးဆီသို့ မာန် ကြိုပြီး ရောက်နှင့်ပါသည်။ cyberzone ဆိုင်ခွဲတွေ တော်တော်များများ ရန်ကင်းမြို့ တဝိုက်မှာရှိနေသည်။ connection လည်းကောင်း ဆိုင်အပြင်အဆင်ကလည်း privacy ရှိသလို ဝန်ဆောင်မှုကလည်း ကောင်းသည်မို့ cyberzone သည် လူငယ်တွေကြားမှာ အလွန် ရေပန်းစားပါသည်။ မာန့်အတွက်တော့ ဒါ ပထမဆုံး ရောက်ဖူးခြင်းမို့ ဆိုင်ဝမှာပဲ အသာရပ်ကာ သူငယ်ချင်းတွေအလာကို စောင့်နေမိသည်။ အဲဒီအချိန်မှာပဲ နောက်နားဆီက အသံတိုးတိုးချိုချိုတစ်ခုကို စတင်၍ ကြားလိုက်ရခြင်းဖြစ်သည်။

"စနေနေ့ဆိုတော့ ကျွန်တော်တို့ဆိုင်က တော်တော် busy ဖြစ်တယ်ဗျ၊ စောင့်နေတာ အားနာလိုက်တာ၊ PC တွေ





www.burmeseclassic.com

www.burmeseclassic.com


အားလုံးပြည့်နေတယ်၊ နောက်တစ်နာရီလောက်ကြာမှ ရမယ် ဆိုတော့ ကော်ဖီလေးဘာလေး သောက်ရင်း စောင့်ပါလား ဟင်"

မာန်က အသံလာရာဘက်ဆီ ဖျတ်ခနဲ လှမ်းကြည့်မိသည်။ လူညိုချောတစ်ယောက် ဆိုင်ဝန်ထမ်းဝတ်စုံကို သပ်ရပ်စွာ ဝတ်ထားပြီး ရုပ်အင်္ကျီ ဖြူဖြူရဲ့ ရင်ဘတ်မှာ အညိုရောင် name plate ကလေးကထင်းနေတော့ ဘာရယ်မဟုတ် မျက်လုံးက အလိုလို ရောက်မိသွားသည်။ စိတ်ထဲမှာ ဖတ်လိုက်မိသည့် နာမည်တစ်ခုကြောင့် လူက ဒိန်းခနဲ ခုန်မြောက်လွင့်တက်သွားသလို ခံစားလိုက်ရကာ ဦးခေါင်းမှ ဆံစတွေပင် ထောင်သွားခဲ့ပါ၏။ ဖွဲ့နေသန်။ ဒီနာမည်မျိုးဟာ နှစ်ယောက်မရှိနိုင်။ သူ့ကို မျက်လုံးအဝိုင်းသားဖြင့် တအံ့တဩ မော်ကြည့်မိကာ တစ်ခုခု ပြန်ပြောဖို့ နှုတ်ခမ်းကလေး ဟမိစဉ် . . .

"ဟေး . . . နွေးအားမာန်"

ဟု လမ်းမကနေ ဝမ်းသာအားရ လှမ်းအော်လိုက်သော သူငယ်ချင်း ကြည်ဖြူ့အသံကြောင့် ကြည်ဖြူ့ဆီ ပြေးသွားကာ လှမ်းဖက်လိုက်မိကြသည်။

"မိန်းမရယ် . . .၊ ကျောင်းပြီးကတည်းက မတွေ့တာ ဘယ်လောက်ကြာပြီလဲ၊ နင် အခုဘာတွေလုပ်နေလဲ ဟဲ့ . . . နင် အရမ်းလန်းလာပါလား၊ ချောချောကလျာရော . . . မလာသေးဘူးလား"

ကြည်ဖြူပိုင်က ယုံးစံအတိုင်း တွေ့တာနှင့် မနားတမ်း အဆက်မပြတ်ပွားပါတော့သည်။

"အေးဟယ် . . .၊ နင်တို့ကို ငါလည်း အရမ်းလွမ်းတာ၊ အခု Fashion House Design School တက်နေတော့ ကျောင်းသူဘဝကို ငါ ပိုသတိရမိတာပေါ့ဟဲ့၊ နင်ရော ဘာတွေလုပ်နေလဲ ကြည်ဖြူ၊ ငါတို့လည်း facebook မှာတောင် မှန်မှန် မဆုံမိကြဘူးနော်"

"အံမယ် . . . နင်က Designer ဖြစ်တော့မှာပေါ့၊ အတော်ပဲ ငါလည်းယောကျ်ားယူတော့မှာ . . . ငါ့အတွက် သတို့သမီးဝတ်စုံ နင်ကိုယ်တိုင် ဒီဇိုင်းထုတ်ပြီး ချုပ်ပေးဟယ်၊ အဟီး သတို့သမီးဝတ်စုံခ သက်သာလည်း နည်းတာမဟုတ်ဘူး၊ ကျောင်းမှာကတည်းက နင်ဆွဲတဲ့ဒီဇိုင်းတွေကို လှလွန်းလို့ ငါတို့ အလုအယက် ကြည့်ရတာ အမောလေ၊ ငါ မှတ်မိပါသေးတယ်"

"ဟော . . . ဟိုမှာ ချောချောကလျာ လာနေပြီ . . .

www.burmeseclassic.com

ကြည့်စမ်း . . . ဒီမိန်းမ ဝ,လို့တော့၊ facebook ထဲမှာတော့ ငယ်ငယ်တုန်းက ဓာတ်ပုံလေးတွေပဲ ရွေးတင်ထားတာ ပိန်ပိန်သွယ်သွယ်ကလေး . . . ဟားဟား လူလည်မ"

"ဟေး . . . မိန်းမတွေ ကြည့်စမ်း၊ နွေးအားမာန် . . . နင် အရမ်းပိုက်နေပါလား . . . အလန်းစားတော့"

သုံးယောက်သား မတွေ့တာ မဆုံတာကြာပြီး ခုမှ ပြန်ဆုံကြတာမို့ ပတ်ဝန်းကျင်ကို ဂရုမစိုက်နိုင်အားဘဲ အသံကျယ် ကြီးတွေနှင့် အော်ဟစ်နှုတ်ဆက်မိကြသည်။

"ငါ ဗိုက်ဆာပြီဟယ်၊ အိမ်က ဘာမှ မဆွဲခဲ့ရဘူး၊ ကြေးအိုး သွားဆွဲရအောင်"

ဟု ချောချောက အစားအသောက်စကားကို အရင် ဆုံး ပြောပါသည်။ မာန်က သတိတရနှင့် cyberzone ဘက် တစ်ချက်ပြန်လှည့်ကြည့်မိတော့ ခုချိန်ထိ အံ့ဩနွေးထွေးသော အကြည့်ချိုနွေးတို့နှင့် မာန့်ဆီ ငေးကြည့်နေဆဲဖြစ်သော ဇွဲနေသန် . . . ဆိုသော သူတစ်ယောက်၏ မျက်ဝန်းတွေက မာန့်ရင်ဘတ်ဆီ ထုတ်ချင်းဖောက်မတတ် စူးနစ်စွာ ဝင်ရောက်လာခဲ့သည်။ သူ့မျက် ဝန်းတွေဆီမှာ ရင်းနှီးမှု၊ နွေးထွေးမှုနှင့် လှိုက်လှဲမှုတွေ အတိုင်းသား . . .။ online မှာ တွေ့ခဲ့သော မာန့်ဆီ မမေ့နိုင်စရာ breakfast ကလေးပို့ခဲ့သော၊ အောင်မြင်မှုအတွက် နှင်းဆီဖြူဖြူတွေ ပို့ပေး ခဲ့သော၊ မာန်က သူ့ကို သိခွင့် မရခဲ့ဘဲ မာန့်ကိုသာ အပေါ်စီးကနေ လှမ်းကြည့်နေခဲ့သလို အားလုံး သိနေခဲ့သော သူတစ်ယောက်ကို ဒီလိုအချိန် ဒီလိုနေရာမျိုးမှာ လုံးဝ ထင်မှတ်မထားဘဲ အမှတ်တမဲ့ ဆုံမိလိမ့်မည်ဟု မျှော်ကို မျှော်လင့်မထားခဲ့မိတာပါ။ မာန် သူ့ကို ဖျတ်ခနဲ မသိမသာကလေး ပြုံးပြခဲ့မိပါ၏။ ရှင့်ကို ကျွန်မ သိခဲ့ပြီ ဆိုသော သူ့ရဲ့လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်လိုက်သည့် အပြုံး ကလေးဆိုပါတော့။ သူကတော့ မာန့်ကို ထွက်သွားတဲ့အထိ တမေ့ တမော ရပ်ငေးကျန်ရစ်ခဲ့တာကို တော်တော်လှမ်းလှမ်း ရောက်ပြီး ကာမှ မသိမသာပြန်လှည့်ကြည့်မိလို့ သိခဲ့ရပါသည်။

×××



www.burmeseclassic.com

www.burmeseclassic.com



"နွေးအားမာန်"

ထိုနာမည်ကလေးကို ဖွဖွကလေးရွတ်မိတော့ သူ့ရင် ထဲ တကယ်ပဲ နွေးသွားခဲ့ပါသည်။ လူချင်းဆုံမိဖို့ မျှော်လင့်မထား မိသူတစ်ယောက်ကို မမျှော်လင့်စွာ တွေ့ဆုံခွင့်ရလိုက်သည့် အံ့ဩမှု ကို သူ့ဘဝမှာ ပထမဆုံးအကြိမ် နှစ်သက်ကြည်နူးစွာ ခံစားလိုက်မိ ခြင်း ဖြစ်သည်။ လူကို တွေ့ခွင့်ရလိုက်တော့မှ သူမ၏နာမည်နှင့် သူမ တော်တော်လိုက်ဖက်ကြောင်း ပိုပြီး သတိထားမိခဲ့ပါသည်။ အားမာန်အပြည့်နှင့် နွေးနွေးထွေးထွေး ရှိလွန်းလှသော မိန်းမချော ကလေးတစ်ယောက်။ သူ့ဆီသို့ ပထမဆုံး e-mail ပို့ပြီး သူ့ကို တိတ် တဆိတ် အားပေးနေပါတယ်ဟု မိတ်ဆက်စကား စတင်ခဲ့သူ နောက်ပြီး သူ့အတွက် မမေ့နိုင်စရာ ကော်ဖီတစ်ခွက်ပို့ပေးခဲ့သူ သူ့အတွက် Inspirational thoughts ကလေးတွေ ပေးပို့တတ်သူ







online မှာ chatting လုပ်ရင်း မျှဝေခံစားဖော်သူငယ်ချင်းမ,ကလေး တစ်ယောက်လို ရင်းနှီးနေခဲ့ရသူကလေးကို အရှင်လတ်လတ် ဖြုန်း ခနဲ တွေ့ခွင့် သိခွင့်ရလိုက်ချိန်မှာ သူ့ဘယ်ဘက်ရင်အုံဆီမှာ ဓာတ် တစ်မျိုး စီးဆင်းစိမ့်ဖြာလျက်ရှိသည်ကို ရှိန်းမြပူနွေးစွာ ခံစားမိပါ သည်။ သူ တကယ် impress ဖြစ်နေခဲ့မိသော မိန်းကလေး။ တွေ့ လိုက်ရသည့် ခဏကလေးအချိန်မှာတောင် သူမ၏ ဆွဲဆောင်ညှို့ ငင်နိုင်မှုကို သူ လက်တွေ့သိခွင့်ရခဲ့သည်။ သူ မျက်ဝန်းတွေမှ ပြန်ရုတ်သိမ်းလို့ မရနိုင်ခဲ့ဘဲ။ သူ့ခြေလှမ်းတွေလည်း ဆိုင်ထဲ ပြန် လှမ်းဖို့မှ နောက်ပြန်မလှည့်နိုင်ခဲ့ဘဲ။ ထိုတဒင်္ဂကလေးအတွင်းမှာ သူ သံလိုက်စက်ကွင်း ဇရိယာတစ်ခုအတွင်း ရောက်ရှိသွားခဲ့မိသလို ညှို့ငင်ခံနေခဲ့ရတာပါ။

သူမတို့ ထွက်သွားတော့မှပဲ သူ ပြန် အသက်ဝင်လာခဲ့ သလို။ ပြီးတော့ နောင်တရချင်မိသွားသည်။ သူမဆီ လျှောက်သွား ပြီး ဘာကြောင့်များ သူဟာ မိတ်ဆက်စကား မပြောခဲ့မိတာပါလိမ့်။ နောက်ဆုံး သူမ ပြုံးသွားခဲ့သော အပြုံးကလေးက သူ့ကို သိနေခဲ့ သော ရင်းနှီးချိုမြသည့် အပြုံးနွေးနွေးကလေးပါ။ သူ ပြန်ပြုံးမိလိုက် သလား။ သူ့ကိုယ်သူ မမှတ်မိတော့ပါ။ မျက်စိတဆုံးထိ သူ ငေးကြည့် နေရုံ ကြည့်နေမိခဲ့တာကို. သူမတို့ ပျောက်ကွယ်သွားမှပဲ မချင့်မရဲ





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မိတော့သည်။

ဘယ်သူဘယ်ဝါမှန်းမသိဘဲ ပဟေဠိကို အဖြေရှာနေရတာထက် သူမ၏ မျက်နှာကလေးကို သေသေချာချာ နီးနီးကပ်ကပ် တွေ့ဆုံခွင့်ရခဲ့ပြီမို့ ပိုပြီးတော့ အဓိပ္ပာယ်ရှိ အသက်ဝင်လာခဲ့သလို။ သူ သူမဆီ ချက်ချင်းပဲ e-mail လှမ်းပို့ခဲ့မိပါသည်။

From : zwenaythan@gmail.com

To : nwayarrmahn 2010@gmail.com

Subject : နာမည်နဲ့လိုက်တယ်

ခင်မင်သော နွေးအားမာန်

ဒီနေ့ မမျှော်လင့်ဘဲဆုံမိတဲ့ အဖြစ်ကလေးအတွက် ကိုယ် အရမ်းဝမ်းသာတာပဲ။ မင်းက နာမည်နဲ့လိုက်တယ်နော်။ နွေးထွေးမှုနဲ့ အားမာန်အပြည့် . . . မင်းရဲ့ မျက်နှာကလေးဆီမှာ ကိန်းဝပ်နေတယ်လို့ ကိုယ် ယုံကြည်တယ်။ မင်းအတွက် အမှတ်တရ thought ကလေးက . . .

"Happiness often sneaks in through a door you didn't know you left open"

တဲ့။





John Barrymore (Actor) ကပြောခဲ့တာ။ ပျော်ရွှင်ခြင်းဆိုတာဟာ တစ်ခါတစ်ရံမှာ ကိုယ်ဖွင့်ထားခဲ့မိတယ်လို့ သိတောင်မသိလိုက်ခဲ့တဲ့ တံခါးတစ်ချပ်ဆီကနေ ချောင်းမြောင်းပြီး ဝင်လာတတ်တယ်တဲ့ . . .။ ကိုယ် အခု အရမ်းပျော်နေမိတယ်။ မျှော်လင့်ထားမိတဲ့ အရာတစ်ခုထက် . . . မမျှော်လင့်ဘဲရလိုက်တဲ့ အခွင့်အရေးက တစ်သက်လုံး မမေ့နိုင်တော့အောင် စွဲမြဲနေတတ်တယ်နော်။

ခင်မင်စွာ

ဇွဲနေသန်

×××



www.burmeseclassic.com

www.burmeseclassic.com



From : nwayarrmahn@gmail.com

To : zwenaythan2010@gmail.com

Subject : လျှို့ဝှက်တံခါးကို ကျွန်မဖွင့်နိုင်ခဲ့ပြီ

ခင်မင်သော ဇွဲနေ့သန် . . .

အမှတ်တမဲ့ကလေးပါပဲနော်။ ရှင် ပိတ်ထားခဲ့တဲ့ လျှို့ဝှက်တံခါးကလေးကို ကျွန်မ ဖွင့်နိုင်ခဲ့ပြီ . . . လို့ပဲ ပြောပါရစေ။ အဲဒီလို အခိုက်မိကလေး ဆုံခွင့်ရလိုက်တာက ကျွန်မအတွက် အမြတ်လေ။ ကဲ . . . ရှင် ဘာတွေ ပပောင်ဝှက်ဦးမလဲ။ ရှင် ဘယ်သူလဲဆိုတာ . . . ရှင် ဘယ်မှာရှိနေသလဲဆိုတာ သိခွင့်ရခဲ့ပြီဆိုမှတော့ ရှေ့ဆက်ပြီး ရှင်ဆက်ပုန်းလို့ မရနိုင်တော့ဘူးလေ။ ရှင့်ကို ကျွန်မ မမျှော်လင့်ထားဘဲမိခဲ့တာပါ။ ဘာပဲဖြစ်ဖြစ် ကျွန်မ ပျော်ပါတယ်ရှင်။ ကျေလည်းကျေနပ်ပါတယ်နော်။ ရှင့်အတွက် ကျွန်မ thought ကလေးက တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။

"Happiness often sneaks in through a door you didn't know you left open"

John Barrymore (Actor)







ပျော်ရွှင်ခြင်းဆိုတာ တစ်ခါတစ်ရံမှာ ကိုယ်ဖွင့်ထားခဲ့မိမှန်း မသိလိုက်တဲ့ တံခါးချပ်တစ်ခုဆီကနေ ခိုးကြောင်ခိုးဝှက် ဝင်ရောက်လာတတ်တယ်တဲ့။ အဲဒီ အတွေးကလေးဟာ ကျွန်မအတွက် အခုအချိန်မှာ အမှန်ဆုံးပါပဲ၊ သိလား။

နွေးအားမှာန်

×××





www.burmeseclassic.com

www.burmeseclassic.com



အသီးသီးဝင်လာခဲ့သော mail box ထဲမှ စာနှစ်စောင်ကို အတူတူ ခေါင်းချင်းဆိုင်ဖတ်ရင်း သဝဏ်နှင့် ဩတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြကာ ပြုံးမိကြသည်။

"ဆုံမယ့်ဆုံတော့လည်း ကိုယ်တို့တောင် တကူးတက ဖာတ်လမ်းဆင်ပေးစရာ မလိုလိုက်ဘူးကွာ၊ သူတို့ဘာသာ သူတို့ ဆုံမိသွားကြပြီ"

"အဲဒါ သူတို့နှစ်ယောက် ရေစက်ပါလို့ ဖြစ်မှာပေါ့ ဩရဲ့၊ ဘာတွေဆက်ဖြစ်မလဲ စောင့်ကြည့်ကြရအောင်၊ သူတို့ နှစ်ယောက်ရဲ့ ဒီစာနှစ်စောင်ကို သူတို့ရဲ့ မူရင်းလိပ်စာတွေဆီ copyလုပ်ပြီး paste လုပ်ပေးလိုက်မယ်လေ၊ e-mail လိပ်စာပြောင်းသွားတာကို သူတို့ သတိထားမိမှာပဲ၊ ကျွန်မတို့ဖွင့်ထားတဲ့ 2010 ပါတဲ့ fake address တွေအစား သူတို့မူပိုင် mail account ချင်း ဆက်သွယ်ပေးလိုက်ရုံပေါ့၊ ကျွန်မတို့ ရည်ရွယ်ခဲ့တာကလည်း သူတို့နှစ်ယောက် ဆုံကြဖို့ပဲ မဟုတ်လား"

"အဲဒါကောင်းတယ် သဝဏ်၊ ကိုယ်တို့နှစ်ယောက်ကိုတော့ သူတို့ ဘယ်လိုမှ ရှာဖွေဖော်ထုတ်နိုင်မှာ မဟုတ်ဘူး၊ ဒါပေမယ့် သူတို့ ဆုံမိကြတဲ့အခါ နောက်ကွယ်ကနေ တစ်စုံတစ်ယောက်က သူတို့နှစ်ယောက်ကို set up လုပ်ထားတယ်ဆိုတော့ ပေါ်သွားလိမ့်မယ်"

"အဲဒါ အရေးမကြီးဘူးလေ၊ သူတို့နှစ်ယောက်ကြားမှာ တစ်ယောက်ကိုတစ်ယောက် လိမ်ညာလှည့်စားထားတာ ဘာမှ ရှိမနေခဲ့ဘူး၊ အဓိက,က သူတို့ချင်း ရိုးသားမှု ရှိတယ်ဆိုတာကို သိဖို့ပါပဲ၊ သူတို့နှစ်ယောက်ကြားက တတိယလူကို သူတို့ ဘယ်လိုမှ ရှာမတွေ့နိုင်ပါဘူး"

"ဩ . . . ရှင်ဟာလေ . . . တော်တော် ဉာဏ်များတယ်နော်၊ brain ကတော့ စူပါပဲ၊ ကျွန်မကိုတော့ အဲဒီလို ဉာဏ်မများကြေးနော်"

"ဉာဏ်များစရာလား၊ ဒီမှာ ရိုးရိုးသားသား ဒူးတစ်ဖက်ထောက်ပြီး လက်ထပ်ခွင့်တောင်းခံနေတာတောင် ခေါင်း





www.burmeseclassic.com

www.burmeseclassic.com

မညိတ်သေးဘဲနဲ့ ဟိုမှာ အင်္ဂလန်မှာတောင် Prince William က Kate Middleton ကို ဒူးတစ်ဖက်ထောက်ပြီး propose လုပ်လိုက်တာ အောင်မြင်သွားပြီ။ Kate Middleton က ဒေါ်သဝဏ်ပျိုမေလောက် ခေါင်းမမာဘူး၊ ခေါင်းညိတ်လိုက်ပြီ၊ 2011 နွေဦးပေါက်နဲ့ နွေရာသီလောက်မှာတောင် လက်ထပ်ကြတော့မယ်၊ ဒီအပျိုကြီးက မလှုပ်သေးဘူး"

"ဘာအပျိုကြီးလဲ . . . လာပြန်ပြီလား၊ ဟိုနှစ်ယောက်ကို စောင့်ကြည့်ပါဦးတော့"

"ဘယ်နှစ်ယောက်တုံး . . ."

"ဩော် . . . ဖွဲ့နေသန်နဲ့ နွေးအားမာန်ကို ပြောတာပါ"

"တကယ်ကတော့ သက်သက်ညစ်တာပါကွာ၊ တကယ်ဆို သူတို့နဲ့ ဘာမှမဆိုင်ပါဘူး၊ သူတို့ကသူတို့ ကိုယ်တို့က ကိုယ်တို့ပဲ ဥစ္စာ၊ သဝဏ် နည်းနည်းတော့ ဂေါက်နေပြီ"

"မဆိုင်ဘူးလို့ ပြောလို့မရဘူးလေ ဩရဲ့၊ သဝဏ် သူ့ကို စင်္ကာပူ ပို့ပေးချင်သေးတယ်၊ အဲဒီကောင်မလေးက အရမ်းတော်တာဆရာ၊ သဝဏ့်ထက်တောင် talent ပိုရှိသေးတယ်"

"ကိုယ်လည်း ဟိုကောင်လေးကို NUS ပို့ပေးမှာပါ၊ Scholar





လျှောက်ပေးကြည့်မလို့၊ ရဖို့ များပါတယ်"

"ဟိုမှာ သူတို့ဆုံကြဦးမှာပေါ့လေ၊ တစ်ယောက်ရှိနေတာကို ကျန်တစ်ယောက်က သိသွားပြီဆိုရင် ဒီနှစ်ယောက် ချစ်ခြင်း၏ ဧရိယာအတွင်း ရောက်လာတော့မယ် ထင်ပါရဲ့"

"အဲဒီတော့လည်း ချစ်ခြင်း၏ဧရိယာအတွင်း ရောက်ရှိနေပါသဖြင့် ခေါ်ဆို၍ရနိုင်သည်ပေါ့"

သဝဏ်က ဩ၏အပြောကို သဘောကျသွားမိသောကြောင့် သူ့ဂုတ်သားနေရာမှ ဆံပင်ကလေးများဆီ ချစ်စနိုး လှမ်းဖွဆော့ကစားမိပါသည်။ သဝဏ်နှင့်ဩလည်း ချစ်ခြင်း၏ဧရိယာအတွင်းမှာ တစ်ယောက်ကိုတစ်ယောက် အမြဲတမ်းခေါ်ဆို၍ရနေနိုင်သားပဲနော်။

×××



www.burmeseclassic.com

www.burmeseclassic.com

# အခန်း

# ၈



www.burmeseclassic.com

www.burmeseclassic.com



တခြားလူတစ်ယောက်အပေါ်
ရှိုးသားဖို့ဆိုရင်
အရင်ဆုံး
ကိုယ့်ကိုယ်ကိုယ်
ပြန်ရိုးသားဖို့လိုလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၈

ဆုံခဲ့ရတာကမှ တကယ့်ကို ခဏတဖြုတ်ကလေးပါ။ သို့ပေမယ့်လည်း သူ့စိတ်ထဲ ဘာ့လိုအပ်နေမှန်းမသိ။ သူမနှင့်ထပ်ပြီး ဆုံချင်မိသေးသည်။ ဖြစ်ချင်တော့ သူမျှော်လင့်ထားခဲ့သည့်အတိုင်းပင် online software engineering diploma သူ ရခဲ့သည်။ အဲဒီအတွက် ဘယ်သူ့ကို ကျေးဇူးတင်စကားဆိုရမှန်း သူမသိ။ တစ်စုံတစ်ယောက်က သူ့အတွက် online course ကို လျှို့ဝှက်စွာပို့ပေးခဲ့တာဆိုတော့ အဲဒီ လျှို့ဝှက်သူတစ်ယောက်ကို သူ ဘယ်လိုမှ အလွယ်တကူ မဖော်ထုတ်နိုင်။ အဲဒီနောက်မှာတော့ ပိုပြီးမယုံနိုင်စရာကောင်းလောက်အောင် NUS တက်ခွင့်ရဖို့ scholarship လျှောက်ဖို့ link တွေ . . . သူ့ mail box ထဲ ထပ်ရောက်လာခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com



ပေးပို့သူက NUS ကို တက်ခွင့်ရနိုင်ဖို့အတွက် မြန်မာပြည်မှ Agent တစ်ခု၏ လိပ်စာနှင့် ဖြစ်သည်။ သူလုပ်ရမည့် အချက်အလက်တွေကို ညွှန်ကြားပေးထားခဲ့သည်။ ထို Agent ဆီကို သူ ဖုန်းဆက်ပြီးမေးခဲ့ပါသေးသည်။ ဘယ်လိုမှ သဲလွန်စ, မရ။ တစ်စုံတစ်ယောက်က သူ့ကိုယ်သူ လုံးဝ ဖျောက်ကွယ်လျှို့ဝှက်ထားခြင်းဖြစ်သည်။ အဲဒီသူ ဘယ်သူလဲဆိုတာကိုလည်း agent က ပြောပြပိုင်ခွင့်မရှိပါတဲ့။ သူ ကိုယ်သူ ဘာတွေဖြစ်လို့ ဖြစ်နေမှန်းတောင် သူ မသိတော့။ အိပ်မက်တစ်ခုမက်နေမိတာဆိုလျှင်လည်း ဒီအိပ်မက်ဟာ သူ့အတွက် အခမ်းနားအလှပဆုံး အိပ်မက်တစ်ခုသာ ဖြစ်လိမ့်မည်။ အခွင့်အရေးကို ဘယ်တုန်းကမှ လက်လွှတ်မခံတတ်သူပီပီ သူ Scholarship လျှောက်ကြည့်ခဲ့ပါသည်။ ဝင်ခွင့်စာမေးပွဲဖြေဖို့လည်း သူ့ဘက်က အဆင်သင့်။ တစ်ယောက်ယောက်ကတော့ သူ့ကို စောင့်ကြည့်နေခဲ့ပြီ . . . ဟု သူ သိလာခဲ့ပြီ။ အဲဒီသူဟာ 'နွေးအားမာန်' ဖြစ်နိုင်မလား။ သူမနှင့်ဆုံပြီး စကားပြောကြည့်ချင်လာခဲ့သည်။ ထို့ကြောင့် "ဆုံရအောင်"ဟု သူမဆီ e-mail လှမ်းပို့လိုက်မိပါသည်။





From : zwenaythan@gmail.com

To : nwayarrmahn 2010@gmail.com

Subject : ဆုံရအောင်

ခင်မင်သော နွေးအားမာန်

နှစ်ယောက်ချင်းဆုံပြီး မျက်နှာကလေးကို ကြည့်ပြီး ပဟေဠိကလေးတစ်ခု မေးကြည့်ချင်ပါတယ်။ စိတ်ဝင်စားမယ်ဆိုရင်ပေါ့ . . .

ခင်မင်တဲ့ . . .

ဇွဲ . . .



www.burmeseclassic.com

www.burmeseclassic.com

သိပ်မကြာခင်မှာ . . . သူမဘက်မှ စာပြန်လာသည်။

From : nwayarrmahn2010@gmail.com

To : zwenaythan@gmail.com

Subject : ဆုံရအောင်

ခင်မင်တဲ့ ဇွဲ

ညနေလေးနာရီခွဲဆို ကျွန်မ Fashion House Design School ကနေ ကျောင်းဆင်းနေကျ။ ကဲ . . . ရှင် ဘာလုပ်ရမှန်း သိပါတယ်နော်။

မာန် . . .။

သူ ပြုံးလိုက်မိသည်။ Computer Centre ကနေ ခပ်စောစောပြန်လစ်ပြီး Fashion House Design School ရှေ့မှာ သွားစောင့်နေခဲ့မိသည်။ အဲဒီအချိန်မှာ ထူးခြားသည်က သူ့ရဲ့ ရင်ခုန်သံတွေ ဖြစ်သည်။ ဘယ်တုန်းကမှ သူ့ရင်တွေ ဒီလောက် မခုန်ခဲ့။ တစ်စုံတစ်ယောက်ကို စောင့်နေရသော ခံစားချက်သည် သူ့ရင်ကို ကြည်နူးပီတိတစ်မျိုးဖြင့် လှပစွာ ဖမ်းစားညို့မြူထားခဲ့သည်။

xxx

ကျောင်းဆင်းပြီးချိန်တွင် မာန်က ထုံးစံအတိုင်း ဘတ်စ်ကားဂိတ်ဆီသို့ ပြေးဖို့သာ အာရုံရောက်နေခဲ့သည်။ ကျောင်းရှေ့မှာ လုံးဝ မမျှော်လင့်မထားခဲ့သူတစ်ယောက်ကို ဖြုန်းခနဲ တွေ့လိုက်ရသောအခါ လူက ဒိန်းခနဲ မြောက်ခုန်သွားမတတ်ဖြစ်လျက် နှုတ်ခမ်းကလေးတွေက ပြုံးခနဲ ဖြစ်သွားပါ၏။ ဒီလိုဆိုတော့လည်း လျှို့ဝှက်တတ်လွန်းသူတစ်ယောက်ဟာ သူ့ရင်ဘတ်ကို အသာဖွင့်ပြီး လှစ်ဟပြထားသလိုပါပဲလား။ သူ ဘယ်သူဘယ်ဝါလဲ ဆိုတာ မာန် သိခွင့်ရပြီးတဲ့နောက်မှာ ရိုးသားစွာဝန်ခံရလျှင် သူ့ကို ထပ်ပြီး ဆုံချင်နေမိတာအမှန်။ မာန့် စိတ်ထဲမှာ စွဲမြဲကိန်းဝပ်နေသည်က မာန့်ကို ဒီဇိုင်းကျောင်းရောက်အောင် ပို့ပေးခဲ့သူဟာ သူများဖြစ်နေမလားဆိုသော သံသယပါးပါးကလေးတစ်စင်း ဖြစ်သည်လေ။





www.burmeseclassic.com

www.burmeseclassic.com



မာန် သူ့ကို လှမ်းပြုံးပြလိုက်တော့ သူက ပြန်လည်ပြုံးကာ မာန့်ဆီသို့ လျှောက်လာနေသည်။ အိုး . . . သူ မာန့်ဆီ လာတွေ့တာလား။ ကော်လာကတုံးရှပ်အဖြူလက်ရှည်နှင့် ပိုးတွဲ ပုဆိုးကွက်စိပ်ကလေးဝတ်ထားသော သူ့ပုံစံက သပ်ရပ်ရိုးစင်းလွန်းပေမယ့် ကြည့်၍ကောင်းပါသည်။ ထက်မြက်ပါးနပ်သော personality က သူ့မျက်နှာပေါ်မှာ ထင်းလင်းစွာ ပေါ်လွင်နေသည်။

"ပဟေဠိဖြေဖို့ အဆင်သင့်ပဲလား"

"ဘာရယ်"

မာန် နည်းနည်းတော့ ကြောင်သွားမိသည်။ ရုတ်တရက် လိုက်မမီသလိုတောင် ဖြစ်သွားပါ၏။ ဒါပေမယ့်လည်း မာန်ပဲလေ။ ဘယ်တုန်းက အလျှော့ပေးတတ်ခဲ့ဖူးလို့လဲ။ ပုခုံးကလေးအသာတွန့်ကာ . . .

"အဆင်သင့်ပဲရှင် . . ."

ဟု ပြန်ဖြေလိုက်သည်။

"ဒီနားက ကော်ဖီဆိုင်ကလေးမှာ ထိုင်ရအောင်နော်"

ဟု သူကပြောလျှင် မာန်က နာရီကလေး တစ်ချက်ကြည့်မိကာ . . .

"ကျွန်မ net cafe မှာ အလုပ်ဝင်ရဦးမှာ"



ဟု ပြန်ပြောမိသည်။ တကယ်တော့ မာန့်မှာ အချိန်မရှိ။

"ကိုယ်လည်း cyberzone မှာ ပြန်ဝင်ရမှာပါ၊ အလွန်ဆုံး ဆယ့်ငါးမိနစ်လောက် မပေးနိုင်ဘူးလားဟင်"

"အင်းလေ . . . ရပါတယ်၊ ဘတ်စ်ကား မရမှာကိုပဲစိုးတာပါ။ ကဲပါ . . . ဆယ့်ငါးမိနစ်နော်"

ကော်ဖီဆိုင်ကလေးကလည်း နာမည်ကလေး ခပ်သင်းသင်း။ "ကဗျာည ကဖေး" တဲ့။ လူသူလည်း သိပ်များများစားစားမရှိ။ net cafe မဟုတ်သောကြောင့် လူရှင်းပါသည်။ ဆိုင်ကလေး၏ရှေ့နားကျကျစားပွဲကလေးမှာ မာန်တို့ ထိုင်မိကြသည်။ မှန်တံခါးကနေ အပြင်ကို လှမ်းမြင်နေရပါသည်။

"ဘာသောက်မလဲဟင် . . ."

"Black Coffee ရိုးရိုးကလေးပဲသောက်ချင်တယ်၊ သံပုရာသီးစိပ်ကလေးနဲ့"

မာန်က ကော်ဖီမှာရင်း တဆက်တည်း မနက်ခင်းတစ်ခုမှာ ပို့ပေးခဲ့သော breakfast ကလေးကို သတိတရ ရှိသွားသည်။

သူက စားပွဲထိုးကလေးကို ကော်ဖီနှစ်ခွက်မှာပြီး

www.burmeseclassic.com

နောက် မာန့်ကို တစ်ချက်ကြည့်သည်။ သူ့အကြည့်ထဲမှာ အနွေးဓာတ်တို့ သိပ်သည်းပျော်ဝင်နေသလိုပါပဲ။ မာန်လည်း သူ့ကို မေးခွန်းတွေ မေးချင်နေခဲ့သည်။ ဘယ်ကစလို့ ဘာမေးရမှန်းကို မသိ။ သူကိုယ်တိုင်လည်း စကားလုံးရှာဖွေနေဟန်ရှိသည်။

"ကဲ . . . ပဟေဠိကလေး စ,မယ်နော်၊ Love me tender 2010 ဆိုတဲ့ password ကလေးများ သိမလားလို့"

မာန် တော်တော် အုံးစားသွားသည်။ လုံးဝ မသိ။ ချက်ချင်း အရှုံးမပေးချင်လို့သာ ဖျစ်ညှစ်စဉ်းစားကြည့်နေပေမယ့် ဦးနှောက်ထဲမှာ ဗလာသက်သက်ရယ်။ သူက မာန့် မျက်နှာဆီသို့သာ စိုက်ကြည့်နေခဲ့သည်။

"ဒါဆိုရင် . . . ကိုယ့်ဆီကို Software Engineering Course အတွက် User name နဲ့ Password ပို့ပေးတာ မင်း တကယ်မဟုတ်ဘူးပေါ့"

"ဟင် . . . ၊ ကျွန်မက ဘာကြောင့် ပို့ပေးရမှာလဲ၊ ကိုယ် လုံးဝမသိတဲ့ လူတစ်ယောက်အတွက် ကျွန်မ အဲဒီလောက် စွမ်းစွမ်းတမံလုပ်ပေးစရာ ဘာအကြောင်းရှိလို့လဲ၊ ကျွန်မ မှတ်မိသလောက်ပြောရရင် ရှင်ပေးတဲ့ ပဟေဠိတွေကြောင့်သာ သိခဲ့တာ"





သူ့ မျက်နှာဆီမှာ နားမလည်မှုတွေ၊ အံ့ဩမှုတွေ တရိပ်ရိပ် ဖြတ်ပြေးလျက်။

"ကိုယ်က ပဟေဠိပေးတယ်!၊ ဥပမာတစ်ခုလောက် ပြောပြပါလား ကိုယ် ဘာတွေများ ပဟေဠိလုပ်ခဲ့မိသလဲလို့"

"ရှင် ဘာမှ မသိချင်ဟန်ဆောင်နေတာတော့ မဖြစ်နိုင်ဘူး ထင်ပါတယ်၊ ကျွန်မကို Fashion House Design School ကိုရောက်အောင် . . . တစ်စုံတစ်ယောက်က ပို့ပေးခဲ့တယ်၊ အဲဒီလူဟာ ရှင်လားလို့ ကျွန်မ သံသယ ဖြစ်ခဲ့တယ်လေ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကျောင်း တက်ခွင့်ရပြီး ဘာမှ မကြာဘူး၊ ရှင် ကျွန်မဆီ e-mail ပို့ပြီးမိတ်ဆက်တယ်၊ g talkမှာ လာ add လုပ်ထားတယ်လေ၊ ပြီးတော့ ရှင် ကျွန်မ အကြောင်းတွေကို သိနှင့်နေတယ်"

သူ့မျက်လုံးတွေ ပြူးလာကြသည်။ ဘာပြူးစရာရှိသလဲ။ မာန်ကတော့ သူ့ မျက်နှာပေါ်က အရိပ်အကဲတွေကို မျက်ချည်မပြတ်ကို စောင့်ကြည့်နေမိတာပါ။ သူ . . . ဟန်ဆောင်နေတာလည်း ဖြစ်နိုင်တာပဲလေ။

"နွေးအားမာန်ရဲ့ ပုံပြင်နဲ့ . . . ကိုယ့်ပုံပြင်က ဘာလို့ လာဆင်နေရတာလဲ၊ ကိုယ့်ရဲ့ mail box ထဲကို ထူးထူးခြားခြား





www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆက်စာတစ်စောင် ဝင်လာခဲ့တယ်၊ နွေးအားမာန်ဆိုတဲ့ မိန်းကလေးတစ်ယောက်၊ ပြီးတော့ ကိုယ်နဲ့ chat လုပ်ဖို့ gtalk မှာ လာ add လုပ်တယ်လေ၊ ကိုယ် လက်ခံလိုက်တယ်၊ ကိုယ်နဲ့သူ အပြန်အလှန် Inspirational thoughts ကလေးတွေ နေ့တိုင်း လဲလှယ်ကြတယ်၊ အဲဒါ မင်း မဟုတ်ဘူးလား"

မာန် မျက်လုံးအဝိုင်းသားကလေးဖြင့် ခေါင်းကို ခါယမ်းမိသည်။

"ကျွန်မလည်း ဖွဲ့နေသန်ဆိုတဲ့ လူတစ်ယောက်နဲ့ chat လုပ်ဖြစ်တယ်၊ သူက ကျွန်မရဲ့ဒီဇိုင်းကျောင်းမှာ A+ ရတာက အစ . . . သိနေခဲ့တယ်၊ ကျွန်မဆီ ပန်းစည်းတောင် ပို့ပေးခဲ့သေးတယ်၊ အဲဒါ ရှင်မဟုတ်ဘူးပေါ့ . . ."

သူက ခေါင်းကို အသာအယာ ခါယမ်းပါသည်။ သူ့မျက်ဝန်းတွေက ပိုပြီးတော့ တောက်ပစူးရှလာခဲ့သလို။

"ကိုယ်တို့ နှစ်ယောက်ကြားမှာ တတိယလူတစ်ယောက်တော့ ရှိနေခဲ့ပြီလို့ ကိုယ်ထင်တယ်၊ သူက ကိုယ်တို့ နှစ်ယောက်စလုံးကို သိနေခဲ့တယ်၊ သူ ကုလားဖန်ထိုးတာပေါ့၊ ကိုယ်တို့နှစ်ယောက်ကို သူ ဝင်ကစားနေတာပေါ့၊ နွေးအားမာန်ရဲ့ gmail account က ဘာလဲဟင်၊ nwayarrmahn 2010@gmail.com မဟုတ်ဘူးလား"

"နိုးဝေး . . . ၊ အဲဒါ ကျွန်မ မဟုတ်ဘူး ကျွန်မရဲ့ account မှာ 2010 မပါဘူး၊ ဒါဆို ရှင့် account မှာ လည်း 2010 ပါတယ်၊ အဲဒါ ရှင်မဟုတ်ဘူးပေါ့"

"နိုး"

"ဒါဆို သူဘယ်သူလဲ"

"ကိုယ် မသိဘူး၊ သူ့ကို ဘယ်လိုဖမ်းရမလဲ ကိုယ် စဉ်းစားနေတာ၊ သူဘာဖြစ်လို့ ဒီလိုလုပ်ခဲ့တာလဲဆိုတာ စဉ်းစားလို့ကို မရဘူး"

"ကျွန်မတို့နှစ်ယောက်ရဲ့ နာမည်တွေကို အသုံးချပြီး အလယ်ကနေ ဟိုဘက်ဒီဘက်ကို သူ လှလှပပကို ကစားနေတာပေါ့"

မာန့်ရင်ထဲမှာ တစ်ခုတော့ ရှင်းသွားခဲ့ပါသည်။ မာန်ထင်ထားသူဟာ သူ မဟုတ်။ သူနှင့် ဘာမှကို မသက်ဆိုင်သောအစိမ်းသက်သက်။

"သူ . . . ဘာဖြစ်ချင်တာလဲ မသိဘူး၊ ကိုယ်ခန့်မှန်း ကြည့်ရတာတော့ ကိုယ်တို့နှစ်ယောက်ကို ဆုံစေချင်တဲ့ အခိုက်မှာ ယ်



www.burmeseclassic.com

www.burmeseclassic.com



လားလို့"

မာန် သူ့ကို မျက်စောင်းကလေး မသိမသာ ချီလိုက်မိသည်။ သူများက ဆုံစေချင်တာ . . . သူ့ဘက်ကဆန္ဒ လုံးဝ မပါဘူးဆိုပါစို့။

"ကျွန်မတို့ လုပ်နိုင်တာ နှစ်ခုပဲရှိတယ်၊ တစ်ခုက သူ ဘယ်သူလဲဆိုတာမိအောင် ပြန်ဖမ်းနိုင်ဖို့ရယ်၊ နောက်တစ်ခုက ကျွန်မတို့နှစ်ယောက်စလုံး တစ်စုံတစ်ယောက်ရဲ့ ကြိုးဆွဲလှည့်စားခဲ့တာကို ဘုမသိဘမသိ ခံလိုက်ရတယ်ဆိုတာကို သိခွင့်ရပြီးတဲ့နောက်မှာ အဲဒီ mail ကို block လုပ်ပစ်လိုက်ရုံပေါ့"

"ကိုယ်ကတော့ မလုပ်စေချင်ဘူး၊ သူ ဘာတွေ ဘယ်လိုဆက်ပြီး ကစားမလဲဆိုတာ စောင့်ကြည့်ချင်သေးတယ်၊ သူ့ဘက်က ရိုးသားတာ မရိုးသားတာ သူ့ ကဏ္ဍပါ၊ ကိုယ်တို့နှစ်ယောက်စလုံးကတော့ ဘာလှည့်ကွက်မှ မပါဘူး၊ ရိုးသားတယ်ဆိုတာ အခု သိရပြီလေ၊ ကိုယ်ကတော့ ဘယ်သူ့ကိုမဆို ရိုးသားချင်တယ်၊ တခြားလူတစ်ယောက်အပေါ် ရိုးသားဖို့ဆိုရင် အရင်ဆုံး ကိုယ့်ကိုယ် ကိုယ်ပြန်ရိုးသားဖို့ လိုလိမ့်မယ်၊ ဒီပုံစံအတိုင်း ကိုယ် မင်းနဲ့ ဆုံခွင့်ရတာကို သူ့ကို တကယ်




ကျေးဇူးတင်မိတယ် နွေးအားမာန်၊ တကယ်ဆိုရင် ကိုယ်တို့နှစ်ယောက်ဟာ အဝေးကြီး၊ တစ်ယောက်တစ်လမ်းစီ သွားနေကြတာ၊ ကိုယ့်အာရုံနဲ့ကိုယ်၊ ကိုယ့်ဇောနဲ့ ကိုယ်မို့ တစ်ယောက်ကိုတစ်ယောက် သတိထားမိဖို့ မလွယ်ပါဘူး၊ အဲဒါကို သူက စနစ်တကျ အကွက်ချပြီး ဆုံပေးခဲ့တာ၊ သူ့ကို ကျေးဇူးတင်ရမှာပေါ့"

"အဲဒီတော့ ရှင့်ရဲ့ point က ဘာလဲ"

"ကိုယ် မိတ်ဆွေသူငယ်ချင်းတစ်ယောက် တိုးလာတာကိုပဲ ကြိုဆိုချင်တယ်၊ ဆုံးရှုံးမပစ်လိုက်ချင်တာပါ"

"အင်း . . . ကျွန်မ သဘောပေါက်ပါတယ်၊ သူ့ဘက်ကလည်း ကျွန်မတို့ကို ကစားခဲ့တယ်ဆိုပေမယ့် အဆိပ်အတောက်တော့ မပါခဲ့ပါဘူး၊ လူတစ်ယောက်ရဲ့ စေတနာကို သူ့အလုပ်က သက်သေပြပြီးသားပါ၊ အဲဒီလူဟာ တကယ်ဉာဏ်ကစားတတ်တဲ့ လူကောင်းတစ်ယောက်ပဲ ဖြစ်နိုင် တယ်၊ ဆိုးညစ်ကောက်ကျစ်တဲ့ စိတ်ကူးရယ်လို့ ကျွန်မ လုံးဝ မမြင်မိဘူး၊ အဲဒီလူကို ပိုပြီး သိချင်လာတာကိုတော့ တားလို့မရဘူးရှင်"

"ကိုယ်ရောပါပဲ . . .၊ ဒီလိုလုပ်မယ်လေ၊ ကိုယ်တို့ စောင့်

www.burmeseclassic.com

www.burmeseclassic.com


ကြည့်ရအောင်၊ ကြားထဲမှာ အဆက်အသွယ် မပြတ်ကြေး လေ၊ ကိုယ် မင်းဆီကို ဆက်သွယ်ချင်ရင် 2010 ဖြုတ်လိုက်ရုံပဲ မှုလား"

"ဟုတ်တယ် . . . အဲဒါ သူအသစ်ဖွင့်ထားတဲ့ ကျွန်မရဲ့ fake account"

"ဟုတ်ပြီ . . .၊ မင်း ကိုယ့်ဆီ ဆက်သွယ်ချင်ရင်လည်း ဖွဲနေသန်ကို 2010 ဖြုတ်လိုက်ရုံပဲ၊ ကြားမှာ သူ့ဘက်က ဘာ တွေဆက်ပြီး ဇယားဆွဲမလဲဆိုတာ ဆက်ပြီး စောင့်ကြည့်တာ ပေါ့ . . . သဘောတူလား"

"အင်းလေ . . .၊ တူရမှာပေါ့၊ ကဲ . . . ဘာပြောစရာ ကျန်သေးလဲ၊ ကျွန်မ နောက်ကျနေပြီ၊ သွားတော့မယ်"

"အိုကေ . . .၊ ကိုယ်လည်းလစ်တော့မယ်၊ မင်းကို ဘတ်စ်ကားပေါ်ထိ လိုက်တင်ပေးခဲ့မယ်လေ"

"ရပါတယ် . . ."

"ခုလို မထင်မှတ်ဘဲ ဆုံခွင့်ရတာ ကိုယ် တကယ်ပျော်ပါ တယ်"

သူက ပွင့်ပွင့်လင်းလင်း ဝန်ခံလိုက်လျှင် မာန့်ရင် တစ်ခုလုံး နွေးသွားမိကာ မာန့်ကို စူးနစ်စွာ ကြည့်နေသော သူ့မျက်ဝန်းတွေကို ရှောင်ရှားဖို့ သိပ်ခက်သွားခဲ့သည်။ အင်း ရင်ကို ထုတ်ချင်းဖောက်ဖို့ဆိုတာ . . . ဓားတစ်ချောင်းမှ မလိုအပ်ဘဲ။ အကြည့်တစ်ချက်နဲ့လည်း လုံလောက်ပါသည်လေ။

×××



www.burmeseclassic.com

www.burmeseclassic.com

# အခန်း

# ၉



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်မှုဆိုတာ

ကိုယ်က ရလိုက်မှ မဟုတ်ဘူး။

သူများကို ပေးလိုက်ရခြင်းဆီနေကလည်း

ရတတ်တာမျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း-၉

"သူတို့နှစ်ယောက် လူချင်းဆုံမိကြပြီ၊ ဘာတွေဖြစ်ကြသလဲ ဆိုတာလည်း ဩ ကြားတဲ့အတိုင်းပဲနော်"

ထိုညနေက သူတို့နှစ်ယောက်ကို တမင်သက်သက်ကို ဆုံခိုင်းခဲ့ပြီမို့ သူတို့ချင်းဆုံလျှင် ဘာတွေဆက်ဖြစ်မလဲဆိုတာကို သိချင်ပြင်းပြစွာနှင့်ပင် ဩက သူ့လက်စွဲ တပည့်ကလေးကို လွှတ်ပြီး သူတို့နှစ်ယောက်နောက်ကို ရှဲ့မှုံး လိုက်ခိုင်းခဲ့ပုံက ရုပ်ရှင်တွေထဲကလို စိတ်ဝင်စားဖို့ တကယ်ကောင်းပါသည်။ ကောင်လေးက ကော်ဖီဆိုင်ထဲမှာ သူတို့နှစ်ယောက်နှင့် ဘေးချင်းကပ်စားပွဲမှာ ထိုင်ပြီး mobile phone ကလေးနှင့် game ကစားသလိုလိုနှင့် ဗီဒီယို ရိုက်ယူလာခဲ့သည်။ အဲဒါကို နှစ်ယောက်သား ခေါင်းချင်းဆိုင်ကာ ပြန်ကြည့်ရင်း လူတော်ကလေးနှစ်ဦး ဆုံဆည်းသွားမိကြတာကို



တံခွန်တိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို သဘောကျမိမှန်းမသိ။ အထူးသဖြင့် သဝဏ်က ပိုပျော်သည်။ ကောင်လေးက ဩလိုပဲ ယောကျ်ားဆန်ပြီး ဦးဆောင်နိုင်စွမ်းရှိသော ထက်ထက်မြက်မြက် လူငယ်ကလေးမှန်း personality ကိုကြည့်ရုံနှင့် ပေါ်ပြီးသား။ သဝဏ်ရဲ့ ကလေးမ,ကလည်း ခေသူမဟုတ်တာမို့ သူတို့နှစ်ယောက် အလွန်လိုက်ဖက်ပါသည်။ ဖုန်းနဲ့ရိုက်လာတာဆိုတော့ မျက်ဝန်းတွေကို သေချာ မြင်နိုင်စွမ်း၊ အကဲခတ်နိုင်စွမ်း မရှိသော်လည်း သူတို့နှစ်ယောက်သည် ချစ်ခြင်း၏ဧရိယာအတွင်း ရောက်ရှိလာနိုင်သည်ဆိုတာကိုတော့ ခန့်မှန်းမိပါသည်။

"ကိုယ့် ငတိက ကိုယ့်ထက်တောင် ပိုသွက်ဦးမယ့် ပုံပေါ်တယ်ကွ . . . တွေ့လား၊ စကားပြောသွားတာ . . . ဒိုင်ကိုက အလန်းစား၊ အချုပ်တော်တယ်၊ ကောင်မလေး မလှုပ်နိုင်ပါဘူး"

ဩက ပြုံးစိစိ မျက်နှာပေးနှင့်ဆိုသည်။ သဝဏ်က သူ့ကို ပြုံးမျက်စောင်း မြမြကလေးချီကာ . . .

"သူ . . . ဒါပဲ တတ်တယ်"

ဟု ချစ်စနိုး ပြောမိသည်။

"ဟုတ်တယ်လေ . . .၊ မယုံရင် စောင့်ကြည့် အဲဒီနှစ်ယောက်ကို . . .၊ ကိုယ့်မှာသာ ချုပ်လိုက် လွှတ်ထွက်သွားလိုက်နဲ့ ဖမ်းလို့ကို မမိနိုင်ဘူး"

ဩက ဒါကိုပဲ စကားနာထိုး၍ မဆုံးနိုင်။

"သည်းခံမှပေါ့ ဩရယ်၊ အလွန်ဆုံးစောင့်ရ တစ်နှစ်ပေါ့"

"ဒီမှာ . . . ဆံပင်ဖြူတစ်ချောင်း စ, တွေ့နေပြီနော်၊ ကိုယ်အိုသွားရင် သဝဏ်ပဲ တာဝန်ယူ"

သူ့ခေါင်းကို လက်ညှိုးထိုးပြရင်း ကလေးဆိုးသဖွယ် ဂျီကျနေတာမို့ သဝဏ် သဘောကျစွာရယ်မိပါသည်။ မာန့်အပေါ် သူ့လောက် စိတ်ရှည်သည်းခံနိုင်သူရယ်လို့ မရှိတော့ပါ။

×××



www.burmeseclassic.com

www.burmeseclassic.com


From : zwenaythan@gmail.com

To : nwayarrmahn@gmail.com

Subject : မျှဝေခံစားခြင်း

ခင်မင်သော မာန် . . .

မျှဝေခံစားခြင်းဆိုတဲ့ အဓိပ္ပါယ်ကို ကိုယ်သိခွင့်ရတာ နောက်ကျနေပြီလားလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်မိတယ်။ တကယ်ပါ။ ဒီထက်စောစော ကိုယ်ဘာဖြစ်လို့ မသိခဲ့ရတာလဲ . . . ကိုယ့်ဘဝရဲ့ ပျော်ရွှင်စရာ . . . ဝမ်းနည်းစရာ . . . အောင်မြင်မှု . . . အုံ့သြရမှုတွေ . . . ပဟေဠိလေးတွေကို မျှဝေခံစားပေးဖို့ လူတစ်ယောက်ရှိနေမယ်ဆိုရင် အဲဒါ ဘယ်လောက် နှစ်သိမ့်ကျေနပ်စရာကောင်းမယ်မှန်း ကိုယ် တကယ်ကို မသိခဲ့တာပါ။ အခုတော့ မာန့်ကို အရင်ဆုံး သတိရမိတယ်။ တစ်ခုခု ပြောပြချင်တယ်။ ညနေ ဆုံခွင့်ရမလားဟင်။ ညနေကျရင် ကျောင်းအဆင်းမှာ လာစောင့်နေမယ်နော်။

မင်းရဲ့ စစ်မှန်သော

ဇွဲနေသန် . . .






From : nwayarrmahn@gmail.com

To : zwenaythan@gmail.com

Subject : RE: မျှဝေခံစားခြင်း

ခင်မင်သော ဇွဲ

ကျွန်မလည်း ပြောစရာလေးတွေ ရှိပါတယ်။ မှန်ပါတယ်။ ဘဝမှာ ပျော်စရာကောင်းတဲ့ အောင်မြင်မှုကလေး တစ်ခုပဲဖြစ်ဖြစ် အံ့သြစရာကောင်းတဲ့ အဆန်းအကြယ်ခံစားမှု တစ်ခုပဲဖြစ်ဖြစ် . . . တစ်စုံတစ်ယောက်နဲ့ မျှဝေခံစားလိုက်ရရင် ပြီးပြည့်စုံသွားစေတယ်လို့ ကျွန်မ တကယ် လက်ခံယုံကြည်မိပါတယ်။

နွေးအားမာန်

သူမဆီက ပြန်စာကလေးကို ရလိုက်ချိန်မှာ သူ့ရင်တစ်ခုလုံး နွေးမြသွားတာကို ခံစားမိပါသည်။ ဘာကြောင့်မှန်းမသိ . . . ဒီနေ့ကလေးကို သူ စိတ်ချမ်းသာပျော်ရွှင်နေခဲ့မိသည်။ သူ့ဘဝမှာ မိန်းကလေး မိတ်ဆွေသူငယ်ချင်းတွေလည်း ရှိခဲ့ဖူးတာပဲ။ သူ့စိတ်ကို တစ်စုံတစ်ယောက်က ညို့ယူ ဖမ်းစားထားသလိုမျိုး အဲဒီတစ်ယောက်ကိုပဲ မကြာခဏ သတိတရ ရှိသွားမိတတ်တာမျိုး ကိုယ့်ကိုယ်ကို သတိမထားမိခင်မှာပင် သူမအကြောင်းကို တွေးနေ



www.burmeseclassic.com

www.burmeseclassic.com



မိတတ်တာမျိုး တစ်ခါမှ မကြုံဖူးခဲ့။ သူမနှင့်တွေ့ခွင့်ရအောင် အခြေ အနေတစ်ခုခုကို သူ မကြံခဏ စိတ်ထဲမှာ ဖန်တီးမိတတ်လာသည်။ တစ်စုံတစ်ယောက်၏ ပယောဂကြောင့် သူမနှင့် အမှတ် မထင် ဆုံစည်းခွင့်ရလိုက်ခြင်းကပင် ဘဝမှာ အဖိုးအတန်ဆုံး ရတနာတစ်ခုကို မတော်တဆ ကောက်ရလိုက်မိသလို။ သူ့ဘဝ အပြောင်းအလဲ တစ်ခုလိုပင် သူ ခံစားမိပါသည်။

ညနေကျတော့ ခပ်စောစော ရုံးဆင်းခဲ့ကာ သူမ၏ ဒီဇိုင်းကျောင်းဝင်းရှေ့မှာ သွားစောင့်နေခဲ့မိသည်။ အဲဒီအချိန်မှာ သူ့ကိုယ်သူ သတိထားမိသည်က သူ့ဘယ်ဘက်ရင်အုံဆီက ပူရှိန်းနွေး မြသော ခံစားမှုတစ်ခုကို ဖြစ်သည်။ ပြီးတော့ သူ့ရင်ခုန်သံကို သူ ပြန်သတိထားမိနေလောက်အောင် ရင်ခုန်သံက ပုံမှန်မဟုတ်စွာ မြန်ဆန်ကျယ်လောင်နေခဲ့သည်။ သူ ဘာဖြစ်နေတာလဲ။ သူ့ကိုယ်သူ နားမလည်ပါ။

' ဟော . . . သူ တွေ့ရပါပြီ။ သိပ်လှသော ဒီဇိုင်း နာမ့ကလေး . . . ။ ရှပ်ဖြူဖြူ ဂျင်းနိပဲန်မိုးပြာရောင် လွှင်လွှင် ကလေးနှင့် ပေါ့ပါးစွာ ဝတ်ထားသည့်တိုင် သူမ၏ ပုံစံကလေးက လူတွေအားလုံးကြားထဲမှာ ထင်းခနဲ ပေါ်လွင်နေသည်မှာ သူကပဲ သူမကို ကွက်ပြီး အာရုံစိုက်ထားမိလို့လား မသိ။ သူ့ကိုမြင်တော့





ဖျတ်ခနဲ ပြုံးပြလိုက်သော အပြုံးကလေးတစ်ပွင့်သည် သူ့နှလုံးသား ဆီ တံဆိပ်နှိပ်လိုက်သလို စွဲထင်ကျန်ရစ်ခဲ့၏။ မိန်းကလေးတစ် ယောက်ကို ဘယ်လိုအကြောင်းကိစ္စမျိုးနှင့်မှ သူ ခုလို ရင်ခုန်စွာ စောင့်မကြုံဖူးခဲ့ပါ။

"ကော်ဖီ သောက်ရအောင်နော် . . ."

သူမ အနားရောက်လာတော့ သူ ခပ်တိုးတိုး လှမ်း ပြောမိသည်။ သူမက ခေါင်းသာညိတ်ပြပါသည်။ ပထမဆုံး ထိုင်ခဲ့ကြသော ကော်ဖီဆိုင်ကလေးကိုပဲ ရွေးထိုင်မိကြသည်။ သူမက တစ်မျိုးကလေးတော့ ဖြစ်နေပုံရသည်။ တစ်ယောက်နှင့်တစ် ယောက် သိပ်မဆုံဖူးကြသော သူစိမ်းနှစ်ယောက်ဆိုပေမယ့် သူရော သူမပါ ရင်းနှီးပြီးသားလူနှစ်ယောက်လိုပဲ သိပ်စိမ်းနေ ရှိန်မနေဘဲ စကားစမိကြသည်။

"ပြောစရာရှိတယ်ဆို ပြောလေ"

"မာန်လည်း ပြောစရာရှိတယ်ဆို . . . မာန် အရင် ပြော လေ"

"ဟင့်အင်း၊ ဖွဲ့ အရင်ပြောပါ၊ အဲ့ဒါကို အရင်ကြားချင် တယ်"

တစ်ယောက်ကိုတစ်ယောက် 'မာန်' 'ဖွဲ့' ဟု တစ်



www.burmeseclassic.com

www.burmeseclassic.com

လုံးတည်း အဖျားဆွတ်ခေါ်မိတာကို နှစ်ယောက်စလုံး သတိထားမိကြသည်။

"အိုကေ . . . ကိုယ် အရင်ပြောဆိုလည်း ပြောရမှာပေါ့၊ သတင်းကောင်းပါ မာန်၊ ကိုယ် NUS တက်ခွင့်ရသွားပြီ၊ ကိုယ်လျှောက်ထားတဲ့ Scholar လည်း အောင်တယ်၊ အဲဒါကို သိခွင့်ရရချင်း ကိုယ် မာန့်ကို ပြောပြချင်တာ"

သူ တကယ်ပဲ လှိုက်လှိုက်လှဲလှဲကလေး ပြောလိုက်မိသည်။ သူမက သူ့မျက်လုံးတွေထဲ စူးစူးနစ်နစ် စိုက်ကြည့်လျက် စိတ်ဝင်တစား နားထောင်နေခဲ့သည်။

"တကယ်တမ်းပြောရရင် . . . ကိုယ် အိပ်မက်ထဲမှာ လမ်းလျှောက်နေရတဲ့အတိုင်းပဲ၊ ဒီအိပ်မက်ကလည်း ကိုယ် တကယ်အဖြစ်ချင်ဆုံး အိပ်မက်ပါ၊ အခုတော့ လုံးဝ မျှော်လင့်မထားခဲ့ဘဲ ကိုယ့်အိပ်မက်တွေ တကယ် ဖြစ်လာတော့မယ်၊ အဲဒီအတွက် နောက်ကွယ်ကနေ စနစ်တကျ စီစဉ်ပံ့ပိုးပေးနေတဲ့သူတစ်ယောက် ရှိတယ်ဆိုတာကလွဲလို့ သူ ဘယ်သူလဲ ဘာလဲဆိုတာ ကိုယ် ဘယ်လိုမှ ခြေရာခံမိနိုင်မှာမဟုတ်ဘူး၊ သူကိုယ်၌က မသိစေချင်လို့ လျှို့ဝှက်ထားတဲ့သဘောပဲ၊ အဲဒီအတွက် ဘယ်တော့မှ သိမြင်ခွင့်မရမယ့်





ကျေးဇူးရှင်ကို ကျေးဇူးတင်သောအားဖြင့် ကိုယ် သူများတွေထက် နှစ်ဆ ပိုကြိုးစားဖို့ပဲရှိတယ်လေ . . .၊ သူက ကိုယ့်ကို မြင်နေရတယ်၊ သူ့ကို ကိုယ် ဘယ်လိုမှ ရှာတွေ့နိုင်မှာမဟုတ်ဘူး၊ သူမှ ထွက်မလာခဲ့ရင်လေ"

"အံ့သြစရာကောင်းတာက ဖွဲ့နဲ့ကျွန်မ အဖြစ်ချင်း သိပ်ဆင်လွန်းနေတာပဲ၊ ကျွန်မ ပြောစရာရှိတယ်ဆိုတာလည်း အဲဒါပါပဲ၊ ကျွန်မ အခုတက်နေတဲ့ ဒီဇိုင်းကျောင်းက Diploma ရပြီးရင် ကျွန်မ စင်္ကာပူက ဒီဇိုင်းကျောင်းကို ဆက်တက်ခွင့်ရမယ်၊ ကျောင်းစရိတ်နဲ့ နေစရိတ် စားစရိတ်ကို တစ်စုံတစ်ယောက်က Sponsor လုပ်ပေးမယ်၊ အမည်မဖော်လိုသူတစ်ယောက်ဆိုတာကလွဲလို့ ကျွန်မ ဘာမှ ပိုသိခွင့်မရှိပါဘူး၊ ဒါပေမယ့် ဖွဲ့ စဉ်းစားကြည့် . . . ဒီလောက်ကြီးမားတဲ့ အခွင့်အရေးကြီးတစ်ခုကို လူတစ်ယောက်က ကျွန်မဆီက ဘာမှမမျှော်လင့်ထားဘဲ တစ်ဖက်သတ်ကြီး ပေးဆပ်ခဲ့တယ်ဆိုတာ . . . ဘယ်လောက် အံ့သြစရာကောင်းသလဲ၊ ဘယ်သူ့ကိုပဲပြောပြော ယုံနိုင်ဖွယ်ရာကို မရှိဘူး၊ ဒါပေမယ့်လည်း ကျွန်မကိုယ်တွေ့လေ၊ တကယ်ကိုဖြစ်နေခဲ့တာ၊ သူက ကျွန်မကို ကောင်းကောင်း သိနေခဲ့တယ်၊ ကျွန်မက သူ့ကို အရိပ်





www.burmeseclassic.com

www.burmeseclassic.com



အမြွက်ကလေးတောင် သိခွင့်မရဘူး၊ အဲဒါကို မတရား ဘူးလို့ ခံစားမိပေမယ့် သူ့ဘက်မှာလည်း သူ့အကြောင်းနဲ့သူ ရှိမှာပေါ့လေ၊ ကျွန်မအတွက်တော့ အိပ်မက်တွေ တကယ် ဖြစ်လာခဲ့တာပါ၊ ဘာပဲဖြစ်ဖြစ် ကျွန်မ အစွမ်းကုန် ကြိုးစား မှာပဲ၊ ကျွန်မ အဖြစ်ချင်ဆုံးဘဝတစ်ခုလည်း ဖြစ်တယ်၊ မြင် ခွင့်မရတဲ့ ကျေးဇူးရှင်ကို ကျေးဇူးဆပ်တဲ့သဘောနဲ့ ကျွန်မ ထူးချွန်အောင်ကို ကြိုးစားမှာပဲ၊ ကျွန်မ အရမ်းလည်းပျော် တယ် သိလား . . ."

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တိုင် ပင်ရည်ရွယ်မထားကြဘဲ လိုအပ်သည်ထက် ပိုမိုရှည်ကြာစွာ အကြည့် ချင်းဆုံမိကြသည်။ ထိုတဒင်္ဂကလေးအတွင်းမှာ စကား တစ်ခွန်းမှ မပြောလိုက်ရပါဘဲ စကားတွေအများကြီး ပြောဖြစ်ခဲ့ကြ သလို ခံစားလိုက်မိတာကတော့ အံ့သြစရာပဲ ဖြစ်သည်။ တစ်ခါတစ် ရံမှာ စကားတွေ ပလုံစီအောင် တဖွဲ့တနွဲ့ကြီး ရှင်းပြနေတာထက် အသံတိတ်စကားလုံးတချို့က ပိုပြီးတော့ အားကောင်းထိရောက်နိုင် မည်ထင်ပါရဲ့။ သူ့စိတ်ထဲ ဒီလိုတဒင်္ဂလေးပေါင်းများစွာကို မှက်မော ဆာလောင်သွားခဲ့သည်။

"ကိုယ် တစ်ခုလောက် ခွင့်တောင်းချင်တယ် မာန်"







"ဘာများလဲ ဖွဲ . . ."

မာန့်မျက်နှာကလေးက ကြည်လင်ရွှန်းမြစွာ . . .

"ညနေတိုင်း ဒီလိုဆုံခွင့်ကလေးပါ၊ ခဏလေးပဲဖြစ်ဖြစ် ကိုယ်တန်ဖိုးထားပါတယ်"

မာန်က တစ်ချက်ပြုံးကာ ပခုံးကလေး တွန့်သည်။

"သူတစ်ပါးရဲ့ ခြေထောက်တွေကို ကျွန်မ ပိတ်ပင်ခွင့်မှ မရှိ တာ"

တဲ့လေ။ ယောက်ကျားတစ်ယောက်မို့ မိန်းကလေး တစ်ယောက်၏ စိတ်အထာကို သူ နည်းနည်းတော့ ရိပ်စားမိသည် ထင်တာပဲ။ သူမ၏သဘောထားက ပျော့ပျောင်းသိမ်မွေ့ပုံရသည်။

"ဒါဆို သူတစ်ပါးရဲ့ ရင်တွင်းဆန္ဒတွေကိုရော"

သူ ယောက်ျားဆန်စွာပဲ ရောင့်တက်လိုက်မိတော့ သူမက မဲ့ပြုံးကလေး ပြုံးသွားကာ . . .

"ပိုလို့တောင် မတတ်နိုင်သေးတယ်ရှင်"

ဟု ရွှဲ့သံကလေးနှင့် ဆိုပါသည်။ သူ တိုးတိုးရယ် မိသည်။ မာန်က မျက်မှောင်ကလေးတွန့်ကာ . . .

"ဘာရယ်တာတုံး . . ."

ဟု ပြန်မေးသည်။ အသံကလေးက ခါတိုင်းထက်





www.burmeseclassic.com

www.burmeseclassic.com



နွဲ့လျနေတာကို သူ ခံစားမိပါသည်။ မိန်းကလေးတွေဟာ နွယ်ပင်ကလေးတွေလိုပဲ . . . သမုဒ္ဒယကလေးတွေ့ အသက်ဝင်လာခဲ့တဲ့အခါ ဖလိုအလျောက် ယိမ်းနွဲ့နွယ်ငင်ဖို့ အဆင်သင့်ဖြစ်နေသလိုမျိုး။

"ဪ . . . သဘောကျမိလို့ပါ"

"ဘာကို သ -ဘာကျ-ာလဲ"

"ဪ . . . ကိုယ်တို့နှစ်- -က်ဆိုတာ တကယ့်ကို အဝေးကြီး ဘယ်လိုမှ ဆုံဖို့မ- -ဖ်နိုင်တာ၊ ဒါပေမယ့်လည်း မမြင်ရတဲ့ တွန်းအားတစ်ခုကြောင့် နှစ်ယောက်သား မျက်နှာချင်းဆိုင်လာဆုံမိကြတယ်၊ အဲဒါကို သဘောကျတာပါ"

သူမက မျက်စောင်းပါးပါးကလေးချီကာ . . .

"ရှင့်ကို ကျွန်မက စပြီး ဆက်သွယ်တာလို့များ စိတ်ထဲမှာ ယောင်လို့မှ စွဲမထားနဲ့နော်၊ ကျွန်မဖြင့် သိတောင်မသိဘူး"

"အတူတူပဲလေ၊ ကိုယ်ကလည်း 'နွေးအားမာန်'ဆိုတဲ့ နာမည်ကို ကိုယ့် mail box ဝင်လာတဲ့ စာကြောင့် စရင်းနှီးခဲ့တာ"

"ကျစ် . . . အဲဒါ ကျွန်မ မဟုတ်ဘူးလေ"

"ကိုယ် နားလည်ပါတယ်၊ အဲဒါ အငြင်းပွားစရာကိစ္စ တစ်ခုမှ မဟုတ်တာ၊ အရေးကြီးတာက ကိုယ်တို့နှ[?]ယောက် ဆက်သွယ်မှု ဧရိယာအတွင်း ရောက်ရှိနေဖို့ပါ"

"ဘာဖြစ်လို့လဲ . . ."

သူမက နားမလည်နိုင်သလို ပြန်မေးနေသည်။ သူကတော့ ပိုပြီး သွက်လက်ရဲတင်းလာခဲ့သလိုပါ။

"ဪ mobile စကားနဲ့ပြောရရင် ဆက်သွယ်မှုဧရိယာအတွင်း ရောက်ရှိနေမှ ခေါ်ဆို၍ရနိုင်သည်ပေါ့"

သူမက သဘောကျစွာ ပြုံးပါသည်။

"အို . . . ကျွန်မ နောက်ကျတော့မယ် . . . လစ်မှပဲ"

ဟု နာရီကို တစ်ချက်ကြည့်ပြီး ခပ်သွက်သွက် ပြေးဖို့ပြင်သည်။ သူက သူမကို ဘတ်စ်ကားပေါ် ရောက်တဲ့အထိ ဂရုတစိုက် လိုက်ပို့ပေးမိသည်။ ကားပေါ်ကနေ သူမ လက်ပြနှုတ်ဆက်သွားတာလေးကို ငေးကြည့်ရင်း သူ့ရင်ထဲ ဘယ်လို နွေးမှန်းမသိ။ ဪ . . . ဘဝမှာ ကိုယ် ဂရုတစိုက် စောင့်ရှောက်ရမည့်သူ ကိုယ့်ရဲ့ ဂရုစိုက်မှုကို တုန့်ပြန်အလေးထားပေးတတ်သူ ရှိလာခဲ့ခြင်းဟာလည်း နေ့ပျော်စရာ မက်မောဖွယ် အတွေ့အကြုံကလေးတစ်ခုပါပဲ။

xxx







www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့်ပဲ သူနှင့်သူမကြားမှာ e-mail အဆက်အသွယ်ကလေးတွေ အပြန်အလှန်နေ့တိုင်းလိုလို ရှိလာခဲ့ပါသည်။ ညနေခင်းလေးတွေကို သူ မက်မောစွာ မျှော်တတ်ခဲ့ပြီ။ ခဏလေးတွေ့ခွင့် မျက်နှာကလေးကြည့်ခွင့် စကားကလေးတွေ ဖလှယ်ခွင့်သည် သူ့အတွက် အဓိပ္ပါယ်တချို့ကို သယ်ဆောင်ယူလာနိုင်ခဲ့ပြီ။ ရင်ဘတ်ဆီမှာ နွေးအုံ့ရှိန်းဖိုနေသော ခံစားမှုကလေးကို သူ စွဲလန်းသည်။ သူမဆီက အားမာန်ပါသော တက်ကြွထက်သန်မှုကလေးတွေသည် သူ့ဆီသို့ အလိုလို ကူးစက်လာတတ်သည်။ မျှဝေခံစားခြင်းဆိုသော အတတ်ပညာကို သင်ယူစရာမလိုဘဲ သူ တတ်မြောက်နှင့်ခဲ့ပြီ။ ထိုအတွက် တစ်စုံတစ်ယောက်ကို သူ အလွန်ကျေးဇူးတင်မိပါသည်။

xxx



# အခန်း

# ၁၀



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ခြင်း၏ဧရိယာအတွင်း
ရောက်ရှိနေပါသဖြင့်
ခေါ်ဆို၍ရနိုင်ပါသည်"



www.burmeseclassic.com

www.burmeseclassic.com



အခန်း - ၁၀

မာန့်ရင်တစ်ခုလုံး ကြည်နူးပီတိအဟုန်ဖြင့် တုန်ယင်နေခဲ့သည်။ အိပ်မက်တစ်ခု သက်ဝင်ထင်ရှား ပေါ်လွင်လာခဲ့ပြီဆိုတာကို ယုံပင်မယုံနိုင်ပါ။ မာန် အဖြစ်ချင်ဆုံးသောဆန္ဒ၊ အလိုချင်ဆုံးသော ဘဝတစ်ခုကို အလှပဆုံး အိပ်မက်တစ်ခုလိုပဲ မာန် ရခဲ့ပြီ။ ဒီနေ့ မာန်တို့ Fashion House ကနေ Designer diploma အပ်နှင်းသောနေ့ ဖြစ်သည်။ အခမ်းအနားကို Traders' Hotel မှာ ခမ်းခမ်းနားနား ကျင်းပခဲ့ပြီး မာန်တို့ designer တွေရဲ့ လက်ရာတွေကို နာမည်ကြီး model တွေနှင့် ပြသသော Model Show ပွဲပါ ပါဝင်ပါသည်။ ကိုယ့်စိတ်ကူးတွေ အစွမ်းကုန် ကွန့်မြူးပြီး သီချုပ်ထားခဲ့သော ဝတ်စုံလှလှဆန်းဆန်းကလေးတွေကို မော်ဒယ်လ်တွေရဲ့ ခန္ဓာပေါ်မှာ လှပဆန်းသစ်စွာ ဆင်မြန်းထားတာကို ပြန်မြင်ရသောမြင်ကွင်းလောက် စိတ်လှုပ်ရှားရင်ခုန်ဖွယ်ကောင်းတာ မရှိတော့ပါ။ Model တစ်ယောက် ထွက်လာတိုင်း . . .





www.burmeseclassic.com

www.burmeseclassic.com



"အခု မြင်ရတဲ့ ဝတ်စုံရဲ့ ဒီဇိုင်နာကတော့ နွေးအားမာန် ပါရှင်"

ဟု ကြေငြာသူက အသံချိုချိုမြမြကလေးနှင့် ကြေငြာလျှင် မာန့်စိတ်ထဲ ဘယ်လို ဘဝင်ကျမိမှန်း မသိပါ။ မာန့်အတွက် ဒီလို Design School တက်ခွင့်ရဖို့ Diploma ရဖို့ဆိုတာ ဘယ်လိုမှ မမျှော်မှန်းနိုင်ခဲ့သော အိပ်မမက်နိုင်ခဲ့သော အခွင့်အရေးတစ်ခုဖြစ်သည်။ အခုတော့ ထိုအိပ်မက်ကို မာန် ဆုပ်ကိုင်နိုင်ခွင့်ရခဲ့ပြီ။ မာန့်၏ အောင်မြင်မှုကို မျှဝေခံစားပေးဖို့အတွက် ဖွဲ့နေသန်ကို လည်း ဖိတ်ထားခဲ့ပါသည်။ ကိုယ့်ရဲ့ ပျော်ရွှင်မှု ပီတိကို သူနှင့်အတူ မျှဝေခံစားရခြင်းဟာလည်း အဓိပ္ပါယ်တစ်ခုကို ရှိစေပါသည်။

ပွဲပြီးသွားချိန်မှာ သူ မာန့်ရှေ့မှာလာရပ်စဉ် မာန့် မျက်နှာကလေးပေါ်မှာ အပြုံးပန်းကလေးတစ်ပွင့်နှင့် သူ့ကို မော့်ကြည့်မိသည်။ မျက်ဝန်းတစ်ချက်အဝင့်မှာ သူ့ မျက်ဝန်းတွေဆီက နွေးထွေးချိုမြိန်မှုကို ခံစားမိပါသည်။ ပြီးတော့ ဂုဏ်ယူမှုတွေ . . . အတင်ကြီးလေးစားမှုတွေ . . . အဲဒါထက်ပိုတဲ့ ငြိတွယ်ပျော်ဝင်မှုတွေ . . . သမုဒယတွေကြောင့် မာန့် ရင်ထဲ နွေးထွေးရှိန်းမြလှိုက်ဖို့ သွားခဲ့ရသည်။

"ကိုယ် အရမ်း ဂုဏ်ယူပါတယ် မာန်၊ မာန် အရမ်းတော်ပါ





တယ်၊ မိန်းကလေးတစ်ယောက်မှာ ဒီလောက် အနုပညာမြောက်တဲ့ စိတ်ကူးအတွေးတွေရှိနေတယ်လို့ မာန် သက်သေပြလိုက်သလိုပဲ၊ မာန်နဲ့ ထပ်တူ ကိုယ်ပျော်နေပါတယ်၊ ယုံပေးပါနော်"

သူ လှမ်းပေးလိုက်သော ပန်းစည်းကလေးကိုမြင်တော့ မာန့် မျက်ခုံးကလေးတွေ ပင့်တက်သွားရပါသည်။ ပတ္တမြားလို ကျောက်နီနီကလေးတွေကို ပန်းခက်ပန်းခိုင်သဖွယ် ဖန်တီးထားခြင်း ဖြစ်ပါ၏။

"ဘယ်လောက်လှတဲ့ ပန်းပဲဖြစ်ဖြစ် . . . တစ်ချိန်ကျရင် နွမ်းသွားတတ်တယ် မာန်၊ ကိုယ်က မင်းကို ဘယ်တော့မှ မနွမ်းမယ့် ပန်းမျိုး ပေးချင်တာနဲ့ ဒီ idea လေးရလိုက်တာ၊ ပြီးတော့ ပတ္တမြားမှန်ရင် နွမ်းနစ်ပါဘူးဆိုတဲ့ အဓိပ္ပါယ်လည်း ပါ,ပါတယ်၊ ပတ္တမြားအစစ် မတတ်နိုင်သေးလို့ပါ၊ တစ်နေ့တော့ ပတ္တမြားအစစ်ကလေးတွေ ကိုယ်ပေးပါ့မယ်"

"စေတနာစစ်ဖို့ပဲလိုတာပါ ဖွဲ့ရယ်၊ ဒီပန်းခက်ကလေးတွေက ဘယ်တော့မှ မနွမ်းတော့ဘူးဆိုတော့ ကျွန်မ အမြတ်တနိုး သိမ်းထားလို့ရတာပေါ့"

မာန် တကယ်ပဲ မက်မက်မောမော လက်ခံယူခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com

သည်။ တစ်ချိန်တည်းမှာလည်း သူ့အပေါ် မာန် ဘယ်လောက် အလေးအနက် ပျော်ဝင်နေခဲ့မိပြီမှန်း ကိုယ်တိုင် ပြန်သတိထား မိလိုက်သည်။ တွယ်ငြိတတ်သော သမုဒယဆိုတာ ဘယ်သူရှောင် တိမ်းလို့ လွတ်နိုင်ပါ့မလဲကွယ်။ တစ်ယောက်ကိုတစ်ယောက် ကြည့် သော အကြည့်တွေထဲမှာတင် အဓိပ္ပါယ်များစွာ နက်ရှိုင်းပျော်ဝင် နေမှန်း နှစ်ယောက်စလုံးလည်း ကိုယ်စီသိကြပါသည်။

"မာန် ဒီနေ့ အရမ်းလှတယ်"

သူက မာန့်ကို ခပ်နစ်နစ် တစ်ချက်စိုက်ကြည့်ကာ ပြောလျှင် မာန် နှစ်သိမ့်စွာ ပြုံးမိသည်။

"ဒီပွဲပြီးရင် မာန် ဘာအစီအစဉ်ရှိလဲဟင်"

"ဟင့်အင်း၊ ဘာမှတော့ မရှိဘူး ဖွဲ၊ အိမ်ပြန်ရုံပဲ"

"ကိုယ် တစ်ခုခု လိုက်ကျွေးချင်တယ်၊ ဂုဏ်ပြုတဲ့အနေနဲ့လေ၊ ဘယ်လိုသဘောရလဲဟင်"

"ကျွန်မလည်း ဗိုက်ဆာနေတာ၊ အခုတော့ စိတ်တွေ အရမ်း လှုပ်ရှားနေပြီး ဘာမှကို မစားနိုင်ဘူး"

တကယ်တော့ မာန်ကိုယ်တိုင်လည်း သူနှင့် အေးအေး ဆေးဆေးထိုင်ပြီး စကားတွေပြောချင်နေသေးတာပါ။ ကိုယ့်ဆီက အပျော်တွေ သူ့ဆီ ကူးစက်နေတာကိုလည်း အလိုလို ခံစားသိနေမိ







သည်။

မာန့်လက်ထဲမှာ Fashion House Design School ၏ Diploma ကလေး ရခဲ့ပြီ။ မာန် ဒီဇိုင်နာတစ်ယောက်ဖြစ်ခဲ့ပြီ ပေါ့။ ဒီလက်မှတ်နှင့် ဘယ်မှာပဲအလုပ်လျှောက်လျှောက် မာန့် အတွက် သေချာမှုတစ်ခုတော့ ရှိနေခဲ့ပြီ။ သို့သော် မာန်က လောဘကြီးပါသည်။ အထည်ချုပ် စက်ရုံတစ်ခုခုမှာ ဒါမှမဟုတ် ဖက်ရှင်လုပ်ငန်းတစ်ခုခုမှာ ဒီဇိုင်နာအဖြစ် ဝင်လုပ်ရုံနှင့် မာန့်ရဲ့ career ကို အဆုံးမသတ်ချင်။ မာန် ဒီ့ထက်မက ကြိုးစားကြည့်ချင် သေးသည်။ ပညာတွေ သင်ယူချင်သေးသည်။ အခွင့်အရေးရသမျှ ခပ်မြင့်မြင့်ထိရောက်အောင် တက်ချင်သေးသည်။ ဘယ်သူ့လက် အောက်မှာမှ မခိုလှုံဘဲ ကိုယ်ပိုင် ဖက်ရှင်ဒီဇိုင်နာအဖြစ် သီးခြား လွတ်လပ်စွာ ရှင်သန်ချင်သည်။ ကိုယ့်ရဲ့ အစွမ်းအစကိုလည်း ယုံကြည်မှု ပိုရှိလာခဲ့သည်မှာ Fashion House မှာ ဆရာမ ယုကီ၏ ကျေးဇူးတွေ အများကြီး ပါ,ပါသည်။

"လူတစ်ယောက်ဟာ အောင်မြင်တဲ့သူတစ်ယောက် ဖြစ်ချင် တယ်ဆိုရင် . . . ကြိုးစားအားထုတ်မှုကို ဘယ်တော့မှ မရပ် လိုက်နဲ့ နွေးအားမာန်၊ ကြိုးစားနေသရွေ့ သူ အောင်မြင်ဖို့ အခွင့်အလမ်းရှိတယ်၊ ရပ်လိုက်ပြီဆိုတာနဲ့ သူ ချဲဆုံးပြီပဲ၊





www.burmeseclassic.com

www.burmeseclassic.com



နွေးအားမာန်ဆီမှာ talent တွေ ဖြစ်ချင်စိတ်တွေ ကြိုးစားမှုတွေ ဆရာမ အများကြီးပဲ မြင်နေရတယ်၊ အဲဒီ ဖွဲ့နဲ့သာ ချိတက် တစ်နေ့ နွေးအားမာန်ကို လူတွေအားလုံးက အံ့ဩရလိမ့်မယ်၊ စက်ာပူကျောင်းကို Sponsor ပေးသူရှိတာ နည်းတဲ့ အခွင့်အရေးမဟုတ်ဘူး၊ ဖြစ်အောင်သွားပြီး ဘွဲ့ရအောင် ယူခဲ့ပါ၊ ပြန်လာတဲ့အခါ နွေးအားမာန်ကို ဘယ်သူမှ လိုက်မမီနိုင်မှာ မဟုတ်ဘူး၊ ကိုယ်က ပညာရှင် ဖြစ်သွားတဲ့အခါ အလုပ်ကို ကိုယ်က စိတ်တိုင်းကျ ရွေးချယ်နိုင်ခွင့်ရှိမယ်"

ကျောင်းမပြီးခင် တစ်နေ့မှာ မာန့်ကို အခန်းထဲခေါ်ပြီး ပြောခဲ့တာဖြစ်သည်။ စက်ာပူမှာ ကျောင်းသွားဆက်တက်ဖို့ကိုလည်း ဆရာမကပဲ အစစအရာရာ ကူညီပြင်ဆင်ပေးမှာ ဖြစ်သည်။ ဆရာမ၏နောက်ကွယ်မှာ မာန် အလွန်သိချင်သော မာန့်ရဲ့ ကျေးဇူးရှင်တစ်ယောက်ရှိနေခဲ့သည်။ မာန် သိခွင့်ရရုံမှအပ သူ ဘယ်သူလဲဆိုတာကိုတော့ မာန် ဘယ်လိုမှ ခန့်မှန်းလို့ပင် မရနိုင်ခဲ့ပါ။ ဆရာမကလည်း ပြောပြမည့်ဟန် မရှိ။ တစ်ဘက်သားအပေါ် သစ္စာစောင့်သိပုံ ရပါသည်။ မာန်ကတော့ တစ်နေ့နေ့ သိခွင့်ရလိမ့်မည်ဟု မျှော်လင့်ထားဆဲ။

×××







သူရွေးချယ်သော ဆိုင်ကလေးက တိတ်တိတ်ဆိတ်ဆိတ်ရယ်။ ဂီတသံ ငြိမ့်ငြိမ့်ကလေးသာ စီးဆင်းနေသည်။ မာန့်ရင်ထဲ တစ်မျိုးကလေး ခံစားနေရပါ၏။ အခုလိုမျိုး ယောကျ်ားလေး တစ်ယောက်နှင့် နှစ်ယောက်တည်းမှ မဆုံဖူးဘဲ . . .။ ရင်ထဲမှာ ခါတ်တစ်မျိုး ဖြတ်စီးနေသလို လျှပ်စစ်လှိုင်းအနုစားကလေးတွေ ရှိန်းမြမြ ကျဉ်တင်တင် စီးဆင်းနေသည်။ နှစ်ယောက်စလုံး စကားတွေအများကြီး ပြောချင်နေပြီး ဘာစကားမှလည်း မထွက်တော့ပြန်။ ပြောမယ်ဆိုတော့လည်း နှစ်ယောက်စလုံး ပြိုင်တူ ပြောမိကြသည်။ ပြီးမှ နှစ်ယောက်စလုံး ရယ်မိကြကာ သူက မာန့်ကို အရင်ပြောစေသည်။

"ဟင့်အင်း . . .၊ ဖွဲ့ပဲ အရင်ပြောတော့၊ ဖွဲ့ပြောမှာကို ကျွန်မ ပိုနားထောင်ချင်တယ်"





www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ . . . ဒါဆို ကိုယ်ပြောမယ်၊ ကိုယ် NUS တက်ဖို့ Scholarship ရတာ မာန် သိပြီးသားနော်၊ အဲဒါ ဒီတစ်လ အတွင်း ထွက်ဖို့ စီစဉ်ရမယ်"

မာန့်မျက်လုံးတွေ အဝိုင်းသားဖြစ်သွားရသည်။ ဘယ်လောက် အံ့ဩဖို့ကောင်းထားတဲ့ တိုက်ဆိုင်မှုပါလဲ။

"ဘာဖြစ်လို့လဲ မာန် . . . အံ့ဩသွားတာလား၊ မာန် ပြောမယ်ဆိုတာလေးကို အခု ပြောပြပါလားဟင်"

သူက ချက်ချင်း ရိပ်မိပါသည်။

"ကျွန်မလည်း စင်္ကာပူမှာ Design School ဆက်တက်ခွင့်ရတယ်၊ ဆရာမ ယူကီက အားလုံး စီစဉ်ပေးမှာ၊ ဒါပေမယ့် သူ့နောက်ကွယ်မှာ Sponsor တစ်ယောက် ရှိတယ်၊ သူက သူ ဘယ်သူလဲဆိုတာ ကျွန်မကို သိခွင့်မပေးဘူး၊ အဲဒါကို ဖွဲ့သိပြီးသားနော် . . . ကျွန်မလည်း ဒီတစ်လအတွင်း လောက်ပဲ သွားဖြစ်ချင် သွားရမှာကို ဆရာမ ပြောထားတယ်"

"တကယ်လား မာန်၊ ဒါဆို ကိုယ်တို့ စင်္ကာပူမှာ ပြန်ဆုံကြဦးမှာပေါ့၊ စင်္ကာပူက သေးသေးလေးရယ်၊ ရှောင်လို့ လွတ်မှာ မဟုတ်ပါဘူး၊ ဟုတ်တယ်မှုလား မာန်"





"ဟုတ်မှာပေါ့ . . . ၊ ကျွန်မ ဘယ်သိပါ့မလဲ"

မာန့်စိတ်ထဲ တကယ်ပဲ ပျော်သွားမိသည်။ ဒါဆို သူနဲ့ ဝေးမသွားသေးဘူးပေါ့။ နီးသထက်တောင် နီးလာဦးတော့မှာပါလား။ အဲဒီလောက် တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံခွင့် ရလိမ့်မည်ဟု ထင်မထားမိပါ။

"ကိုယ့်ရင်ထဲမှာ ရှိနေတာလေးကို ရင်ဖွင့်ချင်နေတာ၊ မာန် နားထောင်မလားဟင်"

"အင်း . . ."

မာန့် အသံက အလိုလို တိုးကျသွားခဲ့သည်။ သူ ဝန်ခံမှာကို မာန် သိနေသလိုပဲ။ ထိုအခြေအနေကို မာန် မတားချင်မိပါ။ မာန်ကိုက သိချင်နားထောင်ချင်နေခဲ့ပါသည်။

"ကိုယ် တစ်ခုတော့ ပြောချင်တယ် . . . ညညတွေ ကိုယ် ကောင်းကောင်း အိပ်ပါရစေကွာ"

သူ့အသံက ညည်းညူသံလိုလို။

"ဟင် . . . ဘာဖြစ်လို့လဲ"

"ကိုယ် အိပ်နေရင်းကနေ မာန့်အကြောင်းတွေးပြီး မျက်လုံးတွေ ကြောင်ကြောင်သွားတတ်တာ တစ်ပတ်လောက်ရှိပြီ၊ ဘယ်လိုမှ ပြန်အိပ်လို့မရတော့ဘူး၊ အိပ်ဖို့ ဖွတ်ပြန်အိပ်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုက စိတ်ပင်ပန်းစရာ၊ အတွေးထဲမှာ မာန့်အကြောင်းတွေပဲ ပြည့်နေတယ်၊ ဘာတွေတွေးနေမိမှန်းလည်း မသိဘူးကွာ၊ အဲဒါကို ဝန်ခံချင်တာပါ၊ ခုတလော ကိုယ်ဘာပဲလုပ်လုပ် မာန့်ကိုပဲ ခဏခဏ သတိရနေတတ်တယ်၊ အဲဒါဆိုရင် မာန့်ကို တွေ့ရအောင် မာန်ရှိတဲ့နေရာကို ဖွတ်ပြေးလာတွေ့ချင်မိတာပဲ၊ ကိုယ် ဘာတွေ ဖြစ်နေမှန်း မသိတော့ဘူးကွာ၊ မာန်ရော အဲဒီလိုဖြစ်လားဟင်"

"ဟင် . . . "

မာန် မျက်ခုံးကလေး အတွန့်ချိုးကာ သူ့ကို ပြန်ကြည့်မိသည်။ သူ မေးပုံက မာန့်ကို အငိုက်မိသွားအောင် ခြိုးခြံတိုက်ခိုက်ပုံမျိုးပါလား။ မာန် ကိုယ်တိုင်လည်း အဲဒီ ဝေဒနာမျိုး ခပ်ဆင်ဆင် ခံစားနေရတော့ မလုံမလဲတော့ ဖြစ်သွားမိပါသည်။ ရှက်ကိုးရှက်ကန်းပြုံးမိကာ . . .

"မသိဘူးလေ . . . ၊ ဘာတွေလာမေးနေတာတုံး"

ဟု ခပ်ဆတ်ဆတ်ကလေးဖြေမိရင်း . . . ပါးပြင်နှစ်ဖက်မှာ ပူနွေးမှုကို ခံစားရသည်။

"သြော် . . . ဆန်းစစ်ကြည့်တဲ့သဘောပါ၊ ကိုယ်လည်း ဖြစ်တယ်ဆိုတော့ မာန်များဖြစ်နေမလားလို့ပါ၊ တစ်ခါတစ်ခါ လူနှစ်ယောက်ဟာ စွဲလန်းမှုကလေးတွေ ဖြစ်လာတဲ့အခါ စိတ်ချင်းဆက်နေသလို telepathy လေးတွေ ရှိလာတတ်တယ်လေ၊ ကိုယ့်မှာတောင် ဒီလောက်ဖြစ်နေရင် မာန့်ဆီမှာများ နည်းနည်းပါးပါး လာရိုက်ခတ်နိုင်မလားလို့ပါ"

"ပြောပြနိုင်ပါဘူး . . . "

မာန်က သူ့ကို မျက်စောင်းကလေးချိုပြီး ခပ်ညစ်ညစ်ဆိုမိသည်။ သို့ပေမယ့်လည်း မာန့်အမူအရာမှာ ထူးခြားမှုတွေ ပြောင်းလဲမှုတွေရှိနေတာကိုတော့ သူ မရိပ်မိဘဲနေမှာ မဟုတ်ပါ။

"မပြောချင်လည်း မပြောပါနဲ့လေ၊ နောက်တော့ စိတ်ပါမှ ပြောပြပါ၊ ကိုယ်ကတော့ ပြောပြချင်တယ်၊ လူနှစ်ယောက်ဟာ ဖုန်းစကားနဲ့ပြောရရင် ဆက်သွယ်မှု ဧရိယာအတွင်းမှာ ရောက်ရှိနေမှပဲ ခေါ်ဆိုလို့ရနိုင်တာပါ၊ မာန် ဒီဧရိယာ အတွင်းမှာရောက်နေပါစေလို့ပဲ ကိုယ် ဆုတောင်းပါတယ်၊ ဒါမှ ကိုယ် အချိန်မရွေး လှမ်းဆက်ခေါ်နိုင်မှာလေ၊ စကားတွေလည်း အများကြီးပဲ ပွားမနေချင်ပါဘူး၊ တစ်ခွန်းလောက်ဆိုရပါပြီ"

မာန် မပြုံးဘဲမနေနိုင်။ သူ ပရိယာယ်ကြွယ်စွာ စကားကို လှည့်ပတ်ဆွဲဆောင်ပြောနေတာကိုပဲ သဘောကျမိပါသည်။







www.burmeseclassic.com

www.burmeseclassic.com



စကားပြောကောင်းသူတစ်ယောက်ရဲ့ ပညာသားပါပါ စကားတွေကို နားထောင်နေရတာလည်း သာယာတိမ်းညွတ်ဖွယ် ကောင်းပါသည်လေ။

"နားထောင်မှာလား မာန်၊ ကိုယ် မာန့်ကို ဖုန်းခေါ်နေပြီ၊ ဆက်သွယ်မှုဇရိယာအတွင်းမှာဆို ဖုန်းကိုင်လိုက်တော့လေ"

"ဟာ . . . ဘာမှန်းလည်းမသိဘူး၊ အဆင့်က မြင့်လိုက် တာ၊ ကျွန်မ လိုက်လို့မမီတော့ဘူးရှင်၊ ဖုန်းမှ မရှိတာ ဘယ်လိုကိုင်ရမှာတုံး"

"ဒီမှာလေ . . . ကိုယ့်ကိုကြည့်"

သူက လက်မနှင့် လက်သန်းကလေးသာ ထောင်ထားပြီး သူ့လက်ကို ဖုန်းသဖွယ် လုပ်ပြထားသည်မို့ မာန့်မှာ ရှက်ကလည်းရှက် . . . ရူးကြောင်ကြောင်တွေ လျှောက်လုပ် နေပါလား ဟုလည်း မတွေးရက်စွာ ရှက်ကိုးရှက်ကန်းကြီးဖြင့်ပင် သူ့ပုံစံအတိုင်း လက်ဆယ်လူလာဖြင့် နားထောင်ဟန်ပြင်ရသည်။ သူကတော့ မာန့်ကို ညို့ခေါ်နေသည့်အတိုင်းပင်။ သူ ဆွဲဆောင်ရာ နောက်သို့ တသဝေမတိမ်း လွင့်မျောလိုက်ပါလို့။

"ရိုးရိုးလေးပါ . . . ကိုယ် မင်းကို ချစ်တယ် မာန် . . . မင်း အခုရောက်နေတဲ့ ဆက်သွယ်မှု ဇရိယာဆိုတာ တကယ်







တော့ သေသေချာချာ နာမည်တပ်ရင် ချစ်ခြင်း၏ဇရိယာအတွင်းမှာပေါ့ . . . ဘယ်လိုလဲ မာန်၊ ကိုယ် မင်းကို ခေါ်လို့ရရဲ့လား"

သူ ပြောပုံက ကဗျာဆန်လွန်းသဖြင့် မာန်တောင် အသက်ရှူဖို့ မေ့လျော့သွားမိပါသည်။ နှလုံးသားတစ်ခုလုံးလည်း ရင်ဘတ်ထဲမှာ ပြောင်းဆန်စွာ ယိမ်းထိုးခုန်ပေါက်လျက်ရှိပြီ။ မျက်နှာတစ်ခုလုံးလည်း ထူပူရှက်အန်းနီမြန်းနေမှာ သေချာပါရဲ့။ တစ်ခုခုတော့ ပြန်ပြောချင်ပါသည်။ ဘာပြောရမှန်း မသိချေ။

"ကိုယ့်အသံကို ကြားရလား မာန်"

"အင်းလေ၊ ကြားရသားပဲ"

"ဟား . . . ဒါဆို ကိုယ် မင်းကို ခေါ်လို့ရတဲ့သဘောပေါ့၊ ခေါ်လို့ရတယ်ဆိုကတည်းက မင်း ချစ်ခြင်း၏ ဇရိယာအတွင်း ရောက်ရှိနေတာပေါ့နော်၊ ကိုယ် အဲဒီလို ယူဆလိုက်ရမလားဟင်"

"အို . . .၊ အဲဒါတော့ ရှင်ဉာဏ်များတာ သိလား၊ သက်သက်လူလည်ကျတာ . . . စကားကို ပြောတတ်တိုင်း လိုသလို ဆွဲယူပြောနေတာ ရှင် လူလည်"

"ကြည့်စမ်း . . .၊ မာန့် မျက်နှာကလေး နီရဲနေတာပဲ၊





www.burmeseclassic.com

www.burmeseclassic.com



ရှက်နေတာလား၊ အင်းလေ . . . ခု ရှက်နေတယ်ဆိုလည်း ဖုန်းမဖြေရင် မဖြေပါနဲ့ဦး မာန်ရယ်၊ ဒါပေမယ့် တစ်ခုတော့ တောင်းပန်ထားပါရစေ၊ ချစ်ခြင်းရဲ့ ဧရိယာအတွင်းမှာ တော့ အမြဲရှိနေပေးပါနော်၊ ဆက်သွယ်မှု ဧရိယာပြင်ပကို တော့ ရောက်မသွားပါနဲ့နော်"

"ပြောတတ်ဘူး၊ ဒါကတော့ ဆက်သွယ်မှု connection ကောင်းဖို့လည်း လိုသေးတာပေါ့"

"အို . . . connection အတွက်တော့ လုံးဝ စိတ်ချ၊ ကိုယ့်ဆီကနေ လွှင့်ထားတဲ့ wiring က မာန့်တစ်ယောက်တည်းအတွက်ပဲ သီးသန့်လွှတ်ပေးထားတာဆိုတော့ စိတ်ကြိုက်ပဲ၊ တခြားလူ လိုင်းလာချိတ်လို့ မရဘူးလေ၊ ခွင့်မပြုဘူး"

"ဖွဲ့ရယ်၊ ကျွန်မ ရှင့်ကို စကားနိုင်အောင် မပြောနိုင်တော့ပါဘူး၊ အလေးပြုပါတယ်"

မာန်က တကယ်ပဲ သူ့ကို အလေးပြုလိုက်သည်။ သူ့မျက်ဝန်းတွေဆီက တောက်ပထက်သန်မှုတွေသည် မာန့် ရင်တွင်းဆီသို့ လှပနက်ရှိုင်းစွာ ထွင်းဖောက်စီးဝင်လာခဲ့သည်။ မာန် ကိုယ်တိုင်လည်း ဒီချစ်ခြင်းဧရိယာစက်ကွင်းကလေးထဲကနေ ဘယ်ကိုမှ ရုန်းမထွက်ချင်တော့ပါလေ။







BURMESE CLASSIC .com

သဝဏ်နှင့်ဩသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးမိကြသည်။ သူတို့စားပွဲကလေးနှင့် ကျောချင်းကပ်မှာ ထိုင်နေကြခြင်းမို့ သူတို့ မမြင်နိုင်ပါ။ ထိုင်ခုံတွေက နောက်မှီမြင့်မြင့်ဆိုဖာတွေ ဖြစ်သောကြောင့် ဖြစ်ပါသည်။

"ဒီကောင် ကိုယ် ထင်ထားတာထက်တောင် သွက်နေသေးတယ်နော်၊ cellular စကားက ကိုယ်က စ, ပြောခဲ့တာပါ၊ ဘယ်လိုလုပ်ပြီး သူ့ ပါးစပ်ထဲ ရောက်သွားပါလိမ့်၊ အံ့ဩလို့ကို မဆုံးဘူး၊ ကိုယ်နဲ့သူ အတွေးစိတ်ကူးချင်း သွားတူနေတယ်"

ဩက တစ်ဘက်က မကြားအောင် လေသံတိုးတိုးကလေးနှင့် ပြောသည်မို့ သဝဏ်က ပါးစပ်ကလေးအုပ်ကာ အသာရယ်မိသည်။





www.burmeseclassic.com

www.burmeseclassic.com



"ဒီပုံအတိုင်းဆို game over နော် . . . သဝဏ်၊ ကိုယ်နိုင်တယ်လို့ ပြောရမယ်"

"ကဲ . . . ကဲ သဝဏ်တို့ ထွက်ကြစို့၊ သူတို့ ထွက်မလာခင် လစ်မယ်လေ"

သဝဏ်က ဩ လက်ကိုဆွဲကာ ပိုက်ဆံရှင်းခဲ့ပြီး ဆိုင်ထဲမှ ဦးအောင်လစ်ထွက်ခဲ့ကြသည်။ သူတို့နှစ်ယောက် မသိအောင် တမင်သက်သက် နောက်ယောင်ခံပြီး လိုက်လာရကျိုးနပ်သွားပြီမို့ သဝဏ်က ပျော်နေမိသည်။ ဒီ ပျော်ရွှင်မှု ပီတိမျိုးကို ဘယ်နေရာကနေမှ ဈေးကြီးကြီးပေးပြီး ဝယ်ယူလို့ မရနိုင်ပါ။ ကိုယ်ကိုယ်တိုင်က ကံကြမ္မာတစ်ခုသဖွယ် ဖန်တီးပြီး လူသားနှစ်ယောက်၏ ဘဝကလေးနှစ်ခုကို ပြောင်းလဲဖန်တီးပေးဖြစ်ခဲ့သော ဒီအဖြစ်အပျက်ကလေးကို သဝဏ်တို့ သက်တမ်းတလျှောက် ဘယ်တော့မှ မမေ့မလျော့ အမှတ်တရ ရှိနေတော့မည်။ ဘယ်အချိန်မှာပဲဖြစ်ဖြစ် ဒီအကြောင်းကို နှစ်ယောက်သား ပြန်ပြောမိလေတိုင်း ခံစားရရှိကြမည့် ပီတိသုခသည် ဘာနှင့်မှ တန်ဖိုးဖြတ်လို့မရနိုင်သော အကျိုးအမြတ်ပဲ ဖြစ်ပါသည်။ တစ်စုံတစ်ဦးကို ဘာတုန့်ပြန်မှုမှ မမျှော်လင့်ဘဲ သူ့ဘဝ ပြည့်ဝသွားအောင် အဓိပ္ပာယ်ရှိသွားအောင် ဖန်တီးဖြည့်စွမ်းပေးလိုက်ရခြင်းအတွက် ကိုယ်ပြန်ရလိုက်တာက တစ်သက်







တာ ပျော်ရွှင်မှုဆုပဲ ဖြစ်တော့သည်။ သူ့မဘဝကလေး တိုးတက်မြင့်မားအောင်မြင်လာသည်နှင့်အမျှ သဝဏ့်ပျော်ရွှင်မှုပီတိ ကျေနပ်နှစ်သိမ့်မှုတို့ကလည်း အတိုင်းအဆမရှိ Infinity ထိ ဖြန့်ကျက်သွားတော့မည်ဖြစ်ပါ၏။ သဝဏ်နှင့်ထပ်တူ ပျော်ရွှင်မှုမျိုးကို ဩ၏ မျက်နှာပေါ်မှာ တွေ့နေရပါသည်။

အတူတူ လက်တွဲကာ လျှောက်လာခဲ့ကြပြီး ကားနားရောက်ချိန်မှာ သဝဏ် စိတ်ကူးတစ်ခုရလိုက်သည်။ ထိုစိတ်ကူးနှင့်အတူ သဝဏ့်လက်ထဲက လက်စွပ်ကလေးကို ဩ မသိအောင် လွှတ်ချလိုက်ပါသည်။

"ဟောတော့ . . . ကျသွားပြီ ဩ"

"ဟ . . . ဘာလေးလဲ"

ဩကလည်း ပလက်ဖောင်းထက်ဆီမှာ ကျသွား သောလက်စွပ်ကလေးကို ဘုမသိ ဘမသိ ကမန်းကတန်း ပြန်ကုန်းကောက်ပေးပါသည်။ ဒါပေမယ့် လည်လွန်းသော ဩက လက်စွပ်ကလေးကိုမြင်သည်နှင့် ချက်ချင်းကို မှတ်မိသလို သဘောပေါက်လည်းလွယ်သူဖြစ်ပါ၏။ ကုန်းကောက်လိုက်ပြီး ဒရောထိုင်လိုက်ကာ ဒူးလေးတစ်ဘက်ထောက်ပြီး "Will you marry me?" ဟူသော စကားကို ဒုတိယမြောက် ပြန်မေးဖို့ လုံးဝ မမေ့။ သဝဏ်သည်





www.burmeseclassic.com

www.burmeseclassic.com

သဘောကျလွန်းစွာပြုံးလျက် ဒီတစ်ခါတော့ "Yes" ဟု ခပ်တိုးတိုး ပီပီသသ ပြောလိုက်မိလေသည်။ သြ မျက်နှာပေါ်က အပြုံးလောက် လင်းလက်စူးရှမှုကို ဘယ်လိုအရာကမှ လိုက်မမီနိုင်တော့။ သြက မှတ်တပ်ရပ်ကာ သဝဏ်လက်သူကြွယ်ကလေးဆီ အသာအယာ ညင်သာစွာ စွပ်ပေးလိုက်ချိန်မှာတော့ သဝဏ်ကို ဘယ်လို အရာ မျိုးကမှ အခုလောက် ဆွဲဆောင်ညို့မြူနိုင်စွမ်းမရှိတာကို သာယာ ယစ်မူးစွာ ဝန်ခံမိတော့လေသည်။

စိတ္တသုခ၊ ကာယသုခနှင့် ပြည့်စုံနိုင်ကြပါစေ . . .


မေတ္တာအားဖြင့် . . .

လွန်းထားထား (ဆေးတက္ကသိုလ်)

8-12-2010








www.burmeseclassic.com